# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၀၀)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ သတင်းစဉ်

**ဟနွိုင်း မေ ၁၉**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးဆက်အောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန

*စာမျက်နှာ ၄ ကော်လံ ၁*

## နိုင်ငံပိုင် သတင်းစာများ၏ အခန်းကဏ္ဍ

ဆောင်းပါး စာ » ၉

## ဆီးရီးယားအရေးနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မှုကြမ်းကို ရုရှား စိတ်ဝင်စားဟန် မပြ

နိုင်ငံတကာ စာ »၁၄




အမှတ် (၇)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

မြန်မာ့အလင်း

# ခရက်ဒစ်ဗျူရို

နိုင်ငံတော်၏သမ္မတ ဦးဝင်းမြင့်က ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သော မြန်မာနှစ်သစ်ကူးမိန့်ခွန်းတွင် ခရက်ဒစ်ဗျူရို **(Credit Bureau)** အား တစ်လအတွင်း ထူထောင်ခွင့်ပြုသွားမည်ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။ခရက်ဒစ်ဗျူရိုဆိုသည်မှာ ဘဏ်များသို့ ချေးငွေလျှောက်ထားသော ကုမ္ပဏီများအနက်မှ မည်သည့်ကုမ္ပဏီတို့အား ချေးငွေပေးသင့်သည်၊ မည်သည့်ကုမ္ပဏီတို့ကို ချေးငွေမပေးသင့်ဟု ထောက်ခံတင်ပြသောအဖွဲ့အစည်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ခရက်ဒစ်ဗျူရိုသည် ဘဏ်တို့က ကုမ္ပဏီတို့အား ချေးငွေ ထုတ်ပေးရာ၌ မှန်ကန်လွယ်ကူမြန်ဆန်စေရန် ထောက်ပံ့ပေးသော အဖွဲ့အစည်း ဖြစ်ပါသည်။

သို့သော် ခရက်ဒစ်ဗျူရိုအနေဖြင့် ၎င်းတို့၏ ထောက်ခံတင်ပြမှုများကို ထိထိရောက်ရောက်တင်ပြနိုင်ရန် မှန်ကန်သော အချက်အလက်တို့ လိုအပ်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ ခရက်ဒစ်ဗျူရိုသို့ မှန်ကန်သော အချက်အလက်တို့တင်ပြပေးပို့ရန် တာဝန်ရှိသူတို့မှာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီကြီးငယ်တို့ ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူတို့၏ တင်ပြမှုအရ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တို့၏ လုပ်ငန်းဆိုင်ရာ အချက်အလက်များ စနစ်တကျ ထားရှိထိန်းသိမ်းမှုမှာ များစွာအားနည်းနေဆဲ ဖြစ်ပါသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ လုပ်ငန်းဆိုင်ရာ အချက်အလက်တို့ကို မှန်မှန်ကန်ကန်မှတ်တမ်းတင်ရမည်သာမက စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်းလည်း ရှိရမည်ဖြစ်ပါသည်။ ထို့မျှမက ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့လုပ်ငန်း၏ အနာဂတ်လုပ်ငန်းအစီအစဉ်တို့ကိုလည်း ကြိုတင်ရေးဆွဲ ပြင်ဆင်နိုင်စွမ်းလည်းရှိရမည် ဖြစ်ပါသည်။

ခရက်ဒစ်ဗျူရိုသည် အထက်၌ တင်ပြထားသည့် အချက်အလက်တို့အား စနစ်တကျထိန်းသိမ်းစီမံခန့်ခွဲနိုင်စွမ်းရှိသည့် ကုမ္ပဏီတို့ကို ချေးငွေထုတ်ပေးရန်ဘဏ်များသို့ စိတ်ချလက်ချ ထောက်ခံတင်ပြပေးနိုင်မည် ဖြစ်ပါသည်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေရရှိနိုင်ရန် ခရက်ဒစ်ဗျူရိုသို့ မမှန်ကန်သောအချက်အလက်တို့ကို တင်ပြပါက ရေရှည်ဖွံ့ဖြိုးနိုင်စွမ်းကို စွန့်လွှတ်ရမည်ဖြစ်သကဲ့သို့ ခရက်ဒစ်ဗျူရိုအား မလိုလားအပ်သော အပိုလုပ်ငန်းတို့ကို လုပ်ဆောင်စေသည့်သဘော သက်ရောက်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော စာရင်းဇယားအချက်အလက်တို့အား စနစ်တကျထားရှိ ထိန်းသိမ်းစီမံခန့်ခွဲရေးကို ထိပ်တန်းဦးစားပေးအဖြစ်သတ်မှတ်လျက် ကြိုးပမ်းအကောင်အထည်ဖော်ကြရတော့မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းတို့၏ ချေးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဂျိုက်ကာ **(JICA)** ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းတို့၏ အကူအညီကိုလည်း ရယူလျက်ရှိပါသည်။ ချေးငွေရရှိခဲ့သော ပြည်တွင်းကုမ္ပဏီတစ်ခုသည် စနစ်တကျစီမံခန့်ခွဲမှုအား ပြောင်းလဲအကောင်အထည်ဖော်သကဲ့သို့ နည်းပညာနှင့်ဈေးကွက်ဖော်ဆောင်မှုကိုပါ ရယူဖန်တီးခဲ့သောကြောင့် ပြည်ပမှ တင်သွင်းလာသည့် ကုန်ပစ္စည်းများနှင့် ပင် ယှဉ်ပြိုင်နိုင်သည့်အနေအထားသို့ ရောက်ရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအနေဖြင့် ခရက်ဒစ်ဗျူရို၏ စွမ်းပကားတို့ကို ထိထိရောက်ရောက်အသုံးချနိုင်ရေးအတွက် ယခုအချိန်မှစ၍ စီးပွားရေးစာရင်းဇယားအချက်အလက်တို့အား စနစ်တကျထိန်းသိမ်းစီမံခန့်ခွဲနိုင်ရေးကို ဦးတည်ကြိုးပမ်းကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

## မိုးဆက်လက် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၉/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

**မကွေးတိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၊ပုဒ်မ ၅၆ ၊ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမော်ဌေး | စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | ဦးမြင့်ဆွေ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |

(ပုံ)ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဂျပန်နိုင်ငံနှင့် နည်းပညာအလုပ်သင် သင်တန်းသားစေလွှတ်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

**နေပြည်တော် မေ ၁၉**



အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဝန်ကြီးဌာနတို့အကြား နည်းပညာအလုပ်သင်သင်တန်းသား စီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာကို မေ ၁၉ ရက်က နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးခဲ့သည်။

နားလည်မှုစာချွန်လွှာကို ဂျပန်နိုင်ငံ ဝန်ကြီးဌာနသုံးခုမှ ဝန်ကြီးများက မတ် ၁၉ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပြီး ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ကိုယ်စားလှယ်များက သံတမန်နည်းလမ်းဖြင့် နေပြည်တော်သို့ ယခုကဲ့သို့ လာရောက် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်အတွက် နည်းပညာအလုပ်သင် သင်တန်းသားများကို ဂျပန်နိုင်ငံသို့ စေလွှတ်ရန်၊ ဂျပန်နိုင်ငံ ဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ ဝန်ကြီးဌာနတို့အကြား ကတိကဝတ်များ ထားရှိချမှတ်ခြင်းဖြင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ အဆင်ပြေချောမွေ့စွာ လွှဲပြောင်းပေးရန် ရည်ရွယ်ကြောင်း ဂျပန်နိုင်ငံဘက်က ရည်ရွယ်ထားသည်။

ထို့အတူ မြန်မာအလုပ်သမားများအား ဂျပန်နိုင်ငံသို့ နားလည်မှုစာချွန်လွှာနှင့်အညီ မကြာမီ စတင်စေလွှတ်နိုင်တော့မည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် နည်းပညာအလုပ်သင် သင်တန်းသားစီမံချက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစာချွန်လွှာကို မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ လာအိုနှင့် မွန်ဂိုလီးယား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ စသည့် နိုင်ငံများနှင့်လည်း လက်မှတ်ရေးထိုးထားသည်။

ပထမဆုံး ဆောင်ရွက်မှုအရ မြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့် သက်သာချောင်ချိရေး ဝန်ကြီးဌာနတို့အကြား ကနဦးအစည်းအဝေးနှင့် ဂျပန်နိုင်ငံသို့ အလုပ်သမား စေလွှတ်သည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင် အေဂျင်စီများနှင့် ဆွေးနွေးပွဲတစ်ရပ်ကိုလည်း မကြာမီ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-သော်တာဝင်း**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၉-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၀ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၁ ・ ၅ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၆ ・ ၉ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၁ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・ ၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ・ ၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက်များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူးဘယ်လောက် ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် မေ ၁၉**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုဓ်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေး ခရီးထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးမှ Deputy Chief of Mission ဖြစ်သူ Mr. Le Gia Thinh နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

သတင်းစဉ်

# မြန်မာနိုင်ငံတွင် မြန်မာ-နီပေါ ချစ်ကြည်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်မည့်အခြေအနေများ ဆွေးနွေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကာလာဒါရ်(ခ)ဦးမောင်ဝင်းနှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကာလာဒါရ်(ခ) ဦးမောင်ဝင်းနှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မြန်မာ-နီပေါချစ်ကြည်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အပြန်အလှန်ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအတွင်းမည်သူမဆို တရားဥပဒေနှင့်အညီ အေးချမ်းစွာနေထိုင်နိုင်သည့် အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန်ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုတို့ မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုက ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ်တို့သည် မြန်မာ- ဗီယက်နမ်နှစ်နိုင်ငံ အစိုးရအဖွဲ့ဝင်များအား အပြန်အလှန်မိတ်ဆက်ပေးကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**နှစ်နိုင်ငံဆွေးနွေး**

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးဆက်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်သမ္မတဟိုချီမင်းလက်ထက်တွင် စတင်သန္ဓေတည်ခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင်များအဆက်ဆက်နှင့် ပြည်သူများမှ လက်ဆင့်ကမ်းခဲ့ကြသော မြန်မာ- ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြသည့် အစဉ်အလာနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများကိုလည်းကောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွင် အပြုသဘောဆောင်သော တိုးတက်မှုများ အထူးသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်နိုင်ခဲ့ခြင်းကိုလည်းကောင်း သုံးသပ်ပြောကြားခဲ့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေးစသည့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်သူများအကြားအပြန်အလှန် ထိတွေ့ဖလှယ်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**နားလည်မှုစာချွန်လွှာ**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

**အပြန်အလှန် လက်မှတ်ရေးထိုး**

လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်တို့ရှေ့မှောက်၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖန်းသမ်းတို့က မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စာတိုက်၊ ဆက်သွယ်ရေး၊ သတင်းအချက်လက်နှင့် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖန်းသမ်းတို့က *စာမျက်နှာ ၅ သို့*

*❀ ရှေ့ဖုံးမှ*

ဒုတိယဝန်ကြီး Mr.Dang Dinh Quy၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Mrs. Luan Thuy Duong၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဇနီး၊ စစ်သံမှူးဗိုလ်မှူးကြီး အောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Grand Plaza ဟိုတယ်သို့ ရောက်ရှိကြသည်။

**လွမ်းသူ့ပန်းခွေချ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သူရဲကောင်းစစ်သည်ဗိမာန်သို့ရောက်ရှိပြီး လွမ်းသူ့ပန်းခွေချဂါရဝပြုသည်။


**ခရီးဦးကြိုဆိုနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သည့်ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့တက်ရောက်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုက ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဂုဏ်ပြုတပ်ဖွဲ့က မြန်မာ - ဗီယက်နမ် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများတီးမှုတ်၍ အလေးပြုသည်။

**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုနှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ ရှေ့မှောက်၌ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီး မစ္စတာ ဖန်းသမ်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။ သတင်းစဉ်

စာမျက်နှာ ၄ မှ

နှစ်နိုင်ငံအကြား ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကိုလည်းကောင်း အပြန်အလှန် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် International Conference Center ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရာ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

ညစာစားပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများပြောကြားကြပြီး ညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာ သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အနုပညာရှင်များက တေးဂီတများဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **သတင်းစဉ်**

## ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ၌ ပြည်တွင်း ပြည်ပခရီးသွားများ စည်ကားနေ

**နေပြည်တော် မေ ၁၉**

သစ်ထုတ်ရေးဒေသအသီးသီးရှိ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးအခြေပြု ခရီးသွားလုပ်ငန်း (ECBT) စခန်းများတွင် အပန်းဖြေအနားယူရန် နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်တွင်း ပြည်ပခရီးသွား ၃၁၉၀၇ ဦး ဝင်ရောက်လာမှုကြောင့် စုစုပေါင်း ဝင်ငွေကျပ် ၅၀၂၇၆၀၀၀ ရရှိကာ အထူးစည်ကားလျက်ရှိကြောင်း သိရှိရသည်။

သင်္ကြန်ရုံးပိတ်ရက်ရှည်ရသဖြင့် လွတ်လပ်ပေါ့ပါးစွာ ခရီးသွားအပန်းဖြေကြသည့် ပြည်တွင်းခရီးသွားများသည် ပလင်းကမ်းသာယာ၊ မုက္ခာ၊ ငလိုက်စခန်းသာ၊ ဝဂ်ဘော်နှင့် ဝါးနက်ဆင်စခန်းများအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆင်စခန်း ၁၉ ခုသို့ သင်္ကြန်ကာလ အပူရှောင်ရင်း အနားယူအပန်းဖြေကာ ဆင်စာကျွေးခြင်း၊ ဆင်ရေချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာ ဖြတ်သန်းကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## မြန်မာနှင့် သီရိလင်္ကာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. Kohona Walawwe Nimal Dharmakeerthi Karunaratne ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအစိုးရနှင့် သီရိလင်္ကာနိုင်ငံ အစိုးရတို့အကြား စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ ငွေရေးကြေးရေးကဏ္ဍတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်း ဖလှယ်ဆောင်ရွက်ရေး၊ ချစ်ကြည်ရင်းနှီးခိုင်မာမှုရှိစေရေးအတွက် အပြန်အလှန် အထောက်အကူပြုနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ရှင်းလင်းပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း နိဂုံးချုပ်အမှာစကားပြောကြားစဉ်။

*✱ ကျောဖုံးမှ*

ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်သော ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်၊ မြန်မာနိုင်ငံ ဘာသာပေါင်းစုံ ချစ်ကြည်ရေးအသင်းမှ ဦးတင်မြင့်၊ ဦးသန်းလွင်၊ ဒေါက်တာလှထွန်း၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

**ရွေးချယ်စိစစ်အတည်ပြု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအစီအစဉ်ကို မိမိတို့အနေဖြင့် ဆောလျင်စွာနှင့် ထိရောက်မှုရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အချိန်မီဆောင်ရွက်နိုင်ရေးအတွက် ပြန်လာရန် ဆန္ဒရှိသူများဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူ ဟိန္ဒူဘာသာဝင် ၅၀၀ ကျော်ကို မိမိတို့အစီအစဉ်ဖြင့် ရွေးချယ်စိစစ်အတည်ပြုခဲ့ပြီးဖြစ်ကြောင်း။

**မည်သည့် ပြန်ကြားချက်မျှ မရရှိသေး**

ဘင်္ဂလားဒေ့ရှ်ဘက်မှ သက်ဆိုင်ရာတာဝန်ရှိသူများက အဆိုပါဟိန္ဒူဘာသာဝင်များကို ပြန်လည်ပို့ဆောင်မည့် ပထမအသုတ်၏ နောက်ဆုံးအပိုင်းတွင်မှ ပြန်လည်ပို့ဆောင်မည်ဟု မိမိတို့အား ပြောကြားခဲ့ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဘက်မှ စိစစ်အတည်ပြုပြီးသည့် မွတ်စလင် ၇၅၀ စာရင်းနှင့်အတူ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ခဲ့ကြောင်း၊ မည်သည့် ပြန်ကြားချက်မျှ မရရှိသေးကြောင်း။

**မေတ္တာရပ်ခံ တောင်းဆိုခဲ့**

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း သွားရောက်ခဲ့သည့် ပြည်ထဲရေးဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံခရီးစဉ်အတွင်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူ ၈၀၃၂ ဦးအတွက် ဖြည့်စွက်ထားသည့် ဖောင်ပုံစံများကို မြန်မာကိုယ်စားလှယ်အဖွဲ့မှ လက်ခံရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါပုံစံများအား ချက်ချင်းစိစစ်ခဲ့ရာ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ လက်တွေ့အသုံးချအစီအစဉ် (Physical Arrangement for Repatriation of Displaced Myanmar Residents from Bangladesh) အရ နှစ်ဖက်သဘောတူညီထားသည့်ပုံစံအတိုင်း ဖြည့်စွက်ထားခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ အထူးသဖြင့် အဆိုပါပုံစံများတွင် လက်မှတ်၊ လက်ဗွေရာများနှင့် သင့်လျော်ကောင်းမွန်သည့် ဓာတ်ပုံများ ပါဝင်လာခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ စိစစ်ရာတွင် အခက်အခဲရှိ၍ နေရပ်စွန့်ခွာသူများက ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် မှန်မှန်ကန်ကန် ဖြည့်စွက်ထားသည့် ပုံစံများကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ပြန်လည်ပေးပို့ပေးပါရန် ဘင်္ဂလားဒေ့ရှ်ဘက်သို့ သုံးကြိမ်တိုင်တိုင် မေတ္တာရပ်ခံတောင်းဆိုခဲ့ကြောင်း၊ ရရှိသည့် အချက်အလက်များဖြင့် မိမိတို့ဘက်အနေဖြင့် စိစစ်ခဲ့ကြောင်း၊ ၎င်းတို့ ပေးအပ်သည့် စာရင်းများထဲမှ ၆၀၀ ကျော်သည် ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့သည့် အထောက်အထားများ တွေ့ရှိခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်သို့ အသိပေးထားပြီးဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စိစစ်အတည်ပြုပြီးသော ပြန်လာရန် ဆန္ဒရှိသူများကို လက်ခံရန် အဆင်သင့်ဖြစ်နေပြီး လိုအပ်သော ပြင်ဆင်မှုများကိုလည်း ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးကို အမြန်ဆုံး စတင်လိုသည့်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး




ဒေါက်တာ အောင်ထွန်းသက် ရှင်းလင်းတင်ပြစဉ်။




ဒေါက်တာ လှထွန်း ရှင်းလင်းတင်ပြစဉ်။



ဦးတင်မြင့် ရှင်းလင်းတင်ပြစဉ်။

ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကော့ခ်ဘဇားရှိ နေရပ်စွန့်ခွာနေထိုင်သူစခန်းများသို့ သွားရောက်၍ ၎င်းတို့နှင့် တွေ့ဆုံကာ ပြန်လည်ဝင်ရောက်ရန် တိုက်တွန်းသွားခြင်းသည် သင့်လျော်ကောင်းမွန်သောနည်းလမ်းဟု ယူဆပါကြောင်း။

**ပြင်ဆင်မှုများ ရှင်းလင်းပြောကြား**

ထို့ကြောင့် ခရီးစဉ် စီစဉ်သွားရောက်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်တွင် ကုလသမဂ္ဂဌာနေညှိနှိုင်းရေးမှူးလည်း လိုက်ပါရန် ဖိတ်ကြားခဲ့ကြောင်း၊ လိုက်ပါနိုင်ခြင်းမရှိခဲ့ကြောင်း၊ နော်ဝေသံအမတ်ကြီးသည်လည်း လိုက်ပါရန် စီစဉ်ပြီးမှ လိုက်ပါမည့်သံတမန်သည် ၎င်းတစ်ဦးတည်းဖြစ်နေသည့်အတွက် လိုက်ပါနိုင်ခဲ့ခြင်း မရှိကြောင်း၊ ကော့ခ်ဘဇားခရီးစဉ်အတွင်း အဆိုပါဟိန္ဒူဘာသာဝင် ၅၀၈ ဦး၊ မွတ်စလင် ၇၅၀ နှင့် စိစစ်အတည်ပြုပြီးဖြစ်သော အဆိုပါ ၆၀၀ ကျော်တို့နှင့် တွေ့ဆုံရန် မေတ္တာရပ်ခံခဲ့သော်လည်း တွေ့ဆုံခွင့် မရရှိခဲ့သည့်အတွက် များစွာစိတ်ပျက်မိပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့ရောက်ရှိခဲ့သည့် စခန်းရှိ နေရပ်စွန့်ခွာသူများအား မြန်မာဘက်မှ ဆောင်ရွက်ထားသည့် ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခွင့် ရရှိသူများက ၎င်းတို့အနေဖြင့် ပြည်လည်လက်ခံရေးအတွက် ဖြည့်စွက်ရမည့် မည်သည့်ပုံစံကိုမျှ လက်ခံရရှိထားခြင်း မရှိကြောင်းနှင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကိုလည်း သိရှိနားလည်ထားခြင်း မရှိပါကြောင်း ပြောကြားလာကြောင်း။

**နှစ်ဖက်သဘောတူညီထားသည့်ပုံစံ**

ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့် ပြည်ထဲရေးဝန်ကြီးတို့နှင့်တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ပေးပို့ခဲ့သည့် ပုံစံများသည် နှစ်ဖက်သဘောတူညီထားသည့်ပုံစံအတိုင်း ဖြည့်စွက်ထားခြင်း မရှိကြောင်းကိုလည်း ပြောကြားခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးသည် ယင်းသို့ ဖြည့်စွက်ထားခြင်း မရှိသည်ကို ယင်းအချိန်မှ သိရှိရသည့်အတွက် မြန်မာဘက်အနေဖြင့် အံ့သြရပါကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့် ပုံစံအတိုင်း မကြာမီ ပြန်လည်ပေးပို့ပေးမည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းတို့ဘက်မှ ပေးပို့သည့် ၈၀၃၂ ဦး၏ပုံစံသည် ကာယကံရှင်များ မသိရှိဘဲ၊ ရပ်မိရပ်ဖခေါင်းဆောင်များ၏ အစီအစဉ်ဖြင့် ပေးပို့ခဲ့ခြင်းဖြစ်သည်ဟု ခရီးစဉ်အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန အရာထမ်းများ၏ အလွတ်သဘော ပြောကြားမှုအရ သိရှိရကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့် သတ်မှတ်ထားသော ပုံစံတွင် ဖြည့်စွက်ရေးသည် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် များစွာအရေးကြီးကြောင်း၊ ကော့ခ်ဘဇားရှိ စခန်းများ၏ အနေအထားသည် လွန်စွာ ဆိုးရွားသည်ဟု သိရှိရကြောင်း၊ ဆောလျင်စွာစိစစ်ပြီး ပြန်လည်လက်ခံလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။ *စာမျက်နှာ ၇ သို့*

❐ **နှစ်ဖက်သဘောတူညီထားသည့် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်ရေးသည် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရေးအတွက် များစွာအရေးကြီး၊ ကော့ခ်ဘဇားရှိ စခန်းများ၏ အနေအထားသည် လွန်စွာ ဆိုးရွားသည်ဟု သိရှိရ၊ ဆောလျင်စွာစိစစ်ပြီး ပြန်လည်လက်ခံလို**

❐ **မြန်မာစကား ကောင်းစွာပြောတတ်သူအချို့ ပါဝင်၊ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ပုံစံဖြည့်စွက်ရမည့် အချက်အလက်များကို မသိရှိကြ၊ မည်သူကမျှလည်း လာရောက်ပြောဆိုခြင်း မရှိဟု သိရှိရ၊ တွေ့ဆုံသူများအားလုံးက မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဟု ပြောကြားကြ၊ ဒါကာမြို့တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နှင့် တွေ့ဆုံခဲ့၊ ရလဒ်ကောင်းရရှိသည့် တွေ့ဆုံမှုဖြစ်၊ နှစ်ဖက်သဘောတူညီထားသည့်ပုံစံဖြင့် ပေးပို့ခြင်းမဟုတ်သည်ကို နိုင်ငံခြားရေးဝန်ကြီး သိရှိသွားခဲ့၊ ပုံစံအမှန်တွင် ဖြည့်စွက်၍ ဆောလျင်စွာ ပေးပို့ပေးမည်ဟု ပြောကြားခဲ့**

*စာမျက်နှာ ၆ မှ*

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ခရီးစဉ်သွားရောက်ရသည့် ရည်ရွယ်ချက်၊ ပြန်လည်လက်ခံရေးအတွက် အဆင်သင့်ရှိမှု၊ NVC ကတ်ကိုင်ဆောင်ခြင်း၏ အကျိုးရလဒ်များကို ရှင်းလင်းပြောကြား၍ ကော့ခ်ဘဇားခရီးစဉ်အတွင်း မိမိတို့တွေ့ဆုံရန် မေတ္တာရပ်ခံသူများနှင့် တွေ့ဆုံခွင့်မရရှိခဲ့ကြောင်း၊ နေရပ်စွန့်ခွာနေထိုင်သူများစခန်းတွင် နေရပ်စွန့်ခွာသူအချို့နှင့်တွေ့ဆုံခဲ့ကြောင်း၊ မြန်မာစကားကောင်းစွာပြောတတ်သူအချို့ပါဝင်ကြောင်း၊ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ ပုံစံဖြည့်စွက်ရမည့် အချက်အလက်များကို မသိရှိကြကြောင်း၊ မည်သူကမျှလည်း လာရောက်ပြောဆိုခြင်းမရှိဟု သိရှိရကြောင်း၊ တွေ့ဆုံသူများအားလုံးက မြန်မာနိုင်ငံသို့ ပြန်လာလိုသည်ဟု ပြောကြားကြကြောင်း၊ ဒါကာမြို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးတို့နှင့် တွေ့ဆုံခဲ့ကြောင်း၊ ရလဒ်ကောင်းရရှိသည့် တွေ့ဆုံမှုဖြစ်ကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့်ပုံစံဖြင့် ပေးပို့ခြင်း မဟုတ်သည်ကို နိုင်ငံခြားရေးဝန်ကြီး သိရှိသွားခဲ့ကြောင်း၊ ပုံစံအမှန်တွင် ဖြည့်စွက်၍ ဆောလျင်စွာပေးပို့ပေးမည်ဟု ပြောကြားခဲ့ကြောင်းဖြင့် ပြောကြားသည်။

# ❑ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အမြန်ဆုံးစတင်လို၊ နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးဖြစ်၊ ယင်းသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေးကို ဆောင်ရွက်လျက်ရှိ၊ မိမိတို့ဆန္ဒအလျောက်၊ လုံခြုံစွာနှင့်ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်ရေးမှုနှင့်အညီ မြန်မာဘက်အနေဖြင့် ၎င်းတို့ဆန္ဒအလျောက် ပြန်လည်လာရောက်မည့်သူများကို လက်ခံရန်အသင့်ရှိ၊ ပြန်လည်လာရောက်လိုသူများကို ပြန်လည်လာရောက်ခွင့်ပြုသင့်



BBC သတင်းဌာနမှ မေးမြန်းစဉ်။



ချွန်းဂျာနယ်မှ မေးမြန်းစဉ်။



VOA သတင်းဌာနမှ မေးမြန်းစဉ်။



ရောဝတီသတင်းဌာနမှ မေးမြန်းစဉ်။



RFA သတင်းဌာနမှ မေးမြန်းစဉ်။



MRTV မှ မေးမြန်းစဉ်။

## ပြန်လည်လက်ခံရန် အသင့်ရှိ

UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်က မိမိတို့ သွားရောက်သည့် ကော့ခ်ဘဇားခရီးစဉ်အတွင်း ဒါကာမြို့ရှိ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှ သံတမန်များ လိုက်ပါရန် စီစဉ်ခဲ့သော်လည်း လေယာဉ်လက်မှတ် အဆင်မပြေ၍ လိုက်ပါနိုင်ခြင်း မရှိခဲ့ကြောင်း၊ မိမိတို့ခရီးစဉ်၏ ရည်ရွယ်ချက်မှာလည်း ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် အမြန်ဆုံး စတင်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရမှ တာဝန်ရှိသူများ၊ နေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံဆွေးနွေးပြောကြားရန်ဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးအတွက် လိုအပ်သည့်ပုံစံများ ဖြည့်စွက်ရန် မသိရှိကြသည့်အချက်မှာ အံ့သြစရာဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံမှုသည် ခရီးစဉ်၏ အဓိကအရေးပါသည့် တွေ့ဆုံမှုဖြစ်ခဲ့ကြောင်း၊ မိမိ အဓိကပြောကြားလိုသည်မှာ မြန်မာဘက်အနေဖြင့် ပြန်လည်လက်ခံရန် အသင့်ရှိနေပြီဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးအတွက်သာမက ပြန်လည်လာရောက်သူများ အသက်မွေးဝမ်းကျောင်းအတွက်လည်း ပြင်ဆင်ထားရှိပါကြောင်း၊ ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့၏ ပြောကြားချက်များကို သတင်းမီဒီယာများက လွဲမှားစွာဖော်ပြခဲ့မှုများရှိကြောင်း၊ သတင်းမီဒီယာ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးကြီးပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသွားသူများက ၎င်းတို့ဆန္ဒအလျောက် လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လက်ခံနိုင်ရေးအတွက် စိတ်ရင်းအမှန်ဖြင့် ကြိုဆိုခဲ့ပါကြောင်း၊ ပြန်လည်လာရောက်မည့်သူများကို ကြိုဆိုပါကြောင်း၊ ပြန်လည်လက်ခံရန် အသင့်ရှိပြီဖြစ်ပါကြောင်း ပြောကြားသည်။

## လွန်စွာယူကျုံးမရဖြစ်မိ

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးသန်းလွင်၊ ဒေါက်တာလှထွန်းတို့က ခရီးစဉ်နှင့်ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားရာ မိုးရာသီရောက်တော့မည်ဖြစ်၍ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်နိုင်ရန် အရေးကြီးကြောင်း၊ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ပြန်လည်လာရောက်ရေးအတွက် ရှင်းလင်းပြောကြားရန်ဖြစ်ကြောင်း၊ ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရန် မေတ္တာရပ်ခံခဲ့သော်လည်း တွေ့ဆုံခဲ့ရခြင်းမရှိပါကြောင်း၊ သတ်မှတ်ထားသည့် ပုံစံများတွင် ဖြည့်စွက်၍ ပေးပို့ပေးရေးအတွက် ကူညီပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ကော့ခ်ဘဇားရောက်ရှိနေသည့် ဟိန္ဒူများနှင့် တွေ့ဆုံရန် မေတ္တာရပ်ခံခဲ့သော်လည်း ၎င်းတို့နေရာသည် ဝေးလံသည့်အတွက် စီစဉ်ပေးနိုင်ခြင်းမရှိဟု တစ်ဖက်မှပြောကြားခဲ့ကြောင်း၊ ပြီးမှ ပြန်လည်သိရှိရသည်မှာ မိမိတို့သွားရောက်ခဲ့သည့် စခန်းမရောက်မီ ၎င်းတို့ နေထိုင်သည့် စခန်းရှိသည်ဟု သိရှိရ၍ မတွေ့ဆုံနိုင်ခဲ့သည်ကို လွန်စွာယူကျုံးမရဖြစ်မိကြောင်း၊ ၎င်းတို့အနေဖြင့် ပုံစံများဖြည့်စွက်ရန်အတွက် ပုံစံလာရောက်ပေးခြင်း မရှိသေးကြောင်း၊ မြန်မာဘက်မှလည်း လက်ခံရန် အသင့်ရှိနေသည့်အတွက် ဟိန္ဒူဘာသာဝင်များ အမြန်ဆုံးပြန်လာရေးအတွက် ကူညီဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်အစိုးရ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို မေတ္တာရပ်ခံပါကြောင်းဖြင့် ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသူများမှ မေးမြန်းလာသည့် မေးခွန်းများအပေါ် ကိုယ်စားလှယ်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## အမြန်ဆုံး စတင်လို

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် တက်ရောက်လာသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ၂၅-၈-၂၀၁၇ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ယင်းဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း၊ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အမြန်ဆုံး စတင်လိုပါကြောင်း၊ နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊ ယင်းသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဆန္ဒအလျောက်၊ လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်ရေးမှုနှင့်အညီ မြန်မာဘက်အနေဖြင့် ၎င်းတို့ဆန္ဒအလျောက် ပြန်လည်လာရောက်မည့်သူများကို လက်ခံရန်အသင့်ရှိကြောင်း၊ ပြန်လည်လာရောက်လိုသူများကို ပြန်လည်လာရောက်ခွင့်ပြုသင့်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**သတင်းစဉ်**

---

*✻ ကျောဖုံးမှ*

ယင်းခြေစမ်းပွဲဖြစ်မြောက်ရေးအတွက် AYA Bank က စီစဉ်ခြင်းဖြစ်ပြီး AYA Bank Tour 2018 အမည်ဖြင့် ကျင်းပမည်ဖြစ်သည်။ လိဒ်ယူနိုက်တက်အသင်းသည် လက်ရှိတွင် အင်္ဂလန်ပထမတန်းပြိုင်ပွဲဖြစ်သည့် လိဂ်ချန်ပီယံရှစ်တွင် ပါဝင်ကစားနေပြီး ပွဲစဉ် (၄၃) အပြီးတွင် ၅၄ မှတ်ဖြင့် အဆင့် ၁၄ နေရာတွင် ရပ်တည်နေသည်။

## ဆက်လက်ဆောင်ရွက်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ခြေစမ်းပွဲလာရောက်ကစားမည့် လိဒ်ယူနိုက်တက်အသင်း၏ ကုန်ကျစရိတ်အားလုံးကို အကုန်အကျခံဆောင်ရွက်ပေးရမည်ဖြစ်ပြီး ခြေစမ်းပွဲနှင့် ပတ်သက် သည့် အသေးစိတ်အစီအစဉ်များကို ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။ လက်ရှိတွင် ခြေစမ်းပွဲကစားမည့် MNL All Star အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းရခြင်းမရှိသေးဘဲ အသင်းဖွဲ့စည်းရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

## ရွေးချယ်ရန်စီစဉ်လျက်ရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် ခြေစမ်းပွဲမတိုင်မီ နည်းပြချုပ်တစ်ဦးခန့်အပ်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး MNL All Star အသင်းတွင် နိုင်ငံခြားသားကစားသမားအချို့ ရွေးချယ်ရန်စီစဉ်လျက်ရှိသည်။

လိဒ်ယူနိုက်တက်အသင်းသည် မြန်မာဘောလုံးပရိသတ်နှင့်ရင်းနှီးကျွမ်းဝင်ပြီးသည့် အသင်းတစ်သင်းဖြစ်ပြီး ကူပါ၊ လာဆိုဂါ၊ ပါဘလိုဟာနန်ဒက်ဇ် စသည့်ကစားသမားများ ပါဝင်လာမည်ဖြစ်ကာ နည်းပြချုပ်အဖြစ် အင်္ဂလန် နိုင်ငံသား ပေါလ်ဟက်ကင်းဘော်တွန်က ကိုင်တွယ်လျက်ရှိသည်။

**ညီမြတ်သော်တာ**

---

## အခြေခံပညာအတန်းများ၏ အောင်စာရင်းများကို မေ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာမည်

**ဝါးခယ်မ ဧပြီ ၁၉**

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာအတန်းများ၏ အောင်စာရင်းများကို မေ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

အခြေခံပညာမူလတန်း (စတုတ္ထတန်း) နှင့် အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) စာမေးပွဲများ အပါအဝင် အခြေခံပညာအတန်း အသီးသီးအတွက် စာမေးပွဲများကို ဖေဖော်ဝါရီလအတွင်း စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း၊ ဝါးခယ်မမြို့နယ်အတွင်း စတုတ္ထတန်းစာမေးပွဲကို စာစစ်ဌာန ၃၃၁ ခု၌ ဖြေဆိုသော ကျောင်းသား ကျောင်းသူ ၆၂၂၂ ဦးနှင့် အဋ္ဌမတန်းစာမေးပွဲကို စာစစ်ဌာန ၇၀ ၌ ဖြေဆိုသော ကျောင်းသား ကျောင်းသူ ၃၅၇၂ ဦးရှိကြောင်း သိရသည်။ အလားတူ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာနဝမတန်း (ပြင်ပဖြေ) စာမေးပွဲများကို ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ စတင်ကာ မေ ၁၀ ရက် အတွင်း သက်ဆိုင်ရာခရိုင်အလိုက် စစ်ဆေးသွားမည်ဖြစ်ပြီး စာမေးပွဲအောင် စာရင်းများကို မေ ၂၃ ရက်တွင် ထုတ်ပြန်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လှိုင်းသီဟ (ပြန်/ဆက်)**

---

*◆ ကျောဖုံးမှ*

လေ့ကျင့်မှုများ တောက်လျှောက်ပြုလုပ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် သကြၤန်မတိုင်မီက ကစားသမားအချို့ အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ၂၆ ဦးဖြင့် ဆက်လက်လေ့ကျင့်မည်ဖြစ်ပြီး ပြိုင်ပွဲနီးမှသာ အပြီးသတ် လူရွေးချယ်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲယှဉ်ပြိုင်ရန် နှစ်လနီးပါးလိုသေးသောကြောင့် ခြေစမ်းပွဲများ တောက်လျှောက်ကစားကာ ပြင်ဆင်မှုများ ပြုလုပ်မည်ဖြစ်ပြီး ဇွန်လတွင် နိုင်ငံတကာခြေစမ်းပွဲများ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြည်ပခြေစမ်းခရီးစဉ် မသွားရောက်မီ ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည် ဖြစ်ပြီး မေ ၁၁ ရက်မှ ၂၂ ရက်အထိ တောင်ကြီးနှင့် မန္တလေးမြို့သို့ သွားရောက်ကာ လူငယ်အမျိုးသားအသင်းများနှင့် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပြည်တွင်းခရီးစဉ်ပြီးဆုံးပါက မြန်မာအမျိုးသမီးအသင်းသည် ရန်ကုန်မြို့၌ ပြန်လည်လေ့ကျင့်မည်ဖြစ်ပြီး ဇွန်လပထမပတ်တွင် ထိုင်းနိုင်ငံသို့ သွားရောက်ကာ ထိုင်းလက်ရွေးစင်အသင်းအပါအဝင် ခြေစမ်းပွဲသုံးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီး အိမ်ရှင်အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားရန် စီစဉ်ထားကြောင်း သိရသည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိအချိန်ထိ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားထားပြီးတစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားသည်။

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြများအဖြစ် ဦးခင်မောင်ထွေး၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ် ဦးမြကိုမင်း၊ အားကစားသမားများအဖြစ် **ဂိုး**- ဇာဇာမြင့်၊ သင်းသင်းစိုး၊ မေဇင်နွယ်၊ မျိုးမြမြငြိမ်း၊ **နောက်တန်း** - ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ဇွန်ယုယဦး၊ ခင်မျိုးဝင်း၊ ယမင်းလွင်၊ **အလယ်တန်း** - ခင်မာလာထွန်း၊ သင်းသင်းယု၊ ရူပါခိုင်၊ ခင်မိုမိုထွန်း၊နော်အားလိုဝါးဖော၊ သန္တာမိုး၊ သန်းသန်းထွေး၊ **ရှေ့တန်း** - နုနု၊ ရီရီဦး၊ ဝင်းသိင်္ဂီထွန်း၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေ၊ နီလာဝင်းတို့ ပါဝင်ကြသည်။ မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**သတင်း - ရဲရင့်ရှိုင်း**

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်မြတ်နှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေထီးတော်တို့အား ရွှေတိဂုံစေတီတော်မြတ်သို့ ငါးရက်တာ ပင့်ဆောင်ပူဇော်



**ရန်ကုန် ဧပြီ ၁၉**

သာသနာတော်နှစ် ၂၅၆၁ ခု၊ ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ ၂၀၁၈ ခုနှစ်ဧပြီ ၁၉ ရက် နံနက် ၆ နာရီ ၁၀ မိနစ်က ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်ရှိ ကျိုက်ဒေးအပ်ဆံတော်မြတ်နှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့အား ရွှေတိဂုံစေတီတော်မြတ် ချမ်းသာကြီးတန်ဆောင်းတွင် ကိန်းဝပ်စံပယ်၍ အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ဂိုဏ်းပေါင်းစုံမှ သံဃာတော်အပါး ၄၅၀၀၊ သီလရှင်အပါး ၅၀၀ တို့ဖြင့် ဗိုလ်တထောင်စေတီတော်မှ ရွှေတိဂုံစေတီတော်မြတ်သို့ ပြည်တော်ဝင်ပင့်ဆောင်ပူဇော်လျက် ငါးရက်တာ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည်ဟု သိရသည်။

လေးမိုင် သုံးဖာလုံခရီးအကွာအဝေးတွင် သံဃာတော်များ၊သီလရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ပြည်သူတို့က လမ်းလျှောက်ပင့်ဆောင်ရာ ရွှေတိဂုံစေတီတော်မြတ် အရှေ့ဘက်မုခ်သို့ နံနက် ၈ နာရီခွဲတွင် ရောက်ရှိပြီး ထိုမှဆက်လက်ပင့်ဆောင်ရာ ရွှေတိဂုံစေတီတော်မြတ် ချမ်းသာကြီးတန်ဆောင်းသို့ ၉ နာရီ ၄၅ မိနစ်တွင် ရောက်ရှိ၍ အနေကဇာတင်ပူဇော်ခြင်းအခမ်းအနားကို ကျင်းပရာ နံနက် ၁၀ နာရီကျော်တွင် အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

"ဆံတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်ကို ချမ်းသာကြီးတန်ဆောင်းမှာ ကိန်းဝပ်ပြီးတော့ ထီးတော်ကို အောင်မြေမှာ ငါးရက်တာကိန်းဝပ်မှာပါ။ ဧပြီ ၂၄ ရက်မှာ ဗိုလ်တထောင်စေတီတော်ကို ပြန်လည်ကြွမြန်းမှာပါ၊ ဂေါတမမြတ်ဗုဒ္ဓရဲ့ ဆံတော်ဖြစ်တဲ့အတွက် ဆံတော်ရှစ်ဆူရှိတဲ့နေရာကို ပြည်တော်ဝင်ကြွမြန်းပြီး ဓာတ်ပေါင်းစုတာပါ၊ အရင်က ဆောင်ရွက်ခွင့်မရခဲ့ဘူး၊ နှစ်ပေါင်းရာကျော်မှ ဒီတစ်ကြိမ် ဆံတော်ရှင်ဓာတ်တော်တွေပြန်ပေါင်းစုတဲ့ အခါသမယလည်း ဖြစ်ပါတယ်၊ ပြည်သူတွေလာရောက်ဖူးမြော်လို့ရပါပြီ"ဟု ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှုရုံးအဖွဲ့မှူး ဦးထွန်းအောင်ငွေက ပြောသည်။

ဆံတော်ပင့်ဆောင်သော သံဃာတော်များနှင့် သီလရှင်တို့အား ရွှေတိဂုံစေတီတော်မုခ်လေးမုခ်ရှိ မြို့နယ်အလိုက်ဌာနဆိုင်ရာတို့မှ ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်ခဲ့သည်။

"ဘုရားဖူးပြည်သူတွေ ဆံတော်ကိန်းဝပ်တဲ့ရက်မှာ လာရောက်ဖူးမြော်ကြမှာဖြစ်တာကြောင့် သန့်ရှင်းရေးကို အထူးဆောင်ရွက်ထားပါတယ်၊ ထူးမြတ်တဲ့ မြတ်ဗုဒ္ဓရဲ့ဆံတော်ကို ပင့်ဆောင်ပူဇော်ပွဲမှာ လုပ်အားနဲ့ ပါဝင်ခွင့်ရတယ်ဆိုတာ ကုသိုလ်ထူးတစ်ခုဖြစ်တဲ့အပြင် ဆံတော်ဖူးတဲ့ ပြည်သူတွေအတွက် အမှိုက်သန့်ရှင်းရေးကို ကုသိုလ်ယူဆောင်ရွက်ခွင့်ရလို့လည်း ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးတင်ဝင်းနိုင်က ပြောသည်။

ဗိုလ်တထောင်စေတီတော်မှ ရွှေတိဂုံစေတီတော်ထိ သတ်မှတ်လမ်းတစ်လျှောက်တွင် စည်ပင်သာယာသန့်ရှင်းရေးဌာနမှဝန်ထမ်းအင်အား ၂၂၀ ဖြင့် အထူးဆောင်ရွက်လျက်ရှိပြီး ယနေ့ ဗိုလ်တထောင်ဆံတော်မြတ် ပင့်ဆောင်ရာ၌ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၊ ရဲတပ်ရင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၁၁၆၆ ဦးဖြင့် ကုသိုလ်အားဖြည့်ဆောင်ရွက်ထားကြောင်း သိရသည်။

ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီကျော်တွင် ရွှေတိဂုံ စေတီတော်မြတ်မှ မြတ်ဗုဒ္ဓ၏ ဆံတော်မြတ်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်တို့ကို ဗိုလ်တထောင်စေတီတော်သို့ သံဃာတော်အပါး ၄၅၀၀၊ သီလရှင်များနှင့်ပြည်သူတို့ဖြင့် ပြည်တော်ပြန် ပြန်လည်ပင့်ဆောင်မည်ဖြစ်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ယနေ့မှစ၍ ငါးရက်တိုင် အများပြည်သူ နေ့စဉ် ကုသိုလ်ယူပွားများ ကြည်ညိုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**

# အလောင်းတော်ကဿပ ဘုရားဖူးရာသီပိတ်ပွဲ (လမ်းပိတ်ပွဲ)ကို ယခုလ ၂၁ ရက်တွင် ပြုလုပ်မည်

**ကနီ ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပဘုရားလမ်းပိုင်းအား ယခုလ ၂၁ ရက်တွင် လမ်းပိတ်ပွဲအခမ်းအနားပြုလုပ်၍ လမ်းပိုင်းအား ပိတ်သွားမည်ဖြစ်ကြောင်း ကနီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောပြသည်။



### သံကွန်ချာဖြင့် ဖုံးအုပ်သွားမည်

အလောင်းတော်ကဿပ ဘုရားသွားရာလမ်းပိုင်းကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး ယခုလ ၂၁ ရက်နေ့တွင် ဆရာတော်၊ သံဃာတော်များဖြင့် လမ်းတစ်လျှောက်တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ပြီး လမ်းပိုင်းအား ပိတ်သွားမည်ဖြစ်ကြောင်းနှင့် အလောင်းတော်ကဿပ ရုပ်ပွားတော်မြတ်အား သံကွန်ချာဖြင့် ဖုံးအုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### အပြီးသတ် လမ်းပိတ်

"ခုက မိုးကျလာပြီ၊ ဧပြီ ၂၁ ရက်ကို ပိတ်ပွဲလုပ်မယ်၊ ဧပြီ ၂၀ ရက်ညကို သံဃနာယကဆရာတော်တွေရော၊ ဂေါပကအဖွဲ့ရော၊ ကျွန်တော်တို့ရော အစည်းအဝေးလုပ်မယ်၊ အစည်းအဝေးလုပ်တာ ဘာလို့လဲဆိုတော့ အားနည်းချက်၊ အားသာချက်တွေ၊ ပြုပြင်ပြောင်းလဲမှုတွေ ပြုပြင်ပြောင်းလဲမှုဆိုတာ ကျွန်တော်တို့ ကြိုးတံတားဖောက်မလား၊ လမ်းပြင်မလား စတဲ့အရာတွေ ဆွေးနွေးကြမယ်၊ မနက်ကျရင် အလောင်းတော်ကဿပကိုယ်တော်မြတ်ကြီးကို သံကွန်ချာနဲ့ အုပ်မယ်၊ ဆရာတော်၊ သံဃာတော်တွေက ကားနဲ့ လမ်းတစ်လျှောက်လုံး ပရိတ်ရွတ်မယ်၊ ပဋ္ဌာန်းရွတ်မယ်၊ ဂုံညင်းပင်စခန်းအထိ ရွတ်ဖတ်ပူဇော်ပြီး အဲ့ဒီဂုံညင်းပင်စခန်းမှာ အပြီးသတ်ပြီးတော့ လမ်းပိတ်လိုက်မှာပါ"ဟု ကနီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောသည်။

အလောင်းတော်ကဿပ လမ်းပိုင်းပိတ်ပွဲနှင့် နောင်နှစ်ဘုရားဖူးရာသီတွင် ပြင်ဆင်ဆောင်ရွက်သွားမည့် ကိစ္စများနှင့် ပတ်သက်၍ ယခုလ ၂၀ ရက်တွင် သံဃာ့မဟာ နာယက၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများစုပေါင်းပြီး အစည်းအဝေးတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

### ခရီးသွားသိန်းချီဝင်ရောက်

အလောင်းတော်ကဿပ လမ်းပိုင်းကို နှစ်စဉ် မိုးလေကင်းလွတ်သည့် ဇန်နဝါရီလမှ ဧပြီလအထိ လေးလသာ ဖွင့်လှစ်လေ့ရှိပြီး မိုးရာသီတွင် လမ်းပိုင်းအား ပြန်လည်ပိတ်လေ့ရှိကာ နှစ်စဉ်ဒေသအတွင်း ခရီးသွားသိန်းချီဝင်ရောက်သော ခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# (၆၁) ကြိမ်မြောက် ကယန်းယင်းဘော်မျိုးနွယ်စု ဂန်းခွမ့်(ခ)တံခွန်တိုင်ပွဲတော်ကျင်းပ

**လွိုင်ကော် ဧပြီ ၁၉**

ဒီးမော့ဆိုမြို့နယ် ဆောင်ဒူလာကျေးရွာအုပ်စု ငံရိုးကျေးရွာတွင် ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီခွဲက ကယန်းယင်းဘော်မျိုးနွယ်စု ဂန်းခွမ့်(ခ) တံခွန်တိုင်ပွဲတော် ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာရပ်မိရပ်ဖ ဦးသန်းတင်က ဆုတောင်းမေတ္တာပို့သပြီး ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားရာတွင် တံခွန်တိုင်ပွဲတော်အား ရောဂါဘယကင်းဝေးစေရန်၊ မိုးလေဝသကောင်းမွန်စေရန်၊ သီးနှံစပါးဖြစ်ထွန်း အောင်မြင်စေရန်နှင့် ရပ်ရွာအေးချမ်းသာယာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်ကြကြောင်း၊ ယနေ့လို အခမ်းအနားအား စုပေါင်းအင်အားဖြင့် ဆောင်ရွက်မှုကြောင့် အောင်မြင်ခြင်းဖြစ်ကြောင်း၊ စီမံအုပ်ချုပ်သည့်ကဏ္ဍ၊ ပြုပြင်ပြောင်းလဲသည့်ကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ကိုယ်စီယုံကြည်ချက် ခိုင်မာစွာဖြင့် ပူးပေါင်းဖော်ဆောင်မှုကြောင့် အောင်မြင်သည့်သာဓကများ၊ သင်ခန်းစာများ ရရှိပြီးဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ ရေ၊ မီး၊ လမ်းစသည့်ကဏ္ဍများ အဆင်ပြေစေရေး ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိထံသို့ ဖရူဆို-ဒီးမော့ဆို လမ်းမကြီးမှ ကျေးရွာအထိ လမ်းခင်းပေးရန် လာရောက်တင်ပြသည့်အတွက် မိမိကိုယ်တိုင် လာရောက်ကြည့်ရှုခြင်းဖြစ်ပြီး အဆိုပါ လမ်းအဆင့်မြှင့်တင်ခြင်း၊ လိုအပ်သော မြောင်းများ၊ Box Culvert များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လမ်းဖောက်လုပ်ရာတွင် လိုအပ်သော လမ်းမြေအနည်းငယ်အတွက် ပြည်သူများမှလည်း ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အဆိုပါလမ်း ဖောက်လုပ်ပြီးပါကလည်း ပြည်သူများအနေဖြင့် တာဝန်သိစိတ်၊ တာဝန်ရှိစိတ်၊ တာဝန်ခံစိတ်ဖြင့် လမ်းမကြီး ရေရှည်တည်တံ့ရေးအတွက် မိမိတို့အားလုံး ထိန်းသိမ်းသွားရန် လိုအပ်ကြောင်းနှင့် ပြည်သူများ တင်မြှောက်ထားသည့် အစိုးရနှင့်အတူ ယုံကြည်စွာ ဝိုင်းဝန်းပူးပေါင်းဖော်ဆောင်သွားရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ် ကေ့ထိုးဘိုးရိုးရာ ဂေါပကအဖွဲ့ဝင် ဦးငါးရယ်က တံခွန်တိုင်ပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယင်းဘော်မျိုးနွယ်စုနာယက ဦးနန်းရီက ရိုးရာယဉ်ကျေးမှုသမိုင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ငံရိုးကျေးရွာတွင် ကျင်းပသော (၆၁) ကြိမ်မြောက် ယင်းဘော်မျိုးနွယ်စု တံခွန်တိုင်ပွဲတော် ကျင်းပနိုင်ရေးအတွက် ငွေကျပ် ငါးသိန်း ထောက်ပံ့ပေးအပ်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ကျေးရွာတာဝန်ရှိသူတို့က အကပဒေသာအဖွဲ့များဖြစ်သည့် ဆော်ပထန်၊ ဒေါ်တဝီ၊ ဒေါ်ဝယ်ကူး၊ ဒေါ်ခလိုက်လင်း၊ ဆိုဒွဲ့ခူ၊ ယူဆမိုဆိုကျေးရွာများမှ အဖွဲ့များအား ဂုဏ်ပြုဆုငွေနှင့် မေတ္တာလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ရာ ငံရိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးပရိုက်စူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**




**ထူးခြားသည့် နေ့အပူချိန်များ**

**နေပြည်တော် ဧပြီ ၁၉-** ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် ပေါက်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့် ဘော်လခဲမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နိုင်ငံပိုင်သတင်းစာများ၏ အခန်းကဏ္ဍ

မေဦးမိုး(မြန်မာ့အလင်း)

**နိုင်ငံပိုင်သတင်းစာ မထားသင့်ဘူး။ မလိုအပ်ဘူး။ ပြည်သူ့ဘဏ္ဍာတွေကို မလိုအပ်ဘဲ သုံးစွဲနေတယ်။ အရှုံးခံပြီး ထုတ်နေတယ်။ ကြော်ငြာဝေစု လက်ဝါးကြီးအုပ်ထားတယ်ဆိုတဲ့ အသံတွေစပြီး ထွက်ပေါ်လာခဲ့တာ အချိန်အတော်ကြာခဲ့ပါပြီ။ အရပ်သားအစိုးရစစ်စစ်တက်လာပြီးတဲ့နောက်မှာလည်း နိုင်ငံပိုင်သတင်းစာတွေ မရှိသင့်ဘူးရယ်လို့ ပြောကြသလို၊ ဒီမိုကရေစီ တင်းပြည့်ကျပ်ပြည့် မရရှိသေးခင် နိုင်ငံပိုင်သတင်းစာဆိုတာ ရှိသင့်တယ်ဆိုတဲ့ ထောက်ပြဝေဖန်မှုတွေလည်း မကြာခဏ ကြားရပါတယ်။**

### ယနေ့ခေတ်နဲ့ သတင်းစာ

သတင်း၊ အချက်အလက်နှင့် နည်းပညာခေတ်မှာ လူတိုင်းက သတင်းထောက်တွေဖြစ်နိုင်ပြီး အွန်လိုင်းကနေ သတင်းထူးများစွာကို မိနစ်မဆိုင်း လွှင့်တင်နိုင်၊ သိရှိနိုင်ပါတယ်။ ဒါကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံအများစုမှာ ပုံနှိပ်မီဒီယာထက် အွန်လိုင်းမီဒီယာ၊ ဒီဂျစ်တယ်မီဒီယာဟာရှေ့တန်းကို ရောက်ရှိလာနေပါတယ်။ ဒါပေမယ့် ဖွံ့ဖြိုးရန် မောင်းတင်နေဆဲ နိုင်ငံတွေအတွက်ကတော့ ပုံနှိပ်မီဒီယာဆိုတာ ရှိနေရဦးမယ့် အနေအထားပါပဲ။

မိမိတို့နိုင်ငံမှာလည်း ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ နိုင်ငံရဲ့အဓိက မဏ္ဍိုင်ကြီးသုံးရပ် တည့်မတ်မှန်ကန်ဖို့အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာတွေက ဖော်ထုတ်ပေးရန် တာဝန်ရှိပါတယ်။ ဒါတင်မက ပဉ္စမမဏ္ဍိုင်လို့ဆိုရမယ့် ပြည်သူက ထုတ်ဖော်ပြောကြားလိုတဲ့ အကြောင်းအရာတွေကိုလည်း သတင်းမီဒီယာများက ဖော်ပြကြခြင်းနဲ့ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ လုပ်ငန်းစဉ်တွေ ပိုမိုအားကောင်းအောင် အထောက်အကူပေးနိုင်ပါတယ်။

မိမိတို့လို ဖွံ့ဖြိုးရန် ကျားကုတ်ကျားခဲ အားထုတ်နေရတဲ့ နိုင်ငံမှာဆိုရင် ဒီမိုကရေစီဟာ အရှိန်ယူနေရတဲ့ အချိန်ဖြစ်ပြီး အားလုံးဟာ ဒီမိုကရေစီနဲ့ အသားကျဖို့ လုပ်ဆောင်နေကြရတဲ့ကာလဖြစ်ပါတယ်။ ပြည်သူက တောင်ပြိုကမ်းပြိုအားပေးမှုနဲ့ တင်မြှောက်ခဲ့လို့ အရပ်သားအစိုးရဟာလည်း နိုင်ငံ့တာဝန်တွေကို တတ်စွမ်းသမျှ ဆောင်ရွက်နေချိန်ဖြစ်တဲ့အတွက် အစိုးရရဲ့လုပ်ဆောင်ချက်တွေကို ပြည်သူကို အစီရင်ခံဖို့ဆိုတာ လိုအပ်တဲ့အချိန်လည်း ဖြစ်ပါတယ်။

### နိုင်ငံပိုင်သတင်းစာတွေရဲ့ အဓိကတာဝန်

ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် ဆိုတဲ့ မူလတာဝန်များနဲ့အညီ နိုင်ငံပိုင်သတင်းစာတွေ ကို ထုတ်ဝေပေးနေတာဖြစ်ပါတယ်။ ပြည်သူကို အစိုးရရဲ့ လုပ်ဆောင်ချက်တွေ အစီရင်ခံဖို့တင်သာမက ပြည်သူတွေ အသိပညာ၊ ဗဟုသုတတိုးပွားစေဖို့နဲ့ ပြည်သူတွေ အပန်းပြေစေဖို့ကိုလည်း နိုင်ငံပိုင်သတင်းစာတွေက လုပ်ဆောင်နေပါတယ်။

နိုင်ငံပိုင်သတင်းစာတွေရဲ့ အလုပ်ရှင်သည် နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူဖြစ်ပါတယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ တာဝန်ထမ်းဆောင်နေကြသူတွေဟာလည်း သတင်းစာသမားတွေရဲ့ ကျင့်ဝတ်တွေအပြင် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒတွေ၊ နိုင်ငံ့ဝန်ထမ်းတွေဖြစ်တဲ့အလျောက် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာကျင့်သုံးလို့ ပြည်သူကြားက အသံတွေကိုလည်း နိုင်ငံတော်အစိုးရထံကို တင်ပြပေးနေကြသူများ ဖြစ်ပါတယ်။

ပြင်ပမီဒီယာတွေမှာ သတင်းထောက်တစ်ဦးရဲ့လစာ ငွေကျပ်နှစ်သိန်းကနေ ငါးသိန်းနဲ့ အထက်ရရှိနေကြပြီး အယ်ဒီတာတစ်ဦးရဲ့အနိမ့်ဆုံးလစာက ငွေကျပ်ငါးသိန်းကနေ ဆယ်ဂဏန်းရှိနေချိန်မှာ အစိုးရသတင်းစာတွေရဲ့ အမြင့်ဆုံးလစာဟာ ပြည်သူ့ဝန်ထမ်းလစာအတိုင်းရရှိပြီး နိုင်ငံအတွက် ဝါသနာအတွက်၊ တတ်စွမ်းသမျှ ဆောင်ရွက်နေကြသူတွေပဲ ဖြစ်ပါတယ်။

### ဘဏ္ဍာရေး ဘယ်လိုသုံးစွဲသလဲ

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် အကျိုးအမြတ်ရရှိအောင် စွမ်းဆောင်နိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ နှစ်စဉ် ကုန်ကျစရိတ်တွေကို ပြည်ထောင်စုရန်ပုံငွေစာရင်းကနေ ကျခံခြင်း လုံးဝမရှိတော့ပါဘူး။ လုပ်ငန်းသုံး ရင်းနှီးငွေဖြစ်တဲ့ Other Account (OA) ကို ၂၀၁၃-၁၄ ဘဏ္ဍာနှစ်ကတည်းက စတင်စုဆောင်းခဲ့တဲ့အတွက် အခုအချိန်မှာ လုပ်ငန်းသုံး ရင်းနှီးငွေထဲကနေ သုံးစွဲနေနိုင်ပြီဖြစ်ပါတယ်။

နိုင်ငံပိုင်သတင်းစာတွေကို ထုတ်ဝေနေတဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဆိုတာ နှစ်စဉ် အမြတ်ရရှိပြီး အရှုံးမပေါ်တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ဖြစ်ပါတယ်။ ပြည်ပကနေ ကုန်ကြမ်းစက္ကူ၊ မင်စသည်တို့ ဝယ်ယူရာ၊ သတင်းစာအတွက် လိုအပ်တဲ့ စက်ပစ္စည်း ဝယ်ယူရာတွေနဲ့ သတင်းစာကုန်ချောတွေ တစ်နိုင်ငံလုံး ပြည်သူတွေ လက်ဝယ်အရောက်ဖြန့်ဖြူးရာတွေစတဲ့ လုပ်ငန်းစဉ်တိုင်းအတွက် ပုဂ္ဂလိကသတင်းစာများနဲ့ တန်းတူ အခွန်အခတွေ ပေးဆောင်နေပါတယ်။

သတင်းစာရောင်းချခြင်းအပေါ် ကုန်သွယ်ခွန်ပေးဆောင်ပြီး တစ်နှစ်တာအတွက် အကျိုးအမြတ်အားလုံးရဲ့ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် နိုင်ငံတော်ကို ပေးဆောင်လျက်ရှိပါတယ်။ ရရှိလာတဲ့ အမြတ်အားလုံးရဲ့ ၂၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော် ထည့်ဝင်ငွေအဖြစ် ထည့်ဝင်နိုင်ခဲ့ပါတယ်။ ၂၀၁၃-၁၄ဘဏ္ဍာနှစ်ကတည်းက ရရှိလာတဲ့ အမြတ်ငွေတွေထဲကမှ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်နဲ့ နိုင်ငံတော် ထည့်ဝင်ငွေများ ထုတ်နုတ်ပြီး ကျန်ရှိတဲ့ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေ (Other Acount) အဖြစ် စုဆောင်းထားရှိခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် Other Account ဟာ နိုင်ငံ့ဘဏ္ဍာတွေဖြစ်တဲ့အတွက်လည်း နှစ်စဉ်နှစ်ချုပ်၊ လချုပ်စာရင်းတွေကို ဝန်ကြီးရုံး စာရင်းစစ်အဖွဲ့က လစဉ်စစ်ဆေးပြီး နှစ်ချုပ်စာရင်းကို ဌာနခွဲတွေအလိုက် တိုင်းစာရင်းစစ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ရုံးတို့ကနေ အခြားဝန်ကြီးဌာနပိုင် လုပ်ငန်းများနည်းတူ စစ်ဆေးပေးနေပါတယ်။ Other Account ကနေ ကျခံသုံးစွဲတဲ့ လုပ်ငန်းအတွက် ကုန်ကျစရိတ်တွေကိုလည်း သက်ဆိုင်ရာဘဏ္ဍာနှစ်အလိုက် ရ/သုံးခန့်မှန်းခြေ ဦးစီးဌာနက စိစစ်ပေးပြီး ဘတ်ဂျက်ခွဲဝေပေးတဲ့အပေါ် နိုင်ငံတော်အစိုးရရဲ့ ခွင့်ပြုချက်တွေနဲ့ စနစ်တကျ သုံးစွဲနေတဲ့ နိုင်ငံ့စီးပွားရေးလုပ်ငန်းကြီးတစ်ခုဖြစ်ပါတယ်။

### သတင်းစာ ရှုံးသလား၊ မြတ်သလား

နိုင်ငံပိုင်သတင်းစာ တစ်စောင်ရဲ့ရောင်းဈေးဟာ ငွေကျပ် ၅၀ ပါ။ အမှန်တကယ် ထုတ်လုပ်မှုတန်ဖိုးကို တွက်ကြည့်မယ်ဆိုရင် တစ်စောင်ကို ငွေကျပ် ၁၅၀ ဝန်းကျင် ကုန်ကျပါတယ်။ ဘာကြောင့် ငွေကျပ် ၅၀ နဲ့ ရောင်းချပေးနိုင်သလဲဆိုရင် ကြော်ငြာဝင်ငွေ ရရှိနေလို့ ဖြစ်ပါတယ်။ ကြော်ငြာဝင်ငွေရရှိခြင်းရဲ့ အဓိကအကြောင်းအရာကတော့ အချက်အလက်ခိုင်မာခြင်းဖြင့် ပြည်သူရဲ့ယုံကြည်မှု (Trust) ကို ရရှိထားလို့ယူဆရမှာ ဖြစ်ပါတယ်။ သတင်းစာတစ်စောင် ရပ်တည်ဖို့ စာဖတ်သူ (ပြည်သူ) တွေရဲ့ လက်ခံအားပေးမှု လိုအပ်ပါတယ်။ ယုံကြည်မှုရှိလို့သာ ကြော်ငြာရှင်တွေဟာလည်း ကြော်ငြာကြတဲ့အတွက် သတင်းစာထုတ်လုပ်မှု ကုန်ကျစရိတ် အရှုံးကိုကာမိတဲ့အပြင် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဘဏ္ဍာငွေရှာဖွေပေးနိုင်နေတာ ဖြစ်ပါတယ်။

နိုင်ငံပိုင်သတင်းစာတွေမှာ လူမှုရေးကြော်ငြာတွေကို စီးပွားရေး ကြော်ငြာနှုန်းထားတွေထက် ဈေးနှုန်းလျှော့ချလက်ခံပေးထားပါတယ်။ တစ်ဖက်မှာ ပုဂ္ဂလိကမီဒီယာတွေ ကြော်ငြာပိုမိုရရှိနိုင်ဖို့အတွက်လည်း ယခင်က ပုဂ္ဂလိကနဲ့ ပူးပေါင်းလုပ်ကိုင်ခဲ့တဲ့ ကြားညှပ်အချပ်ပိုကြော်ငြာ ထည့်သွင်းမှုလုပ်ငန်းတွေကို ၂၀၁၆ ခုနှစ် ဇွန်လကနေ စတင်ရပ်ဆိုင်းခဲ့ပါတယ်။ သို့သော် ပြည်သူတွေနဲ့ ကြော်ငြာရှင်တွေရဲ့ လက်ခံအားပေးမှုကြောင့် သတင်းစာစောင်ရေနဲ့ ကြော်ငြာဝင်ငွေဟာ များပြားနေဆဲဖြစ်ပါတယ်။

### သတင်းစာရဲ့ပန်းတိုင်

နိုင်ငံတော်အစိုးရရဲ့ ထုတ်ပြန်ချက်၊ ပြည်သူကို အသိပေးချက်၊ ပြည်သူတွေကို အစီရင်ခံတင်ပြချက်တွေကို ပြည့်ပြည့်စုံစုံဖော်ပြပေးရမယ့်အလုပ်ကို ပြည်သူ့သတင်းစာတွေဖြစ်တဲ့ နိုင်ငံပိုင်သတင်းစာတွေက လုပ်ဆောင်ပါတယ်။ တရားဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ရဲ့ လုပ်ဆောင်ချက်တွေနဲ့ ဥပဒေတွေ၊ နည်းဥပဒေတွေ၊ ဥပဒေမူကြမ်းတွေကိုလည်း အများပြည်သူတွေ သိရှိနိုင်ဖို့ ပုံမှန်ဖော်ပြပေးနေပါတယ်။

ပြည်သူကနေ အစိုးရကို တင်ပြလိုတဲ့ အကြောင်းအရာတွေကိုလည်း သတင်းစာကျင့်ဝတ်တွေနဲ့အညီ ဖော်ပြပေးနေပါတယ်။ ဒီအပြင် ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့ ခံစားမှု၊ ပြည်သူတွေရဲ့ လှုပ်ရှားမှုတွေကို ဖော်ပြပေးတဲ့နေရာမှာလည်း တတ်နိုင်သမျှ အပြည့်ဝဆုံး၊ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်မှု၊ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်တိုက်လုပ်ဆောင်လျက်ရှိပါတယ်။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဆီ ချီတက်နေတဲ့ မိမိတို့တိုင်းပြည်မှာ မှန်ကန်တိကျတဲ့ သတင်းအချက်အလက်တွေ၊ ပြည်သူ့အစိုးရက ပြည်သူကို အစီရင်ခံလိုတဲ့ အကြောင်းခြင်းရာတွေနဲ့ ပြည်သူတွေ သိသင့်သိထိုက်တဲ့ အရာတွေ၊ ပြည်သူတွေရဲ့အသံတွေကို ပြည်သူတွေသိအောင် မီဒီယာတွေက ကြိုးစားနေချိန်မှာ နိုင်ငံပိုင်သတင်းစာတွေဟာလည်း ပြည်သူနဲ့အစိုးရကြားက ပေါင်းကူးတံတားအဖြစ် အကောင်းဆုံး ကြိုးစားတင်ဆက်ခြင်းဖြင့် နိုင်ငံတော်အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနေတယ်ဆိုတာကတော့ အသေအချာပါပဲ။ ။

**နိုင်ငံပိုင်သတင်းစာတွေကို ထုတ်ဝေနေတဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဆိုတာ နှစ်စဉ် အမြတ်ရရှိပြီး အရှုံးမပေါ်တဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ဖြစ်ပါတယ်။ ပြည်ပကနေ ကုန်ကြမ်းစက္ကူ၊ မင်စသည်တို့ ဝယ်ယူရာ၊ သတင်းစာအတွက် လိုအပ်တဲ့ စက်ပစ္စည်းဝယ်ယူရာတွေနဲ့ သတင်းစာကုန်ချောတွေ တစ်နိုင်ငံလုံး ပြည်သူတွေ လက်ဝယ်အရောက် ဖြန့်ဖြူးရာတွေစတဲ့ လုပ်ငန်းစဉ်တိုင်းအတွက် ပုဂ္ဂလိကသတင်းစာများနဲ့ တန်းတူ အခွန်အခတွေ ပေးဆောင်နေပါတယ်။**

**သတင်းစာရောင်းချခြင်းအပေါ် ကုန်သွယ်ခွန်ပေးဆောင်ပြီး တစ်နှစ်တာအတွက် အကျိုးအမြတ်အားလုံးရဲ့ ၂၅ ရာခိုင်နှုန်းကို ဝင်ငွေခွန်အဖြစ် နိုင်ငံတော်ကို ပေးဆောင်လျက်ရှိပါတယ်။ ရရှိလာတဲ့ အမြတ်အားလုံးရဲ့ ၂၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော် ထည့်ဝင်ငွေအဖြစ် ထည့်ဝင်နိုင်ခဲ့ပါတယ်။ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်ကတည်းက ရရှိလာတဲ့ အမြတ်ငွေတွေထဲကမှ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်နဲ့ နိုင်ငံတော် ထည့်ဝင်ငွေများ ထုတ်နုတ်ပြီး ကျန်ရှိတဲ့ ၅၅ ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေ (Other Acount) အဖြစ် စုဆောင်းထားရှိခြင်း ဖြစ်ပါတယ်။**

## လွယ်ဂျယ်မြို့၌ သက်ကြီးဘိုးဘွားများအား ပူဇော်

**လွယ်ဂျယ် ဧပြီ ၁၉**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့မွေရက္ခိတ ဘုန်းကြီးကျောင်းတွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့က သက်ကြီး ပူဇော်ပွဲကျင်းပခဲ့ရာ ရှမ်း၊ ကချင်၊ လီဆူ ဘိုးဘွား ၇၅ နှစ်နှင့်အထက် ၁၃၉ ဦး ပူဇော်ကန်တော့ခံခဲ့ကြသည်။

ယင်းပူဇော်ပွဲကို နယ်မြေခံတပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ရဲလင်းအောင်၊ လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူး ဦးလွင်ဦးနှင့် ဌာနဆိုင်ရာ ဦးစီးအရာရှိများ၊ ရပ်မိရပ်ဖများ၊ ကုန်သည်ကြီးများအသင်းနှင့် လုပ်ငန်းရှင်များက စုပေါင်းအလှူငွေကျပ် ၂၅၄၅၀၀၀ ကို ပူဇော်ကန်တော့ခဲ့ကြသည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)



## တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော် ဧပြီ ၁၉**

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများနှင့်ပတ်သက်၍ UNDP နှင့် UNHCR တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၁၉**

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန NRPC ၌ UN Resident Coordinator Mr.Knut Ostby နှင့် တွေ့ဆုံသည်။

**နိုင်ငံသားဖြစ်ရေး ဆောင်ရွက်နေမှုအခြေအနေ**

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားပေးရေးတို့အတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆောင်ရွက်နေမှု လက်ရှိအခြေအနေ၊ IDP Camp များ ပိတ်သိမ်းနိုင်ရေးဆောင်ရွက်နေမှု အခြေအနေ၊ လွတ်လပ်စွာသွားလာခွင့်ရှိရေးဆောင်ရွက်နေမှုအခြေအနေနှင့် နိုင်ငံသားဖြစ်ရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများနှင့် ပတ်သက်၍ UNDP နှင့် UNHCR တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်လျက်ရှိရာ အမြန်လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။

**စုစုစည်းစည်းပါဝင်ဆောင်ရွက်လို**

UN Resident Coordinator Mr. Knut Ostby က မိမိတို့အနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သဘောတူညီချက်ကို အမြန် လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ UN အဖွဲ့အစည်းများမှလည်း ပူးပေါင်းပါဝင်နိုင်ရန်ဆောင်ရွက်နေကြရာ တစ်ဖွဲ့ချင်းစီမှ ပုံစံအမျိုးမျိုးဖြင့် ပါဝင်ဆောင်ရွက်မည့်အစား မိမိတို့ UNDP အပါအဝင် အားလုံးမှ စုစုစည်းစည်းပါဝင်ဆောင်ရွက်လိုကြောင်း ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**ရန်ကုန် မေ ၁၉**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ် (၅/၂၀၁၈) ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများ နှစ်သစ်တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေရန် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဟူသည့် ပင်မတာဝန်ကြီးနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတွက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊ ဥပဒေရေးရာဌာနနှင့် နိုင်ငံတကာဆက်ဆံရေးဌာနဟူ၍ လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ကော်မရှင်သည် ကမ္ဘာပေါ်ရှိအခြားသော အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ကျင့်သုံးကြသကဲ့သို့ပင်၊ ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသည့်ဆုံးဖြတ်ချက်ချမှတ်အရေးယူခြင်းကို ဆောင်ရွက်ပိုင်ခွင့်မရှိသော်လည်း လွတ်လပ်သော နိုင်ငံတော်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် အားလျော်စွာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်တို့သို့ အစီရင်ခံစာတင်သွင်းခြင်းနှင့် လူ့အခွင့်အရေးဖောက်ဖျက်မှုအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများသို့ ပေးပို့ခြင်းစသည်တို့ကို ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ် မေ ၁၂ ရက်တွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များအားတွေ့ဆုံစဉ် တရားဥပဒေမဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုများကို နိုင်ငံသူနိုင်ငံသားများနှင့် နောင်မျိုးဆက်များ မခံစားရစေရေးအတွက် လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပိုမိုအရှိန်မြှင့်တင်၍ တည်ဆဲဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်စေလိုပါကြောင်းဖြင့် လမ်းညွှန်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း ကော်မရှင်၏အကြံပြုချက် တိုက်တွန်းချက်များအပေါ် အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# အင်းလေးဒေသသွား ရွှေညောင်-ညောင်ရွှေကားလမ်း နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**တောင်ကြီး မေ ၁၉**

ရွှေညောင်-ညောင်ရွှေကားလမ်းသည် မိတ္ထီလာ-တောင်ကြီး- ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၁၁၃/၅) မှ ညာဘက်သို့ခွဲထွက်၍ ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ ဖောင်တော်ဦးဘုရားသို့ သွားသောကားလမ်းဖြစ်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ရှစ်မိုင်ရှိသည်။

အဆိုပါကားလမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ငွေလုံးငွေရင်း ရန်ပုံငွေ ၁၀၀၈ ဒသမ ၅၅ သန်း၊ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေ ၂၀၅ ဒသမ ၂၂၇ သန်းဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းလမ်းဦးစီးဌာနနှင့် တောင်ကြီးခရိုင်လမ်းဦးစီးဌာနတို့၏ ကြီးကြပ်မှုကို ခံယူပြီး တောင်ကြီးမြို့နယ် နှင့် ညောင်ရွှေမြို့နယ်လမ်းဦးစီးဌာနတို့က ခွဲဝေတာဝန်ယူ၍ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ကားလမ်းကို အဆင့်မြှင့်တင်ရာတွင် ၁ ဒသမ ၂ မိုင်ကို ၂၄ ပေချဲ့၍ နိုင်လွန်ကတ္တရာခင်းခြင်း၊ ၆ ဒသမ ၆ မိုင်ကို ၁၈ ပေချဲ့၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကားလမ်းပေါ်ရှိ တံတားများကို ပြင်ဆင်တည်ဆောက်ခြင်း၊ လမ်းပခုံးအကျယ် သုံးပေချဲ့ခြင်း၊ အထူခြောက်လက်မခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**





# ကြိုးတံတားများ စစ်ဆေးပြင်ဆင်ရေးအတွက် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၁၉**

လမ်းပန်းဆက်သွယ်မှု ချောမွေ့ရေးနှင့် ပြည်သူများအသက်အန္တရာယ်ကင်းရှင်းရေးအတွက် တစ်နိုင်ငံလုံးရှိကြိုးတံတား ၂၉ စင်းကို အသေးစိတ်စစ်ဆေးရန်နှင့် ပြန်လည်ပြုပြင်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှအင်ဂျင်နီယာများနှင့် China Highway Construction Association မှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ပြုလုပ်သည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက မြန်မာတစ်နိုင်ငံလုံးရှိ ကြိုးတံတား ၂၉ စင်း စစ်ဆေးရေးနှင့် ပြန်လည်ပြုပြင်ရန် လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ကြိုးတံတားများစစ်ဆေးရန် မြန်မာအင်ဂျင်နီယာများ ပူးပေါင်းပါဝင်ပြီး နည်းပညာရပ်များကို တတ်ကျွမ်းအောင်လေ့လာသင်ယူရန် လိုပါကြောင်း၊ China Highway Construction Association မှ ပညာရှင်များကလည်း equipment အသုံးပြုပုံ ၊ စစ်ဆေးပုံ၊ တွက်ချက်ပုံများ သင်ကြားပေးစေလိုကြောင်း ၊ကြိုးတံတားများ စစ်ဆေးရာတွင် လူ့အန္တရာယ်မထိခိုက်ရန်အရေးကြီးပါကြောင်း၊ ယခုစစ်ဆေးမည့်တံတားများတွင် သက်တမ်းရှည်တံတားများ ပါဝင်ပါကြောင်း၊ Main Cable စစ်ရာတွင် စစ်ဆေးချက်နည်းလမ်းမမှန်ကန်ပါက ပိုမိုပျက်စီးတတ်ပါကြောင်း၊ မြောင်းမြတံတားလို Post Model လုပ်ပြီးမှ ကျန်တံတားများ ဘယ်နေရာမှာ ထိခိုက်မှုရှိနိုင်သည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် China Highway Construction Association မှ Director Mr. CHU Yili က မြန်မာတစ်နိုင်ငံလုံးရှိကြိုးတံတားများ အသေးစိတ်စစ်ဆေးရန်နှင့် ပြန်လည်ပြုပြင်ရန် လိုအပ်ချက်များနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးသည်။ ယင်းနောက် တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဒေါ်သိန်းနုက မြန်မာတစ်နိုင်ငံလုံးရှိကြိုးတံတား ၂၉ စင်း၏ လက်ရှိအခြေအနေကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး China Highway Construction Association မှ ပညာရှင် Mr.CHEN Weihao က ကြိုးတံတားများပြင်ဆင်ရေးနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးကျော်လင်းက ကြိုးတံတားများအသေးစိတ်စစ်ဆေးပေးရန်နှင့်ပြန်လည်ပြုပြင်ရန် လိုအပ်ချက်များနှင့် အန္တရာယ်ရှိနိုင်သည့် ကြိုးတံတားများအား ဦးစားပေးပြုပြင်ရန်နှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တတိယအကြိမ်မြောက် မြိုအမျိုးသားနေ့ကို ကျောက်တော်မြို့နယ်၌ ကျင်းပမည်

**ပုဏ္ဏားကျွန်း မေ ၁၉**

တတိယအကြိမ်မြောက် မြိုအမျိုးသားနေ့ကို မေ ၂၁ ရက် ကျောက်တော်မြို့နယ် လေကွီကျေးရွာ၌ မြိုတိုင်းရင်းသားယဉ်ကျေးမှုဓလေ့ရိုးရာအတိုင်းစည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးစီစဉ်သူထံမှ သိရသည်။

ပထမ-ဒုတိယ အကြိမ် မြိုအမျိုးသားနေ့ကို ပုဏ္ဏားကျွန်းမြို့နယ် ဗန်းပွီးကျေးရွာတွင် ကျင်းပခဲ့ပြီး မြိုအမျိုးသားနေ့ကို ကျင်းပရခြင်းမှာ ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အမျိုးဂုဏ်ယဉ်ကျေးမှုအမွေအနှစ်များ ပပျောက်မသွားရအောင် ယခုခေတ်လူငယ်များနှင့် နောင်လာနောက်သားများသိရှိလာစေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း မြိုအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌဦးဇနီဖြူက ပြောသည်။

မြိုအမျိုးသားသည် ရခိုင်တိုင်းရင်းသားမျိုးနွယ်စု ခုနစ်ခုထဲတွင် မျိုးနွယ်စုတစ်ခုပါဝင်ပြီး ပွဲကိုရိုးရာအဆိုအကများ၊ ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုနှင့်သက်ဆိုင်သောရှေးဟောင်းအမွေအနှစ်များကို ခင်းကျင်းပြသထားမည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများနှင့် သတင်းမီဒီယာများကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

## ကချင်ပြည်နယ်အတွင်း မြို့ဝင်ဘီးခွန်များ ကောက်ခံခြင်းမပြုရန် တားမြစ်

**မြစ်ကြီးနား မေ ၁၉**

ကချင်ပြည်နယ်အတွင်းရှိ ဘီးခွန်ကောက်ခံသည့်ဂိတ်များကို မေ ၁၉ရက်မှစ၍ မြို့ဝင်ဘီးခွန်ကောက်ခံခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန် စစ်ဆေးကြီးကြပ်တားမြစ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အဆိုပါ မြို့ဝင်ဘီးခွန်များကောက်ခံခြင်းမပြုရန် အခြားမြို့များနည်းတူပြုလုပ်နေခြင်းဖြစ်ပြီး ခရီးသွားပြည်သူများနှင့် လုပ်ငန်းရှင်များ ဝန်ထုပ်ဝန်ပိုးမဖြစ်စေခြင်းတို့ကြောင့် ကချင်တစ်ပြည်နယ်လုံးရှိ မြို့ဝင်ဘီးခွန်များကောက်ခံခြင်း ပြုလုပ်နေသည်ကို တားမြစ်သွားရန်ရှိကြောင်း သိရသည်။

၂၀၁၈ခုနှစ် ပထမခြောက်လပတ်(မေလမှစက်တင်ဘာလအထိ) မြို့ဝင်ဘီးခွန်ကောက်ခံခြင်း လေလံရရှိထားသည့် သက်ဆိုင်ရာလုပ်ငန်းရှင်များကိုလည်း လုပ်ငန်းအာမခံငွေ ၁၀ ရာခိုင်နှုန်းနှင့် လေလံအရစ်ကျပေးသွင်းထားမှုများအပေါ် ပြန်လည်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့ဝင်ဘီးခွန်များ၏ တစ်နှစ်စာ လေလံကြေးအဖြစ် ဗလမင်းထင်မြို့ဝင်ဘီးခွန်ဂိတ်မှ ငွေကျပ်သိန်းပေါင်း ၁၄၄၀ ရရှိပြီး ရှဒေါင်ဂိတ်မှ ငွေကျပ်သိန်းပေါင်း ၁၅၅၀ စုစုပေါင်းငွေကျပ်သိန်းသုံးထောင်ခန့်ရရှိကြောင်း စည်ပင်သာယာရေးအဖွဲ့၏ စာရင်းမှတ်တမ်းများအရသိရပြီး အဆိုပါလေလံကြေးငွေများကို စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းစဉ်တွင်ပါဝင်သည့် လမ်းတံတားဆောက်လုပ်ရေး၊ ရေပေးဝေရေး၊ ရပ်ရွာသန့်ရှင်းသာယာလှပရေးများနှင့် လူထုအကျိုးပြုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနေကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်ဘီးခွန် သတ်မှတ်နှုန်းထားများမှာ တန်၂၀ အောက် ယာဉ်များကိုငွေကျပ် ၂၀၀၀၀၊ ၁၀ တန်မှ တန် ၂၀ အောက် ယာဉ်များကိုငွေကျပ် ၅၀၀၀၊ ၅ တန်မှ ၁၀ တန်အောက်ယာဉ်များကို ငွေကျပ် ၃၀၀၀၊ သုံးတန်မှငါးတန်အောက်ငွေကျပ် ၁၀၀၀၊ တစ်တန်မှသုံးတန်အောက် ငွေကျပ်၅၀၀၊ တစ်တန် အောက်ယာဉ်များကိုငွေကျပ် ၃၀၀၊ အိမ်စီးကားများကို ငွေကျပ် ၃၀၀၊ ဆိုင်ကယ်နှင့် သုံးဘီးများကိုငွေကျပ် ၂၀၀ ကောက်ခံခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**



## စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ အဓိပတိမဟာနာယက သက်တော်ရှည်ဆရာတော်ကြီး အရှင်ဉာဏစက္က၏ ဥတုဇရုပ်ကလာပ်တော် ဘဝစံကျောင်းပြောင်းရွှေ့စံတော်မူ

**စစ်တွေ မေ ၁၉**

စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ အဓိပတိမဟာနာယက သက်တော်ရှည်ဆရာတော်ကြီး အရှင်ဉာဏစက္က၏ ဥတုဇရုပ်ကလာပ်တော်အား မန္တလေးမြို့မှ တပ်မတော်လေယာဉ်ဖြင့်ပင့်ဆောင်လာရာ စစ်တွေမြို့သို့ မွန်းလွဲ ၃ နာရီ ၂၀ မိနစ်တွင်ရောက်ရှိသည်။

ထိုသို့ပင့်ဆောင်လာစဉ် စစ်တွေလေဆိပ်တွင် ပြည်တွင်းပြည်ပသာသနာပြု အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပရိယတ္တိသာသနာ့ဟိတဓရ ကျေးဇူးတော်ရှင် ဒေါက်တာ အရိယဝံသ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ရဟန်းသံဃာများ၊ သီလရှင်များ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်နှင့် ဌာနဆိုင်ရာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ ညှော့ပရိသတ်ငါးထောင်ကျော်တို့က ကြိုဆိုဖူးမြော်ကြသည်။ ထို့နောက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စစ်တွေလေဆိပ်မှ ဘဝစံကျောင်းပြောင်းရွှေ့စံတော်မူမည့် စစ်တွေမြို့အာကျိုတ်တော်ကုန်းရှိ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကရဝိတ်ယာဉ်တော်ဖြင့် ရဟန်း၊ ရှင်လူပြည်သူများကပင့်ဆောင်တော်မူကြသည်။ ပင့်ဆောင်လာစဉ် လမ်းဘေးဝဲယာရှိ ပြည်သူများက ရဟန်းသံဃာများနှင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ပင့်ဆောင်ကြသူ များအား ရေသန့်နှင့် အချိုရည်များဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့အာကျိုတ်တော်ကုန်း စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် ရခိုင်ပြည်နယ်လုံးဆိုင်ရာ စိတ္တသုခကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ အဓိပတိမဟာနာယက လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက သီလဝန္တ သံသာရဘီရုက ပဋိပတ္တိဝိသာရဒ ခမာဇာဂရိယ စသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်မြို့ ပုလဲမြို့သစ်၊ မန္တလေးတိုင်းဒေသကြီး တံတားဦး၊ ပြင်ဦးလွင်နှင့် တာချီလိတ်မြို့များရှိ ကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင်ဆရာတော်ကြီးမှာ မေ ၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျေးရွာများတွင် ယနေ့အထိ နွား ၇၁၃ ကောင်နှင့် ဆိတ် ၁၀၀၇ ကောင်အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းအနီးရှိ ကန်သာယာ(တိုင်းရင်းသား) ကျေးရွာ နွား ၃၆ ကောင်အား ပေါင်ပုပ်လက်ပုပ်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆိတ် ၂၅ ကောင်အား အားဆေးများ ထိုးနှံပေးခြင်း၊ ပန်းတောပြင်၊ ခုံတိုင်နှင့် ငါးခူရစခန်းသုံးခု ပတ်ဝန်းကျင်ရှိကျေးရွာများတွင် စုစုပေါင်း နွား ၇၁၃ ကောင်နှင့် ဆိတ် ၁၀၀၇ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေးသွားမည့် ခရီးသည်တင်ယာဉ်ပေါ်မှ အထောက်အထားမတင်ပြနိုင်သည့် ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် မေ ၁၉**




တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅၄ စီး ၊ သွင်းကုန် ၅၂၁ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ခြောက်စီး ၊ သွင်းကုန် ၁၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ ဒသမ ၇၄ သန်းခန့် ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၈ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်၏ အောက်ကြမ်းခင်းတွင် အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် MI 32" TV ၁၇ လုံး၊ MI 50" TV သုံးလုံး၊ Home Theater ၃၄ လုံး၊ Phone Charger အခု ၂၈၀၊ MI Note 3 Handset ၉၄ လုံးနှင့် Red MI Handset ၈၉၅ လုံး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၇၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(အပေါ်ပုံ) သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၀ -၄-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြည်သူ့လွှတ်တော်)
- ၉း၀၀ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)
- ၁၁း၄၀ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **ယတြာ** အားသစ်၊ နန်းဆုဦး၊ စုမြတ်နိုးဦး၊ ရွှေသမီး၊ ရတနာဗို၊ ဆောင်းယွန်းစံ၊ မြတ်သူသူဇင်၊ ခေးဆက်သွင် (ဒါရိုက်တာ- ပြည်ဟိန်းသီဟ)
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၁၂)

**ညပိုင်း**

- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း **သွေးအိတ်ရောဂါနှင့် အသားလုံးရောဂါအကြောင်း သိကောင်းစရာ**
- ၁၈း၂၀ - ရုပ်ရှင်ရိုက်မယ်(အပိုင်း-၁၀) (ကိုလေး- အင်းဝဂုဏ်ရည်၊ ကျော်လွန်၍)
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနံ့** (အပိုင်း-၁၃) မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော် (ဒါရိုက်တာ- အောင်သြဘာ)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (အမျိုးသားလွှတ်တော်)
- **နိုင်ငံတော်အစိုးရ၏ ပြည်သူ့ အတွက် ဒုတိယတစ်နှစ်တာ** (နယ်စပ်ရေးရာဝန်ကြီးဌာန)
- America's Got Talent
- နိုင်ငံခြားဇာတ်လမ်းတွဲ
- **ချစ်ကြွေးရာဇဝင်**(အပိုင်-၂၆)

# လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်၊ အဆောက်အအုံနှင့် ဘုရားစေတီအချို့ ပျက်စီးမှုများဖြစ်ပေါ်

## ပေါင်းတည်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်း မေ ၁၉ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းထပ်မံတိုက်ခတ်မှုကြောင့် နေအိမ် ၇၀ ကျော် အမိုးလန်ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပုံချီတက်အုပ်စု ညောင်နီပင်ကျေးရွာတွင် လူနေအိမ် ၅၇ လုံး၊ အဂ္ဂရာပြည့်အုပ်စုတွင် လူနေအိမ် ရှစ်လုံး၊ သစ်ပုတ်အုပ်စု နတ်ရေတွင်းကျေးရွာတွင် လူနေအိမ် သုံးလုံး၊ ဇီးပင်လှအုပ်စု ကျောက်တန်းကျေးရွာတွင် လူနေအိမ် သုံးလုံး စုစုပေါင်းအိမ်ခြေ ၇၀ ကျော်အမိုးလန် ပြိုလဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကနဦးသတင်းရရှိသည်။ မေ ၁၆ ရက်ကလည်း လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ခြေ ၅၃၆ လုံးကျော် ပျက်စီးကာ အမျိုးသမီးတစ်ဦး သေဆုံး၍ တစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## လက်ပံတန်း

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်တွင် မေ ၁၈ရက် ည ၈ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဧရာဝတီမြစ်နှင့် မြစ်မခမြစ်အနီးရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ နေအိမ် ၄၃၇ လုံး ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ ဆင်မနီကျေးရွာအုပ်စု၊ လုလင်ကျော်ကျေးရွာအုပ်စု၊ သာရဝေါကျေးရွာအုပ်စု၊ အိုင်တလုတ်ကျေးရွာအုပ်စု၊ အောင်လံကုန်း ကျေးရွာအုပ်စု၊ ခမုံဆိပ်ကျေးရွာအုပ်စု၊ ဇီးဖြူကုန်းကျေးရွာအုပ်စု၊ ကညင်တိုကျေးရွာအုပ်စုနှင့် ဗောဓိပင်ကျေးရွာအုပ်စုတို့တွင် လူနေအိမ် ၃၈ လုံး ပြိုလဲကာ နေအိမ် ၃၉၉ လုံး အမိုးလန်ပြီး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များမှ မိသားစုများအား နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များ၌ နေရာချထားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မင်းဘူး

မင်းဘူးမြို့တွင် ယနေ့ ညနေ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မင်းဘူးမြို့ အမှတ် ၄ ရပ်ကွက်ရှိ ရှင်ဘုရင်ညီနောင်ဘုရား ထီးတော်ပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ “အရင်မြေငလျင်ကြီး လှုပ်တုန်းကလည်း ဘုရားက အက်သွားပြီး စိန်ဖူးတော်ပြုတ်ကျခဲ့တယ်၊ အခုလေပြင်းတိုက်တော့ ထီးတော်က အရှေ့ဘက်ကို ပြိုကျခဲ့ပါတယ်”ဟု မရှိခဏကျောင်းတိုက် ဆရာတော် ဦးပညာဇောတထံမှ သိရသည်။

**မျိုးမြတ်(မင်းဘူး)**

## ဇလွန်

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် မေ ၁၈ ရက် ည ၇ နာရီမှ ၇ နာရီ ၁၅ မိနစ် အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ဇလွန်မြို့နယ် ညောင်ပင်ဈေးရပ်ကွက် တောင်ပို့တစ်ရာကျေးရွာအုပ်စု၊ အထွင်ရွကျေးရွာအုပ်စုနှင့် သာခုချောင်းကျေးရွာအုပ်စုတို့တွင် လူနေအိမ်၇၄လုံးမှ ၆၆ လုံး အမိုးလန်ခြင်း၊ နေအိမ်ရှစ်လုံး ပြိုလဲခြင်းဖြစ်ပေါ်ခဲ့သည်။ လေဘေးသင့်မိသားစုများသည် မိမိတို့နေအိမ်များကို ပြန်လည်ပြုပြင်နေထိုင်ခြင်း၊ နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ပြောင်းရွှေ့ခိုလှုံနေထိုင်လျက်ရှိပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှု မရှိကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

## သာယာဝတီ

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် မေ ၁၈ ရက် ညနေ ၆ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဘီးလင်းကျေးရွာအုပ်စု၊ ဒေါဝိကျေးရွာအုပ်စု၊ စံရွေးကျေးရွာအုပ်စုတို့တွင် နေအိမ် ၂၈ လုံး အမိုးလန်ပျက်စီးပြီး နေအိမ်လေးလုံး ပြိုကျပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဘီးလင်းကျေးရွာအုပ်စု ဇိုင်းသွယ်ကျေးရွာတွင် လူနေအိမ် ၁၃ လုံး၊ အမိုးလန်ပျက်စီးပြီး နှစ်လုံးပြိုကျပျက်စီးခဲ့သည်။ ဒေါဝိကျေးရွာအုပ်စု ဒေါဝိကျေးရွာ၊ နိဗ္ဗာန်ကုန်းကျေးရွာ၊ သာယာကုန်း



လေပြင်း တိုက်ခတ်၍ ပျက်စီးသွားသော လေးမျက်နှာမြို့နယ်ရှိ နေအိမ်တစ်အိမ်အား ကူညီကယ်ဆယ်ရေးအဖွဲ့များ ပြန်လည်ပြုပြင်ပေးနေစဉ်။

ကျေးရွာတို့တွင် နေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ပြီး စံရွေးကျေးရွာအုပ်စု မာလာကာကုန်းကျေးရွာတွင် လူနေအိမ်ကိုးလုံး အမိုးလန်ပျက်စီး၍ နှစ်လုံးပြိုကျပျက်စီးခဲ့ကာ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ လေဘေးသင့်ပြည်သူများသည် နီးစပ်ရာဆွေမျိုးများအိမ်သို့ ရွှေ့ပြောင်းနေထိုင်လျက်ရှိပြီး ပျက်စီးမှုများအား အမြန်ဆုံး ပြန်လည်ပြုပြင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သန့်ဇော်( ပြန်/ဆက်)**

## ဟင်္သာတ

ဟင်္သာတမြို့နယ်၌ မေ ၁၈ ရက် ညနေ ၅ နာရီခန့်က လေပြင်းများ တိုက်ခတ်မှုကြောင့် နေအိမ်အမိုးလန်မှုနှင့် နေအိမ်အချို့ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဟင်္သာတမြို့နယ် ပဲကြီးကျွန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခုနစ်ရွာတွင် အိမ်ခြေ ၂၀၄ လုံးခန့် အမိုးလန်ခြင်းနှင့် နေအိမ်တစ်စိတ်တစ်ပိုင်း ပြိုကျခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်ထံမှ သိရသည်။

အလားတူ လေပြင်းတိုက်ခတ်မှုကြောင့် ဟင်္သာတမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအချို့တွင် နေအိမ်အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးမှုများဖြစ်ပွားခဲ့ပြီး နေအိမ်ပျက်စီးဆုံးရှုံးမှု စာရင်းများအား သက်ဆိုင်ရာဌာနများက မှတ်တမ်းများ ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## လေးမျက်နှာ

ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာအုပ်စုရှိ လယ်တံငယ်ကျေးရွာ၊ ဆူးထိုးကွင်းကျေးရွာနှင့် ယိုးဒယားကွင်းကျေးရွာတို့တွင် မေ ၁၈ ရက် ညနေက လေပြင်းတိုက်ခတ်ခဲ့သဖြင့် ပျက်စီးခဲ့ရသည့် နေအိမ် ၂၅ လုံးအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ပန်းတောကြီးကျေးရွာအုပ်စု မီးသတ်တပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက လေဘေးသင့်နေအိမ်များအား ပြန်လည်ပြုပြင်ခြင်းနှင့် အပျက်အစီးများအား ကူညီရှင်းလင်းခြင်းတို့ကို မေ ၁၉ ရက်က စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းဇော်ထွန်း(မြို့နယ် ပြန်/ဆက်)**

# တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၄၀၀၀၀ ခန့်တန်ဖိုးရှိ အိုက်စ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ မေ ၁၉ ရက် နံနက်ပိုင်းက ငွေကျပ်သိန်းပေါင်း ၄၀၀၀၀ ခန့်တန်ဖိုးရှိ (အိုက်စ်)များ ဝမ်လုံးအုပ်စု လွယ်စီတုံကျေးရွာအဝင် ပြည်သူ့စစ်စခန်းရှေ့၌ ဖမ်းဆီးရမိသည်။

မေ ၁၉ ရက် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် မူးယစ်တပ်ဖွဲ့စု ၃၀ မိနစ် တာချီလိတ်မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွယ်စီတုံကျေးရွာအဝင်၊ ပြည်သူ့စစ်စခန်းရှေ့တွင် စောင့်ဆိုင်းနေစဉ် မိုင်းဟဲဘက်မှ တာချီလိတ်ဘက်သို့ အားဂျာ မောင်းနှင်လာသည့် Toyota Hilux Vigo ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ အလေးချိန် ၂၀၀ ကီလိုခန့် (ဒေသတန်ဖိုး ငွေကျပ်သိန်းပေါင်း ၄၀၀၀၀ ခန့်)အား လည်းကောင်း၊ မော်တော်ယာဉ်ရှေ့ခန်းထိုင်ခုံနှစ်ခုကြားရှိ ဘောက်အတွင်းမှ လက်ကိုင်ဖုန်းသုံးလုံးနှင့် ထိုင်းဘတ်ငွေ ၃၀၅၀၀ တို့အားလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



အလားတူ မေ ၁၄ ရက် ည ၈ နာရီခွဲက KNU တပ်ရင်း(၂၀၃) ငြိမ်းချမ်းရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ရေးအဖွဲ့ဝင် (JMC)မှ ဖဒိုထူးစော ဦးစီးအဖွဲ့သည် မဏ္ဍိုင်-ရတနာပုံလမ်း၊ (ဒေသအခေါ် ၁၆ မိုင်)တွင် အောင်ဆန်းထွေး မောင်းနှင်ပြီး စိုးကိုကို လိုက်ပါလာသည့် မော်တော်ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသဖြင့် သေနတ်ဖြင့်ပစ်ခတ်တားဆီးရာ စိုးကိုကို၏ယာတင်ပါးတွင် သေနတ်ဒဏ်ရာဖြင့် ဖမ်းဆီးရမိခဲ့ပြီး အောင်ဆန်းထွေးမှာ ထွက်ပြေး လွတ်မြောက်သွားသဖြင့် မော်တော်ယာဉ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၉၆၅ ပြား၊ အိုက်စ် ၁ ဒသမ ၀၂၇၉ ကီလို၊ ငွေကျပ် ၁၁၀၀ နှင့် မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း၊ ထို့အတူ မေ ၁၈ ရက် ညနေ ၃ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းနှင့် နန့်မကျိုင်းကျေးရွာလမ်းဆုံ မိုင်တိုင်အမှတ် ၂၃၄ တွင် အားဟောင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၂၂၀ (ဘိန်းဖြူအလေး ချိန် ၂ ဒသမ ၂ ကီလို)၊ ငွေကျပ် ၁ ဒသမ ၁ သိန်း၊ ဖုန်းသုံးလုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့၍ ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ၊ မြင့်မိုရ်(တာချီလိတ်)**

# နွားထိုးကြီးမြို့နယ်၌ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် သေနတ်ပစ်ဖောက်ဖမ်းဆီး

**နွားထိုးကြီး မေ ၁၉**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဥသျှစ်ကုန်းကျေးရွာတွင် ယနေ့ နံနက်ပိုင်းက ဓားခုတ်မှု ဖြစ်ပွားသဖြင့် ပြစ်မှုကျူးလွန်သူအား သွားရောက်ဖမ်းဆီးစဉ် အဖမ်းမခံဘဲ ဓားဖြင့် ပြန်လည်ခုခံသဖြင့် သေနတ်လေးချက် ပစ်ဖောက်ဖမ်းဆီးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဥသျှစ်ကုန်းကျေးရွာတွင် မောင်ဆန်း(ခ)ဆန်းလွင် (၄၅ နှစ်)က လမ်းဖောက်နေသော ကော်မတီဝင်များကိုရန်ပြုရာတွင် ဦးကျော်လှိုင် (၆၃ နှစ်)ကို အရိုးအသွား ၁၉ လက်မ ဓားဖြင့် ခုတ်ရာ ဒဏ်ရာများရရှိခဲ့သဖြင့် နွားထိုးကြီးမြို့မရဲစခန်းက အမှုဖွင့်ပြီး ရဲအုပ်သိန်းထွန်းကျော်နှင့် ရဲတပ်ဖွဲ့ဝင်တို့က သွားရောက်ဖမ်းဆီးကြသည်။

ထိုသို့ သွားရောက်ဖမ်းဆီးစဉ် မောင်ဆန်း(ခ)ဆန်းလွင်အား ဖမ်းဆီးရာ အဖမ်းမခံဘဲ အရှည် ၄၄ လက်မရှိ နှစ်ဖက်ချွန်ဝါးလုံး၊ လေးခွတို့ဖြင့် ခုခံသဖြင့် ရဲအုပ်သိန်းထွန်းကျော်မှာ ဒဏ်ရာရပြီး၊ ရဲဒုတပ်ကြပ် ရဲမြင့်က ၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် နှစ်ချက်ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရဲအုပ်သိန်းထွန်းကျော်အား ရန်ပြုလာသဖြင့် ၃၈ ဗို့ ခြောက်လုံးပြူး သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ရာ ပြစ်မှုကျူးလွန်သူ မောင်ဆန်း(ခ) ဆန်းလွင်မှာ ဒဏ်ရာရရှိခဲ့သော်လည်း ဆက်လက်ခုခံနေသဖြင့် လုံးထွေးဖမ်းဆီးစဉ် ရဲတပ်သားရန်နိုင်ဖြိုး၊ ရဲတပ်ကြပ်အောင်ကျော်မိုးတို့ ဒဏ်ရာရရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိသည်။ ယင်းနောက် ပြစ်မှုကျူးလွန်သူအား နွားထိုးကြီးဆေးရုံပို့ရာတွင် ဒဏ်ရာပြင်းထန်၍ မန္တလေးဆေးရုံသို့ဆက်လက်ပို့ဆောင်ထားကာ ၎င်းအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်-ဥပဒေ**

# ဦးကိုနီ လုပ်ကြံခံရမှု စစ်ဆေးနိုင်ခြင်းမရှိသေး၍ ရုံးချိန်းနှစ်ပတ် ထပ်မံချိန်းဆိုထား

**ရန်ကုန် မေ ၁၉**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ကြည်လင်း၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့လေးဦးမှာ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့ နံနက် ၁၀နာရီက ရုံးထုတ်ရောက်ရှိလာသော်လည်း စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိသေး၍ ရက်သတ္တနှစ်ပတ် ထပ်မံချိန်းဆိုထားကြောင်း သိရသည်။

အဆိုပါအမှု၌ သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်က “မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၂ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ) အမှုတွဲများအားလုံးဟာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှာ ဆောင်ရွက်စရာရှိတဲ့ကိစ္စတွေ ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အမှုတွဲပြန်မရောက်လာသေးပါ၊ ဒါကြောင့် ကျွန်တော်တို့ အထူးတရားခုံရုံးက စစ်ဆေးမှု မပြုလုပ်နိုင်သေးတဲ့အတွက် မေ ၃ ရက် (ကြာသပတေးနေ့)ကို ထပ်မံချိန်းဆိုထားတာဖြစ်ပါတယ်”ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြန်မာနိုင်ငံသားမှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားတို့ကို ကိုင်ဆောင်သည့် နိုင်ငံခြားသားအား အရေးယူ

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးလေဆိပ်တွင် တာဝန်ကျရဲတပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မန္တလေးလေဆိပ်မှ ထိုင်းနိုင်ငံ ဒွန်မောင်းလေဆိပ်သို့ လိုက်ပါမည့် ခရီးသည် ဗီယက်နမ်နိုင်ငံသား Mr. Mai True Thong ၏ ခရီးဆောင်အိတ်အား စစ်ဆေးရာ ဦး---- အမည်ဖြင့် မှတ်ပုံတင်အမှတ် ၁၃/နစန(နိုင်)---- နှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ အား ကိုင်ဆောင်ထားရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် လေဆိပ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနသို့ အပ်နှံခဲ့သည်။

စစ်ဆေးချက်အရ အဆိုပါ ဗီယက်နမ်နိုင်ငံသားသည် မြန်မာနိုင်ငံသားမှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းတို့အား တရားမဝင်ကိုင်ဆောင်ထားရှိပြီး လက်ဝယ်တွေ့ရှိခြင်း၊ ဗီဇာစည်းကမ်းဖောက်ဖျက်ခြင်းတို့အား စစ်ဆေးတွေ့ရှိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန် တိုင်တန်းချက်အရ ဗီယက်နမ်နိုင်ငံသား Mr. Mai True Thong အား လေဆိပ်နယ်မြေရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တူရကီတွင် အရေးပေါ်အခြေအနေကြေညာမှုကို နောက်ထပ်သုံးလအထိ အချိန်ကာလတိုးမြှင့်

**အန်ကာရာ မေ ၁၉**

တူရကီပါလီမန်လွှတ်တော်သည် နိုင်ငံအတွင်း၌ အရေးပေါ်အခြေအနေကြေညာထားမှုကို နောက်ထပ်သုံးလအထိအချိန် တိုးမြှင့်သွားရန် အတည်ပြုလိုက်ကြောင်း သိရသည်။

ယခုကဲ့သို့ အရေးပေါ်အခြေအနေကို တိုးမြှင့်ခြင်းသည် ခုနစ်ကြိမ်မြောက်ဖြစ်ပြီး တူရကီနိုင်ငံအတွင်း၌ ကြေညာထားသည့်အရေးပေါ်အခြေအနေ နှစ်နှစ်ပြည့်မြောက်တော့မည့် အစိပ္ပာယ်ဖြစ်သည်။

ယင်းအခြေအနေအောက်တွင် ပါလီမန်လွှတ်တော်နှင့် သမ္မတရွေးကောက်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တူရကီသည် လူပေါင်း ၂၅၀ ကို သေဆုံးစေခဲ့ပြီး ထောင်ပေါင်းများစွာကို ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် အရေးပေါ်အခြေအနေ တစ်ရပ်ကြေညာခဲ့သည်။

တူရကီအစိုးရသည် အမေရိကန်အခြေစိုက် အစ္စလာမ်ဘာသာရေးခေါင်းဆောင် ဖက်တူလာဂူလန်ကို အာဏာသိမ်း ကြိုးပမ်းမှု၏ နောက်ကွယ်တွင် ကြိုးကိုင်စီမံနေသူအဖြစ် စွပ်စွဲခဲ့သည်။

အင်္ဂါနေ့က ဝန်ကြီးများ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီးနောက်တွင် တူရကီဒုတိယဝန်ကြီးချုပ် ဘီကာဘော့ဇဒက်က အရေးပေါ်အခြေအနေကြေညာမှုသည် နိုင်ငံသားများ ငြိမ်ဝပ်ပိပြားစေရန်သာမက အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများကို ပစ်မှတ်ထား၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဓိကအတိုက်အခံဖြစ်သည့် ရီပတ်ဘလစ်ကန်ပြည်သူ့ပါတီက လာမည့် ရွေးကောက်ပွဲများအပေါ် အရိပ်လွှမ်းမိုးသက်ရောက်လာနိုင်သည့်အတွက် အရေးပေါ် အခြေအနေကြေညာထားမှုကို မကြာမီရုပ်သိမ်းပေးရန် အစိုးရသို့ တိုက်တွန်းခဲ့သော်လည်း အစိုးရက အရေးပေါ်အခြေအနေကို အချိန်ထပ်မံတိုးမြှင့်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**




တူရကီပါလီမန်လွှတ်တော်၌ နိုင်ငံအတွင်း အရေးပေါ်အခြေအနေကြေညာမှု အချိန်ကာလတိုးမြှင့်ရေး ဥပဒေပြုလွှတ်တော်အမတ်များ မဲပေးနေကြစဉ်။

# ဂျပန်နိုင်ငံတောင်ပိုင်းရှိ အိုင်အိုယာမာ မီးတောင်ပေါက်ကွဲ

**တိုကျို မေ ၁၉**

ဂျပန်နိုင်ငံတောင်ပိုင်းရှိ အိုင်အိုယာမာ မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်ဝနှင့် ဧရိယာတစ်ဝိုက်တွင် မီးခိုးပြာများနှင့် ကျောက်သားများ လွင့်စဉ်ခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုသည် ကြာသပတေးနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၃၉ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု မိုးလေဝသအေဂျင်စီက ပြောကြားခဲ့သည်။




အိုင်အိုယာမာမီးတောင်သည် ကီရီရှီမာ တောင်တန်းဧရိယာအတွင်းရှိ မီးတောင်များအနက်တစ်ခုဖြစ်ပြီး ကျူးရှူးကျွန်းပေါ်ရှိ ကာဂိုရှီမာနှင့် မီယာဇာကီ စီရင်စုအကြားနယ်စပ်ကို နှစ်ဖက်ခွလျက်တည်ရှိသည့် မီးတောင်ဖြစ်သည်။

မိုလေဝသအေဂျင်စီမှအာဏာပိုင်များသည် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားနိုင်သည့် သတိပေးနှိုးဆော်ချက်ကို အဆင့်သုံးသို့ တိုးမြှင့်ခဲ့သည်။ ထို့နောက် မီးတောင်နှင့် ဝေးရာတွင် ရှောင်တိမ်းနေထိုင်ကြရန် ဒေသခံပြည်သူများအား သတိပေးခဲ့သည်။

အာဏာပိုင်များသည် မီးတောင်ဝ၏ ဗဟိုချက်မှ နှစ်ကီလိုမီတာအကွာအတွင်း ကျောက်တုံး၊ ကျောက်စိုင်များနှင့် ချော်ရည်ပူများ စီးဆင်းနိုင်သည့် အန္တရာယ်ကိုလည်း သတိပေးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ဆီးရီးယားအရှေ့ပိုင်း၌ အိုင်အက်စ်တို့ အလစ်ဝင်တိုက်မှုကြောင့် အစိုးရတပ်မှ တပ်ဖွဲ့ဝင် ၂၅ ဦး ကျဆုံး

**ဒမတ်စကတ် မေ ၁၉**

အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွအုပ်စုသည် လွန်ခဲ့သော ခြောက်လအကြာက ၎င်းတို့လက်လွှတ်ဆုံးရှုံးခဲ့ရသည့် ဆီးရီးယားအရှေ့ပိုင်းရှိ မြို့တစ်မြို့အနီးတွင် ရုတ်တရက်ဝင်ရောက်တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ရာ ဆီးရီးယားအစိုးရမှ တပ်ဖွဲ့ဝင် ၂၅ ဦး ကျဆုံးခဲ့ကြောင်း စစ်ရေးစောင့်ကြည့်စစ်ဆေးမှုအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့ ညနေခင်းကလည်း မေရာဒင်အနီးတွင် အိုင်အက်စ်အစွန်းရောက်အဖွဲ့က လုပ်ဆောင်ခဲ့သည့် တိုက်ခိုက်မှုအတွင်း ဂျီဟတ်စစ်သွေးကြွ ၁၃ ဦးထက်မနည်း သေဆုံးခဲ့ရသည်ဟု ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်မှုအဖွဲ့က ပြောကြားခဲ့သည်။

သို့သော်လည်း ကြာသပတေးနေ့တွင် စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တစ်ခုက ယူဖရေးမြစ်အနောက်ဘက်ကမ်းပါးတစ်လျှောက်ရှိ ဆီးရီးယားတပ်မတော်တည်ရှိရာနေရာများကို မည်သည့်တိုက်ခိုက်မှုမျှ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း ငြင်းဆန်ခဲ့သည်။

အမေရိကန်ကျောထောက်နောက်ခံပေးထားသည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့များသည် ကာ့ဒ်စစ်သွေးကြွများနှင့် အာရပ်တိုက်ခိုက်ရေးတပ်ဖွဲ့များ၏ မဟာမိတ်အဖွဲ့ဖြစ်ပြီး ယူဖရေးမြစ်၏အရှေ့ဘက် နယ်နိမိတ်အများစုကို ထိန်းချုပ်ထားသည်။

ယင်းနေရာမှ ကျေးရွာအချို့တို့သည် အိုင်အက်စ်အဖွဲ့၏ ထိန်းချုပ်မှုအောက်ကျရောက်နေဆဲဖြစ်သည်။

**အေအက်ဖ်ပီ**

# ဆီးရီးယားအရေးနှင့် ပတ်သက်၍ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းကို ရုရှားစိတ်ဝင်စားဟန် မပြ

**မော်စကို မေ ၁၉**

ရုရှားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် ဗာစီလီနီဘန်ဇီယာသည် ပြင်သစ်၊ ဗြိတိန်နှင့်အမေရိကန်တို့က ဖြန့်ဝေဆောင်ရွက်ခဲ့သော ဆီးရီးယားအရေးနှင့်စပ်လျဉ်းသည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်း အသစ်တစ်ရပ်ကို အချိန်အခါနှင့် မလျော်ညီသော၊ အမှန်တကယ် မလိုအပ်သော ဆုံးဖြတ်ချက်မူကြမ်းတစ်ခုအဖြစ် အမည်တပ်ခဲ့ကြောင်း သိရသည်။

ဆုံးဖြတ်ချက်မူကြမ်းကို ပြီးခဲ့သည့် စနေနေ့က လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအတွင်း ဖြန့်ဝေအသိပေးခဲ့ပြီး တနင်္လာနေ့တွင် ညှိနှိုင်းဆွေးနွေးမှုများ စတင်ဆောင်ရွက်ခဲ့သည်။

သို့သော် နီဘန်ဇီယာက ယင်းကိစ္စအပေါ် အလေးအနက်ရှိဟန် မပြခဲ့ပေ။

ယင်းဆုံးဖြတ်ချက် မူကြမ်းသည် အခြေအနေ အချိန်အခါနှင့် သင့်လျော်ညီညွတ်မှုမရှိကြောင်း နီဘန်ဇီယာက သတင်းထောက်များသို့ ပြောခဲ့သည်။

ရုရှားကိုယ်စားလှယ်များသည် ပထမအကျော့ ဆွေးနွေးပွဲများသို့ နားထောင်ရုံသက်သက်မျှသာ တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

သို့သော် ဆီးရီးယားအရေး ကြိုးပမ်းမှုသည် အချိန်အခါနှင့် လျော်ညီမှုမရှိဟု ယုံကြည်လျက်ရှိကြောင်း ၎င်းက ပြောသည်။

ပြင်သစ်နိုင်ငံဆိုင်ရာ ကုလသံတမန် ဖရန်ဆွာဒီလတ်ထရီက ဆီးရီးယားအရေး ဆုံးဖြတ်ချက်မူကြမ်းသည် နိုင်ငံရေးနှင့် လူသားချင်း စာနာထောက်ထားမှုအကြောင်းအရာများအပြင် ဆီးရီးယား၌ ဓာတုလက်နက်အသုံးပြုမှုများ အားလုံးလွှမ်းခြုံပါဝင်သည့် မူကြမ်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လုံခြုံရေးကောင်စီအဖွဲ့ဝင်များသည် ဆီးရီးယား၌ ဖြစ်ပွားခဲ့သည့် ဓာတုလက်နက် တိုက်ခိုက်မှုအတွက် စုံစမ်းစစ်ဆေးမှုယန္တရားသစ် တစ်ရပ်ကို ထူထောင်ရန် ကြိုးပမ်းခဲ့ကြသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန် ခရီးသည်တင် လေယာဉ် အင်ဂျင် ပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံး

**ဝါရှင်တန် မေ ၁၉**

ခရီးသည် ၁၄၉ ဦး တင်ဆောင်လာသည့် အမေရိကန် ခရီးသည်တင် ဂျက်လေယာဉ်တစ်စင်း အင်ဂျင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ အမေရိကန်ပြည်ထောင်စု ပင်ဆီလ်ဗေးနီးယားပြည်နယ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း သိရသည်

အင်ဂျင်ပေါက်ကွဲမှုကြောင့် လူတစ်ဦးသေဆုံးပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ နယူးယောက်မှ ဒါးလက်စ်သို့ ပျံသန်းထွက်ခွာသည့် အနောက်တောင် လေကြောင်းလိုင်း ဘိုးအင်း ၇၃၇ လေယာဉ်သည် အင်္ဂါနေ့က အင်ဂျင်မီးစွဲလောင်ကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်တွင် ဖီလာဒဲဖီးယားသို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

မီးသတ်ကယ်ဆယ်ရေး အဖွဲ့ဝင်များသည် တစ်နာရီခန့် မီးငြိမ်းသတ်ခဲ့ရသည်။ သေဆုံးမှုဖြစ်ပွားရခြင်းနှင့် အခြား အသေးစိတ်အကြောင်းအရာများကို မသိရှိရသေးပေ။ ယင်းဖြစ်စဉ်ကြောင့် လေယာဉ်ကိုယ်ထည်ပိုင်းနှင့် တောင်ပံများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

### ဥရောပသမဂ္ဂအနေဖြင့် တူရကီ၏အခက်အခဲများကို နားလည်သဘောပေါက်ခြင်းမရှိဟု တူရကီပြောကြား

**အန်ကာရာ မေ ၁၉**

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနသည် ဥရောပသမဂ္ဂ အဖွဲ့အစည်းအနေဖြင့် တူရကီနိုင်ငံကရင်ဆိုင်နေရသည့် အခက်အခဲဒုက္ခများကို နားလည်သဘောပေါက်လိုသည့်ဆန္ဒမရှိဟုဆိုကာ တူရကီနှင့် ပတ်သက်သည့် ဥရောပသမဂ္ဂ၏ နောက်ဆုံးရအစီရင်ခံစာကိုအပြင်းအထန် ဝေဖန်ရှုတ်ချခဲ့ကြောင်း သိရသည်။

ဥရောပကော်မရှင်သည် ကျွန်ုပ်တို့ရင်ဆိုင်ကျော်ဖြတ်နေရသည့် အခက်အခဲများကို နားလည်သဘောပေါက်အောင်ကြိုးစားလိုခြင်း မရှိဟု တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်တွင် ဖော်ပြထားသည်။

ကော်မရှင်သည် ဓမ္မဓိဋ္ဌာန်ကျသည့် ရည်ရွယ်ချက်မျိုးမရှိသကဲ့သို့ ညီညွတ်မျှတအောင်လည်း ဆောင်ရွက်နိုင်ခြင်းမရှိဟု ဖော်ပြချက်တွင် ဥရောပကော်မရှင်ကို စောဒကတက်ခဲ့ကြောင်း သိရသည်။ အကြမ်းဖက်အဖွဲ့အစည်းအချို့ကို တူရကီက စစ်ဆင်ရေးဆင်နွှဲမှုသည် ဥရောပအဖွဲ့ဝင်နိုင်ငံများ၏ လုံခြုံရေးအတွက်လည်း ဆောင်ရွက်နေခြင်းဖြစ်သည်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# ဒီမိုကရေစီနဲ့ အာဏာရှင်ဆန်မှုကြား အကွဲကွဲအပြားပြားဖြစ်နေသည့် ဥရောပကို ကိုင်တွယ်ထိန်းကျောင်းရန် ကြိုးပမ်းနေသည့် သမ္မတ မက်ခရွန်

**တင်လင်းအောင်**




ဥရောပမှာ ဒီမိုကရေစီနဲ့ အာဏာရှင်ဆန်မှုကြား အကွဲကွဲအပြားပြားဖြစ်နေမှုတွေဟာ ပြည်တွင်းစစ်လိုဖြစ်နေတယ်လို့ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က မကြာသေးမီက သတိပေးလိုက်တာကို သတင်းတွေမှာ တွေ့ရလိုက်ပါတယ်။

ဥရောပသမဂ္ဂပါလီမန်မှာ ပြောကြားတဲ့ မက်ခရွန်ရဲ့ မိန့်ခွန်းထဲမှာ အဲဒီလိုပြောကြားခဲ့တာ ဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံ အရှေ့ပိုင်းမြို့ဖြစ်တဲ့ စထရာဘော့ဂ်မြို့ ဥရောပသမဂ္ဂပါလီမန်အဖွဲ့ဝင်တွေနဲ့ တွေ့ဆုံမှုမှာ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ကျန်ရှိတဲ့ ဥရောပသမဂ္ဂနိုင်ငံတွေအနေနဲ့ အမျိုးသားရေးစိတ်ဓာတ်ထက်သန်တဲ့ သီချင်းတွေနောက် ဘုမသိဘမသိ ယောင်တောင်ပေါင်တောင်လိုက်နေတဲ့ အိပ်မက်ယောင်လမ်းလျှောက်တဲ့ မျိုးဆက်တွေမဖြစ်ဖို့ တိုက်တွန်းခဲ့တာပဲဖြစ်ပါတယ်။ ငယ်ရွယ်တဲ့ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ဟာ လက်နက်စွဲကိုင်တိုက်ခိုက်မှုတွေကို ပဝါပါးခြုံထားတဲ့ ဟန်ဂေရီနိုင်ငံနဲ့တူနေတယ်လို့ နမူနာပေးပြောကြားခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဟန်ဂေရီနိုင်ငံမှာ နာမည်ကျော် နိုင်ငံအကြီးအကဲဖြစ်တဲ့ ဝန်ကြီးချုပ် ဗစ်တာ အော်ဘန်ဟာ မကြာသေးမီကမှ အာဏာပြန်လည်ရရှိခဲ့ပြီး လက်ယာယိမ်းပိုလန်အစိုးရဟာ ဘရပ်ဆဲလ်နဲ့ မကြာခဏ ပဋိပက္ခတွေဖြစ်ပွားနေလို့ပဲ ဖြစ်ပါတယ်။

မတူညီမှုတွေနဲ့ အမျိုးသားရေးအတ္တစွဲတွေကြောင့် ဥရောပပြည်တွင်းစစ်တစ်မျိုးအသွင် ဆောင်နေကြောင်း၊ အဲဒီ မတူညီမှုတွေနဲ့ အမျိုးသားရေးအတ္တစွဲတွေဟာ ကမ္ဘာကြီးမှာ တစ်စုတစ်စည်းတည်းဖြစ်နေတဲ့ ဥရောပလို့ ကိုယ်စားပြုခေါ်ဝေါ်သမုတ်နိုင်တာထက်ကိုပဲ ပိုပြီးတော့ အရေးကြီးနေတဲ့ပုံစံပေါက်နေတယ်လို့ အသက် ၄၀ သာရှိသေးတဲ့ ငယ်ရွယ်တဲ့ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ပြောခဲ့ပါတယ်။ နိုင်ငံရေးမှာ သဘောထားနုတာတွေ၊ သဘောထားမကြီးမှုတွေဟာ အချိန်တိုင်းဖြစ်နေပြီး အမြဲတမ်း ကြီးထွားနေတယ်လို့ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ဆက်လက် ပြောကြားခဲ့ပါတယ်။

**ဥရောပအကျိုးလိုလားသူ**

မက်ခရွန်ဟာ လက်ယာစွန်းအတော်ယိမ်းတဲ့ သူ့ရဲ့ပြိုင်ဘက် မာရင်းလီပန်ကို လွန်ခဲ့တဲ့နှစ် ရွေးကောက်ပွဲမှာ အနိုင်ရပြီးတဲ့ နောက်မှာတော့ ဥရောပအကျိုးလိုလားသူတစ်ဦး ဖြစ်လာပါတယ်။ မက်ခရွန်အနေနဲ့ ရွေးကောက်ပွဲမှာ အဲဒီလို အနိုင်ရရှိခဲ့ခြင်းက ဥရောပသမဂ္ဂကမှ ဗြိတိန်ထွက်ခွာဖို့ ၂၀၁၆ ဆန္ဒမဲခိုင်းချုပ်မှုကို ဦးတည်တဲ့ နာမည်ကြီးလူကြိုက်များစေတဲ့ အဓိကအကြောင်းတရားဖြစ်လာပါတော့တယ်။

ဥရောပသမဂ္ဂ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ သူ့ရဲ့အခြေပြမိန့်ခွန်းမှာ မက်ခရွန်က ဘာပြောခဲ့လဲဆိုရင် အရှေ့ပိုင်းနဲ့ အနောက်ပိုင်းနိုင်ငံတွေကြား သံသယတွေနဲ့ အကွဲအပြဲတွေ ကြီးထွားလာတာကို သူ့အနေနဲ့ စိုးရိမ်ပူပန်မိကြောင်း ပြောခဲ့ပါတယ်။ မိမိအနေနဲ့ ဘုမသိဘမသိ အိပ်မက်ယောင် လမ်းလျှောက်တဲ့ မျိုးဆက်မျိုးကို မလိုချင် မပိုင်ဆိုင်ချင်ကြောင်း၊ ထို့အတူ မိမိတို့ရဲ့ကိုယ်ပိုင်သမိုင်းကြောင်းကို မေ့ပျောက်တတ်တဲ့ မျိုးဆက်တွေကိုလည်း မလိုချင်ကြောင်း ပြင်သစ်နိုင်ငံအရှေ့ပိုင်းမြို့ဖြစ်တဲ့ စထရာဘော့ဂ်မြို့မှာ ဥရောပပါလီမန်အဖွဲ့ဝင်တွေကို ပြောကြားတဲ့ မိန့်ခွန်းမှာ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ပြောခဲ့ပါတယ်။

မိမိအနေနဲ့ ဥရောပသမဂ္ဂရဲ့ အချုပ်အခြာကို ခုခံကာကွယ်တဲ့ မျိုးဆက်သစ်မျိုးကို လိုချင်ကြောင်း၊ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံရဲ့အချုပ်အခြာကို အလွယ်တကူရရှိထားတာမဟုတ်ဘဲ သတ္တိဗျတ္တိရှိရှိ တိုက်ယူခဲ့လို့ ရရှိခဲ့ခြင်းဖြစ်ကြောင်း မက်ခရွန်က ပြောကြားခဲ့ပါတယ်။ မည်သည့်အာဏာရှင်လက်ထဲမှ မိမိတို့ရဲ့ အချုပ်အခြာအာဏာကို ထည့်ပေးမှာ မဟုတ်ကြောင်း မက်ခရွန်က ဆက်လက်ပြောကြားခဲ့ပါတယ်။

**ဒီမိုကရေစီရဲ့အခွင့်အာဏာ**

လူ့အခွင့်အရေး၊ နိုင်ငံသားတစ်ယောက်ရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာ အစိုးရအနေနဲ့ စွပ်စွဲမှုတွေ၊ ဝေဖန်ခံရမှုတွေနဲ့ ရင်ဆိုင်နေရတာတွေနဲ့ ပတ်သက်ပြီး မက်ခရွန်က ဘာပြောခဲ့သလဲဆိုရင် မိမိတို့ရဲ့ တာဝန်ယူမှုနဲ့ တုံ့ပြန်မှုတွေအပေါ် "အာဏာရှင်ဆန်တဲ့ ဒီမိုကရေစီပုံစံမျိုး မကျင့်သုံးဘဲ ဒီမိုကရေစီရဲ့အခွင့်အာဏာအတိုင်း ကျင့်သုံးသင့်ကြောင်း" ပြောခဲ့ပါတယ်။

လူဝင်မှုကြီးကြပ်ရေးဆန့်ကျင်ပြီး ဥရောပသမဂ္ဂအပေါ် အယုံအကြည်ကင်းမဲ့သူ အော်ဘန်ဟာ ဟန်ဂေရီရွေးကောက်ပွဲမှာ အနိုင်ရရှိခဲ့ပြီးနောက် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က အဲလို ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ အော်ဘန်ဟာ ဘရပ်ဆဲလ်နဲ့ အငြင်းပွားမှုတွေဖြစ်ပွားလေ့ရှိသော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ မဟာဗျူဟာ အကြံပေး စတိဗ်ဘန်နွန်အတွက်ကတော့ တကယ့် သူရဲကောင်းကြီးပါပဲ။

ထို့အတူ ဝါဆောဟာလည်း ဥရောပသမဂ္ဂ အငြင်းပွားဖွယ် တရားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ဆိုင်ရာ ပဋိပက္ခမှာ ကြားညှပ်နေတာကို တွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ စနစ်တစ်ခု တည်ထောင်မှုအပေါ် ဆန့်ကျင်ခြင်းနဲ့ လူဝင်မှုကြီးကြပ်ရေးဆန့်ကျင်ခြင်းကို ဦးစားပေးတဲ့ ပါတီတွေဟာ မတ်လရွေးကောက်ပွဲမှာ အပြိုင်းအရိုင်း ထိုးထိုးထောင်ထောင် ခေါင်းထောင်လာတဲ့အပေါ် အီတလီဟာလည်း စိုးရိမ်ပူပန်မှုတွေ မြင့်တက်လာခဲ့ပါတယ်။

ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်ရဲ့ စကားတွေကို ဥရောပသမဂ္ဂကော်မရှင် အကြီးအကဲ ဂျင်ကလော်ဒီဂျန်ကာ ကလည်း ထောက်ခံခဲ့ပါတယ်။ သူက မက်ခရွန် မိန့်ခွန်းပြောပြီးနောက်မှာ "တကယ့်စစ်မှန်တဲ့ ပြင်သစ်ပြန်လာပြီ" လို့ပြောခဲ့ပါတယ်။ ဂျန်ကာရဲ့လက်ထောက်ကလည်း "ဥရောပသမဂ္ဂရဲ့ တန်ဖိုးကို နားလည်ယုံကြည်တဲ့ သူဟာ မိမိတို့အကုန်လုံးကို လက်နက်စွဲကိုင်တိုက်ခိုက်မှုမှ ရပ်တန့်စေနိုင်တဲ့သူ ဖြစ်တယ်" လို့ ပြောခဲ့ပါတယ်။

ထို့အပြင် မက်ခရွန်ဟာ ဓာတုလက်နက်အသုံးပြုတယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ဆီးရီးယားအပေါ် ဗြိတိန်၊ အမေရိကန်တို့နဲ့ ပူးပေါင်းပြီး လေကြောင်းတိုက်ခိုက်မှုလုပ်ဖို့ဆုံးဖြတ်လိုက်တဲ့ သူ့ရဲ့ဆုံးဖြတ်ချက်ကိုလည်း ခုခံပြောကြားခဲ့ပါသေးတယ်။

ဆီးရီးယားအရေး နိုင်ငံသုံးနိုင်ငံအနေနဲ့ ပါဝင်ခဲ့ကြောင်း၊ ဒီကိစ္စအပေါ် ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသားပြောရမယ်ဆိုရင် ဒါဟာ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ဂုဏ်သိက္ခာအတွက်ဖြစ်ပါတယ်လို့လည်း မက်ခရွန်က ပြောခဲ့ပါသေးတယ်။ ထို့အပြင် သူ့အနေနဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆီးရီးယားမှာ ဆက်လက်ရှိနေဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကိုလည်း စည်းရုံးလှုံ့ဆော်မှုတွေ ပြုခဲ့သေးကြောင်း ယခုရက်သတ္တပတ် အစောပိုင်းမှာ ပြင်သစ်သမ္မတ မက်ခရွန်ကပြောခဲ့ပါသေးတယ်။

အခုလို ဆီးရီးယားအပေါ် တိုက်ခိုက်မှုတွေဟာ မည်သည့်ပြဿနာကိုမျှ မဖြေရှင်းနိုင်ကြောင်း သိသော်လည်း အခုလို တိုက်ခိုက်မှုတွေဟာ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ဖြစ်ပေါ်လာမယ်လို့ ယုံကြည်ကြောင်း မက်ခရွန်က ဆက်လက်ပြောကြားခဲ့ပါတယ်။

**ဩဇာညောင်းစေမယ့် စည်းရုံးမှုလား**

ဥရောပသမဂ္ဂ ပြုပြင်ပြောင်းလဲရေးသူ့ရဲ့ အဆိုပြုချက်တွေအတွက် မက်ခရွန်ဟာ ဥရောပတစ်လွှား ထောက်ခံမှုတွေရရှိအောင် ကြိုးစားခဲ့ရပါတယ်။

ဥရောပသမဂ္ဂ ပါလီမန်ကို ပြောခဲ့တဲ့ သူ့ရဲ့မိန့်ခွန်းဟာ ၂၀၁၉ မေလမှာ ကျင်းပမယ့် ဥရောပသမဂ္ဂ ပါလီမန်ရွေးကောက်ပွဲအတွက် ဩဇာညောင်းစေမယ့် စည်းရုံးမှုတစ်ခုလားဆိုတာတော့ မပြောနိုင်ပါဘူး။ ဒါပေမယ့် အဲဒီ ဥရောပသမဂ္ဂပါလီမန်ရွေးကောက်ပွဲဟာ ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာဖို့ စီစဉ်ပြီးနောက် ပထမဆုံးအကြိမ်ပြုလုပ်မယ့် ရွေးကောက်ပွဲဆိုတာတော့ ကျိန်းသေပါတယ်။

ယခု ရက်သတ္တပတ်နှောင်းပိုင်းမှာ မက်ခရွန်ဟာ အနာဂတ် ယူရိုဇုန်အစီအစဉ်နဲ့ပတ်သက်ပြီး ထောက်ခံမှုရရှိရေး ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ ဘာလင်ကိုသွားမှာဖြစ်ပါတယ်။ ၂၀၂၀မှာ စတင်မယ့် ဥရောပသမဂ္ဂရဲ့ အထွေထွေဘတ်ဂျက်အတွက် ပြင်သစ်နိုင်ငံအနေနဲ့ တိုးမြှင့်ထည့်ဝင်ဖို့တောင် အဆင်သင့်ဖြစ်နေပါပြီလို့ မက်ခရွန်က ပြောကြားခဲ့ပါတယ်။

ဥရောပ သမဂ္ဂခေါင်းဆောင်တွေအနေနဲ့ ယူရိုဇုန်ပြုပြင်ပြောင်းလဲရေး မက်ခရွန်ရဲ့အစီအစဉ်တွေကို ထောက်ခံဖို့တောင် အစီအစဉ်တွေလုပ်နေတယ်လို့သိရပါတယ်။ သို့သော်လည်း အဲဒါတွေ အကောင်အထည်ပေါ်လာဖို့ အတော်ကြိုးစားရဦးမှာ ဖြစ်ပါတယ်။

ဥရောပသမဂ္ဂအတွင်း ပြုပြင်ပြောင်းလဲမှုတွေကို လူထုရဲ့ သဘောထား မညီညွတ်မှုကြားထဲက အန်တုကြိုးစားနေတဲ့ မက်ခရွန်ဟာ ဥရောပသမဂ္ဂပါလီမန်မှာလည်း အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါသေးတယ်။ အဲဒါတွေကို ဘယ်လိုကိုင်တွယ်သွားမလဲဆိုတာ ဆက်လက်စောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**


> **"မိမိအနေနဲ့ ဘုမသိဘမသိ အိပ်မက်ယောင်လမ်းလျှောက်တဲ့ မျိုးဆက်မျိုးကို မလိုချင် မပိုင်ဆိုင်ချင်ကြောင်း၊ ထို့အတူ မိမိတို့ရဲ့ ကိုယ်ပိုင်သမိုင်းကြောင်းကို မေ့ပျောက်တတ်တဲ့ မျိုးဆက်တွေကိုလည်း မလိုချင်ကြောင်း ပြင်သစ်နိုင်ငံ အရှေ့ပိုင်းမြို့ဖြစ်တဲ့ စထရာဘော့ဂ်မြို့မှာ ဥရောပပါလီမန် အဖွဲ့ဝင်တွေကို ပြောကြားတဲ့မိန့်ခွန်းမှာ ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ပြောခဲ့"**

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၇)

# တရားမျှတမှုနှင့် ဥပဒေ

ဦးဟန်ညွန့် (ဥပဒေ)






**တရားမျှတမှုဥပဒေဆိုသည်မှာ**

တရားမျှတမှုဆိုတာဘာလဲ။

"တရားမျှတမှုဆိုသည်မှာ သာတူညီမျှရှိခြင်း၏ အခြေခံမှုဖြစ်သည်" ဟု အများစုက နားလည်သဘောပေါက်ထားသည်။

အမှုအခင်းများကို ဖြေရှင်းရာတွင် မည်သူ့ကိုမဆို မျှတမှု၊ လေးစားမှုတို့နှင့် ဆောင်ရွက်ရမည်ဟု အများက အပြည့်အဝသဘောတူထားကြသည်။ တရားမျှတမှု လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပေးရမည်ဟုလည်း လက်ခံထားကြသည်။

**ဥပဒေက ဘာလုပ်ပေးမည်လဲ**

တရားမျှတမှုအတွက် ဥပဒေက ဘာလုပ်ပေးမည်လဲ။ ဥပဒေဆိုတာ ဘာလဲ။ ဥပဒေ ဘယ်မှာရှိသလဲ။ ဘယ်မှာသွားပြီး ရှာဖွေရမှာလဲ။ စာအုပ်ကြီးထဲမှာလား။ တရားခွင်မှာလား။ လူထုကြားမှာလား။ တရားဥပဒေစိုးမိုးမှု တကယ်ရှိသလား။ လက်တွေ့နှင့် စာတွေ့တူသလား။ တက္ကသိုလ်က သင်ပေးလိုက်သော ဥပဒေပညာတွေ ဘယ်ရောက်ကုန်ပြီလဲ။

**တရားမျှတမှုနှင့် ဥပဒေ**

တရားမျှတမှုနှင့် ဥပဒေကို ဘယ်လိုဆက်စပ်ပေးမည်လဲ။ တရားမျှတမှုကို မည်သူက ပေးအပ်သလဲ။ နည်းလမ်းတစ်ခုတည်းနှင့် အဆင်ပြေပါရဲ့လား။ လက်လှမ်းမမီနိုင်သူတွေကို ဘယ်လိုကူညီမလဲ။

**My Justice ၏ သုတေသန**

My Justice အဖွဲ့သည် မြန်မာနိုင်ငံတွင် အကြီးမားဆုံး တရားမျှတမှုဆိုင်ရာ သုတေသနတစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ ရွေးချယ်မေးမြန်းထိုက်သူများအား မေးမြန်းခဲ့ပါသည်။ ကျား/မ၊ ပညာအရည်အချင်း၊ ကျေးလက်၊ မြို့ပြစသည်ဖြင့် ရွေးချယ်မေးမြန်း သုတေသန ပြုခဲ့ခြင်းဖြစ်ပါသည်။ ကိန်းဂဏန်းများ စုစည်း၍ အဖြေထုတ်ခဲ့ပါသည်။

**ဥပဒေဘာကြောင့် ရှိသလဲ**

ဥပဒေဘာကြောင့် ရှိရသလဲ။ ဘာအတွက်လဲ။ ဘယ်လိုကာကွယ်သလဲ။ ဘယ် သူ့ကို စောင့်ရှောက်သလဲ။ မေးခွန်းများ၏ အဖြေကို ရှာဖွေခဲ့ပေသည်။

**ဥပဒေကျင့်သုံးပုံ**

ဥပဒေကျင့်သုံးမှုကို ပြည်သူတို့ လေးစားပါသည်။ ယုံကြည်မှု ပေတံအတက်အကျကို စိစစ်ခဲ့ကြသည်။ နိမ့်သလား၊ မြင့်သလား။ ဝေခွဲကြရသည်။ စံနှုန်းမီသလား။ စိစစ်ကြရသည်။

**ပြည်သူလူထု၏ယုံကြည်ကိုးစားမှု**

ပြည်သူတို့က ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လိုကြသည်။ ကတိကဝတ် အလေးဂရုပြုသည်။ ပြည်သူတို့၏ ထင်မြင်ယူဆချက်၊ အတွေ့အကြုံများကို လေ့လာမှတ်သားကြရသည်။ မဟာဗျူဟာများ ရေးဆွဲကြရသည်။

> "တရားမျှတမှုအတွက် ဒေသခံလူထု၏ ယုံကြည်ကိုးစားမှုမှာ အဓိကကျပါသည်၊ တရားစီရင်ရေး၏ မူဝါဒများနှင့် ဒေသန္တရအုပ်ချုပ်ရေး ယန္တရားစနစ်များအကြောင်း ပူးတွဲဆောင်ရွက်ခြင်း၊ အပြန်အလှန် ထိန်းညှိမှုစနစ်များ ကောင်းမွန်ခြင်း လိုအပ်လှ"

**ဥပဒေဗဟုသုတ**

ဥပဒေဗဟုသုတအနေနှင့်-

(က) အမျိုးသမီးများသည် ခင်ပွန်းများ၏ ကိုယ်ထိလက်ရောက်ရိုက်နှက်ခံရခြင်းကို ရဲတပ်ဖွဲ့သို့တိုင်ကြားခွင့်ရှိသည်။

(ခ) ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသူတိုင်း ရှေ့နေငှားပိုင်ခွင့်ရှိသည်။

(ဂ) တရားရုံး၏ခွင့်ပြုချက်မရှိဘဲ ရဲများသည်လူတစ်ဦးအား ၂၄ နာရီထက်ပို၍ ဖမ်းဆီးချုပ်နှောင်ထားပိုင်ခွင့်မရှိပါ။ စသည်များကို အခြေခံအားဖြင့် သိရှိနားလည်ကြပါသည်။

**တရားမျှတမှု**

တရားမျှတမှုကို မည်သူက ပေးအပ်ပါသလဲ။

ကုန်ကျစရိတ်တတ်နိုင်ခြင်း ရှိ၊ မရှိ တရားမဝင် ငွေကြေးတောင်းခံရခြင်း ရှိ၊ မရှိ ဘက်လိုက်မှုကင်း၊ မကင်းစသည်တို့မှာ အမေးခံရသော မေးခွန်းများဖြစ်ကြသည်။

တရားသူကြီး၊ ရဲတပ်ဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဆက်ဆံရသည်။ တွေ့ရသည်။ ပြောရသည်။ ငြင်းခုံရသည်။ တရားမျှတမှုတောင်းခံရသည်။ ဘယ်လိုခံစားရသနည်း။ ဘယ်လိုတွေ့ကြုံရသနည်း။

**ပြစ်မှုကာကွယ်ခြင်း**

ပြစ်မှုမဖြစ်အောင် ဘယ်လို ကြိုတင်ကာကွယ်မည်လဲ။ လုံခြုံရေးရှိသလား။ ပြစ်မှုကိုဘယ်လိုစုံစမ်းဖော်ထုတ်မည်လဲ။ တာဝန်အရှိဆုံး ပုဂ္ဂိုလ်မည်သူလဲ။

**အငြင်းပွားမှုများ**

၁။ လာဘ်ပေးလာဘ်ယူ
၂။ ရေအရင်းအမြစ် သုံးစွဲခွင့်
၃။ သစ်တောဥပဒေချိုးဖောက်မှု
၄။ အာဏာပိုင်များက ဖမ်းဆီးခြင်း
၅။ ငါးဖမ်းခွင့်
၆။ အလုပ်ချိန်နှင့် လုပ်အားခ
၇။ အကြွေးမဆပ်နိုင်ခြင်း
၈။ လင်မယားကွဲကွာခြင်း
၉။ စကားများခြင်း
၁၀။ အကြွေးဆုံးခြင်း
၁၁။ အိမ်တွင်းအကြမ်းဖက်မှု
၁၂။ ခိုက်ရန်ဖြစ်ပွားခြင်း
၁၃။ ယာဉ်မတော်တဆမှုများ
၁၄။ အငြင်းပွားခြင်း
၁၅။ မူးယစ်ဆေးဝါးပြဿနာ
၁၆။ သက်ငယ်မုဒိမ်း
၁၇။ ခိုးမှု
၁၈။ လိင်ပိုင်းစော်ကားမှု

**ဆက်နွှယ်ပတ်သက်သူများ**

၁။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး
၂။ ဆယ်အိမ်မှူး၊ ရာအိမ်မှူး
၃။ ရပ်မိရပ်ဖ
၄။ ရဲ
၅။ ရှေ့နေ
၆။ တရားသူကြီး
၇။ သက်ဆိုင်ရာဌာနများ
၈။ လွှတ်တော်ကိုယ်စားလှယ်များ

**ဒေသခံလူထု၏ယုံကြည်ကိုးစားမှု**

တရားမျှတမှုအတွက် ဒေသခံလူထု၏ ယုံကြည်ကိုးစားမှုမှာ အဓိကကျပါသည်။ တရားစီရင်ရေး၏ မူဝါဒများနှင့် ဒေသန္တရ အုပ်ချုပ်ရေး ယန္တရားစနစ်များအကြောင်း ပူးတွဲဆောင်ရွက်ခြင်း၊ အပြန်အလှန်ထိန်းညှိမှု စနစ်များကောင်းမွန်ခြင်း လိုအပ်လှပေသည်။

**အမှုအခင်းအမျိုးအစား**

- ဘယ်လိုအမှုမျိုးလဲ။
- ဘယ်လိုအငြင်းပွားမှုလဲ။
- စားဝတ်နေရေးနှင့် ဆက်စပ်သလား။
- အသက်မွေးဝမ်းကျောင်းမှု တစ်ခုခုလိုအပ်နေသလား။
- အခြားလူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့ ထောက်ကူပေးသင့်သလား။
- ဘာတွေထည့်သွင်းစဉ်းစားပေးရမှာလဲ။
- ဥပဒေဆိုတာ ရှိသင့်၊ မသင့်။
- ဘာကြောင့်တရားဥပဒေရှိတာလဲ။
- လူ့အခွင့်အရေးနှင့် မည်သို့ဆက်စပ်သလဲ။
- မတရားမှုရှိလျှင် ဘယ်လိုဖြေရှင်းရမှာလဲ။
- ဆင်းရဲမွဲတေမှုကို ဘယ်လိုဆောင်ရွက်မလဲ။...စသည်များ လေ့လာဖတ်ရှုရသည်။ အများဖတ်သင့်သော စာအုပ်ဖြစ်ပါသည်။

**စေတနာ**

MY JUSTICE (မူဝါဒဆိုင်ရာအနှစ်ချုပ်) မတ် (၂၀၁၈) စာအုပ်ကို ဖတ်ရှုလေ့လာရာမှ ဥပဒေ၏ တရားမျှတမှုကို ရှာဖွေခြင်း အကြောင်းတွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။ ။

## (၄၅) ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲနှင့် (၁၅) ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၉**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှ ကြီးမှူး၍အသက် ၇၅ နှစ်နှင့်အထက် မွန်ဘိုးဘွားများအား နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက် မွန်သက်ကြီးပူဇော်ပွဲနှင့် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့် အောင်မြင်သော မွန်ကျောင်းသူကျောင်းသားများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဧပြီ ၁၇ ရက်က ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌ နိုင်စိုးအောင်က အမှာစကားပြောကြားပြီး သက်ကြီးဘိုးဘွား ၁၄၆ ဦးအား ကန်တော့ချီးဖြင့် ကန်တော့ကြကာ ကန်တော့ပစ္စည်းများကို လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ထို့နောက် ကန်တော့ခံသက်ကြီးဘိုးဘွားများကိုယ်စား အဘိုးနိုင်ရီသောင်းနှင့် အဘွား မိဒေဝီတို့က ဩဝါဒစကားပြန်လည်ပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၃၀ ကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

ရတနာသစ်တော၊ ပြည့်သွေးကြော၊ သစ်တောရတနာ၊ ထိန်းသိမ်းပါ

## မြိုင်မြို့နယ် ပန်းတိုင်းတောအရှေ့ကျေးရွာသို့ ရေလှူဒါန်း

**မြိုင် ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ညောင်ရွာကျေးရွာအုပ်စု ပန်းတိုင်းတောအရှေ့ကျေးရွာတွင် စက်ရေတွင်း၊ စက်ချွတ်ယွင်း၍ ယာယီရေပြတ်လပ်သည့်အတွက် ဧပြီ ၁၈ ရက်က ရေလှူဒါန်းခဲ့ကြသည်။

အဆိုပါ ရေလှူဒါန်းမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၏ ဦးဆောင်မှုဖြင့် ဒုဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် ဝန်ထမ်း၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ် နှစ်ခါက်ဖြင့် သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**၁၃၅**

## ဘိုးဘွားပူဇော်ပွဲ ညောင်ရွှေမြို့၌ ကျင်းပ

**ညောင်ရွှေ ဧပြီ ၁၉**

အကြိမ်(၄၀)မြောက် အသက် ၇၅နှစ်နှင့်အထက် ဘိုးဘွားပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း တစ်ရက်)က ညောင်ရွှေမြို့ စိန်ရတုပုဇ္ဇက ဆွမ်းစားကျောင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားပြီး ဘိုးဘွားများကိုယ်စား သာစည်ရပ်ကွက်မှ အဘိုးဦးကံကြီးက ဩဝါဒဆုပေးစကား ပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဘိုးဘွားများကို ကန်တော့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ဘိုးဘွားပူဇော်ပွဲတွင် ညောင်ရွှေမြို့မြို့မှ ၈ ရပ်ကွက်မှ အသက် ၇၅နှစ်နှင့်အထက် ဘိုးဘွား ၂၉၁ ဦးကို ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လယ်ယာမြေများ အဆင့်မြှင့်တင်ဖို့ သမဝါယမအားဖြင့် စုပေါင်းဆောင်ရွက်စို့

**ကမ္ဘာတစ်လွှားတွင်သမဝါယမစီးပွားရေးစနစ်သည် ပိုမိုလူသိများ အောင်မြင်လာခဲ့သည့် အဓိကအကြောင်းအရင်းတစ်ချက်မှာ ၂၀၀၉ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းကာလအတွင်း သမဝါယမစနစ်သည် မပြိုလဲဘဲ ကြံ့ကြံ့ခိုင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်၊ အရှုပ်အထွေးများနှင့် အကျပ်အတည်း ဖြစ်ပွားနေသည့်ကာလများအတွင်းတွင် သမဝါယမလုပ်ငန်းများကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ထွက်ပေါက်တစ်ရပ်အဖြစ် မြင်ခဲ့ကြပါတယ်။**

ဆိုဖီယာ







လယ်ယာမြေ ပြုပြင် ဆောင်ရွက်ပုံ အဆင့်ဆင့်

လေ့လာမှုများအရ သမဝါယမအဖွဲ့အစည်းများ၏ ကောင်းမွန်သော လုပ်ဆောင်ချက်များကြောင့် ၎င်းတို့၏ အမှတ်လက္ခဏာကို ပိုမိုသတိမူလာစေခဲ့ပါတယ်။ သမဝါယမအဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်ချက်များကို ပိုမိုစိတ်ဝင်စားမှု ဖြစ်လာအောင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း လှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ၂၀၁၂ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်အဖြစ် ကြေညာခဲ့ပြီးနောက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် သမဝါယမ လုပ်ငန်းများ၏အရေးပါမှုကို ကမ္ဘာတစ်ဝန်းလုံးတွင် အသိအမှတ် ပြုလာကြပါတယ်။

မြန်မာနိုင်ငံတွင် ၁၉၀၄ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် အိန္ဒိယနိုင်ငံအစိုးရ၏ သမဝါယမ ငွေစုငွေချေးအသင်းများဆိုင်ရာ အက်ဥပဒေအမှတ် (၁၀)အရ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်နယ်ဖြစ်သော မြန်မာနိုင်ငံသည်လည်း အကျုံးဝင်ခဲ့ပါတယ်။ ၁၉၀၄ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာ့သမဝါယမသည် အထူးသဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ ပကတိအရှိတရား (Reality) အရ ယင်းတို့၏ လိုအပ်ချက် (Needs) နဲ့ ကိုက်ညီလျက်ရှိပါတယ်။ ၃-၁-၁၉၀၅ ရက်နေ့၊ စစ်ကိုင်းခရိုင်၊ မြင်းမူငွေစုငွေချေး သမဝါယမအသင်းကို အသင်းသား ၉၀ ဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ယင်းအချိန်မှစ၍ မြန်မာနိုင်ငံတွင်သမဝါယမ အသင်းအဖွဲ့များစတင်ပေါ်ပေါက်ခဲ့ပါတယ်။ မြန်မာ့သမဝါယမ သမိုင်းသည် ယနေ့ထိ နှစ်ပေါင်း ၁၁၀ ကျော် သက်တမ်းရှိပြီဖြစ်သော်လည်း ခေတ်အဆက်ဆက်၊ စနစ်အသီးသီး ဖြတ်ကျော်ခဲ့ပြီး အားသာချက်၊ အားနည်းချက်များ ရှိခဲ့သော်လည်း အားနည်းချို့ယွင်းချက်များသောကြောင့် ပြည်သူအများက သမဝါယမစနစ်အပေါ်ယုံကြည်မှု အားနည်းခဲ့ပါတယ်။ မည်ကဲ့သို့ ဆိုစေ -

အတိတ်ကအရိပ်မည်း စိတ်စွဲလို့ထင်...
မင်း သူ ငါ မကြိုးစား ဒုံရင်းပါလား...
မနေ့ကအဖြစ် ဒီနေ့အသစ်
တူရင် ဒိုင်စား ... တီထွင်ကာ အများအကျိုး
သယ်ပိုးစို့လား....

ဆိုတဲ့စာသားလေးဟာ ကျွန်မတို့ သမဝါယမလောကသားတွေအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့ရပါတယ်။ လက်ရှိဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် သမဝါယမ----သမဝါယမဆိုပြီး အပြုသဘောဆောင်တဲ့ လူတွေက တစ်မျိုး...အပြုသဘောမဆောင်တဲ့လူတွေကတစ်ဖုံ အမျိုးမျိုးတွေ ပြောဆိုနေကြတာကို အားလုံးအသိဖြစ်ပါတယ်။ ဒါပေမယ့် သမဝါယမကတော့ ပြည်သူတွေရဲ့လိုအပ်ချက်များ (Need) ကို စဉ်းစားတွေးခေါ် အမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်နေတာကို စာရေးသူသိသမျှ မျှဝေခြင်း ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူ သမဝါယမအသင်းသားများအတွက် ပံ့ပိုးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာပစ္စည်းများနှင့် အခြားသွင်းအားစုများအား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် လက်ရှိမိရိုးဖလာ လယ်ကွက်များသည် စက်ကိရိယာများအကျိုးရှိ ထိရောက်စွာ အသုံးပြုနိုင်ရန် စက်မှုလယ်ယာစနစ်ကျ လယ်ကွက်များအဖြစ် အဆင့်မြှင့်တင်ပြုပြင်ပေးရန် လိုအပ်လျက်ရှိပါသဖြင့် သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းအဆင့်ဆင့် ပူးပေါင်းပါဝင်ပြီး လက်မှု လယ်ယာစနစ်မှ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးအတွက် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ပေးခြင်း လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါတယ်။

စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ရေးအတွက် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အောက်ပါရည်ရွယ်ချက်များ ထားရှိပါသည်ဟု သိရှိရတဲ့အတွက် အင်မတန်ကောင်းလှပါတယ်-

(က) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက် အထောက်အကူဖြစ်စေရန်၊
(ခ) စနစ်တကျ ထွန်ယက်စိုက်ပျိုးခြင်းဖြင့် သီးနှံအထွက်တိုးပြီး တောင်သူများဝင်ငွေ တိုးကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဂ) စက်ကိရိယာများနှင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြင်းအားဖြင့် လယ်ယာလုပ်သားရှားပါးမှုကို ပါဝင်ဖြည့်ဆည်းနိုင်စေရန်၊ တစ်ဧက စိုက်ပျိုးစရိတ် လျှော့ချနိုင်စေရန်နှင့် ရာသီချိန်အမီ စိုက်ပျိုးနိုင်စေရန်၊
(ဃ) စက်မှုလယ်ယာစနစ် ပေါ်ပေါက်လာရေးအတွက် လယ်ယာမြေအဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ကူညီဖော်ဆောင်ပေးရန်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဒုတိယကာလတို ငါးနှစ်၊ လယ်ယာကဏ္ဍမူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန် သမဝါယမဦးစီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းကို အသင်းသားများ၏ မြေကေပြုပြင်လိုမှုအပေါ် အခြေခံ၍ ၂၀၁၆ - ၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ တစ်နှစ်ဧက ၁၀၀၀၀ ငါးနှစ်ဧက ၅၀၀၀၀ ဆောင်ရွက်ရန်သတ်မှတ် လျာထားခဲ့သော်လည်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သမဝါယမအသင်းသားများ၏ ဆန္ဒအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လယ်ယာမြေဧက ၃၅၇၂၈ ဒသမ ၇၇ ဧကနှင့် ၂၀ ၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လယ်ယာမြေဧက ၂၈၄၄၆ ဒသမ ၈၅ ဧက စုစုပေါင်း ၆၄၁၇၅ ဒသမ ၆၂ ဧကအတွက် ချေးငွေကျပ် ၁၉၃၅၃ ဒသမ ၂၄၇ သန်းဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု သိရှိ ရပါတယ်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် လယ်ယာမြေအတန်းအစားအလိုက် ပြုပြင်ဆောင်ရွက်နိုင်ကြောင်းနှင့် အောက်ပါအတန်းအစားများအလိုက် ဆောင်ရွက်နိုင်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းကြေညာခဲ့သည်ဟုလည်း သိရှိရပါတယ်-

**ပထမတန်းစား လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း**

စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ပင်မကုန်ထုတ်လမ်းဖောက်ခြင်း၊ ကုန်ထုတ်လမ်းသွယ်များ ဖောက်ခြင်း၊ ရေသွင်းရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ကန်သင်းဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းအတွက် တစ်ဧကလျှင် ငွေကျပ်ခြောက်သိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ် (သို့မဟုတ်) အများဆုံးချေးငွေ တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ချေးငွေကာလ ငါးနှစ်ဖြင့် ချေးငွေများ ထုတ်ချေးသွားမည် ဖြစ်ပါသည်။

**ဒုတိယတန်းစား လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း**

စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍ လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန၏ ကျွမ်းကျင်မှု အကူအညီကို ရယူ၍ အသင်းသား၏ ဆန္ဒနှင့်အညီ ဒေသအတွင်းရှိ လယ်ယာမြေပြုပြင်မည့်သူများနှင့် ချိတ်ဆက်၍လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းအတွက် တစ်ဧကလျှင် အမှန်ကုန်ကျစရိတ်ကို တွက်ချက်တောင်းခံစေပြီး အများဆုံးတစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ်ဖြင့် ချေးငွေများ ထုတ်ချေးသွားမည် ဖြစ်ပါသည်။

**တတိယတန်းစား လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း**

စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်း၍ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထွန်မွှေခြင်း၊ ကန်သင်းတင်ခြင်းနှင့် မြေညှိခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းလုပ်ငန်းအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် ချေးငွေကာလ သုံးနှစ်ဖြင့် ချေးငွေများထုတ်ချေးသွားမည် ဖြစ်ပါသည်။

**လယ်ယာမြေပြုပြင်ဆောင်ရွက်ပုံ အဆင့်ဆင့်**

သမဝါယမဆိုတာ လူအချင်းချင်း ပူးပေါင်းပြီး၊ ပါဝင်သူများ၏ လူမှုရေးနှင့် စီးပွားရေးကို မြှင့်တင်ပေးနိုင်ရန်ဆောင်ရွက်သည့် အသင်းအဖွဲ့ဖြစ်ပါတယ်။ လူကိုအခြေခံထားပြီး လူ၏တန်ဖိုးများကို အလေးထားသည့် လူ့ကျင့်ဝတ်များကို ထိန်းသိမ်းလိုက်နာစေသည့် လူမှုစီးပွားရေး ( Socio Economy) ပူးပေါင်းဆောင်ရွက်မှု အသင်းအဖြစ်ဖွဲ့စည်းဆောင်ရွက်ခြင်းလည်း ဖြစ်ပါတယ်။ စိတ်ဆန္ဒတူတဲ့သူများပူးပေါင်းပြီး တစ်ဦးတစ်ယောက်ဆောင်ရွက်မှုထက်အများဖြင့် ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်အောင်ဆောင်ရွက်သည့် နည်းလမ်းဖြစ်ပြီး တောင်သူလယ်သမားအသင်းသားများအတွက် ခဏတာအဆင်ပြေစေဖို့ မဟုတ်ဘဲကြာမြင့်စွာ အသီးအပွင့်များ ခံစားလာနိုင်ကြတော့မည်ကို တွေးရင်းစိတ်ကူးဖြင့် ကြိုတင်ပျော်နေမိပါတော့သည်။ ။

**“စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူ သမဝါယမအသင်းသားများအတွက် ပံ့ပိုးချေးငွေ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများနှင့် အခြားသွင်းအားစုများအား ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ”**

---

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကျေးရွာ ၁၆ ရွာ ကျေးရွာမီးလင်းရေး လုပ်ဆောင်ပေးမည်

**မုံရွာ ဧပြီ ၁၉**- စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များရှိ ကျေးရွာခြောက်ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းခြောက်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် လည်းကောင်း၊ ကျေးရွာ ၁၀ ရွာတွင် ဆိုလာမီးလင်းရေးလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းအဖြစ် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ငါးခုနှင့် အခြားနည်းဖြင့် ရေရရှိရေးလုပ်ငန်းတစ်ခု စုစုပေါင်း ခြောက်ခုကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ် သန်း ၁၂၇ ဒသမ ၂၅၀ ဖြင့် လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ကျေးလက်မီးလင်းရေးလုပ်ငန်းအဖြစ် ၆၀ ဝပ်အားရှိ တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေးကို ကျေးရွာ ၁၀ ရွာရှိ အိမ်ထောင်စု ၉၁၂ စုသို့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ဝင်းဦး (ဇေယျာတိုင်း)

## ဒေါ့မွန်အသင်းက ဘက်ရှုအာရီကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၅၀ ပေးရမည်ဟု ချယ်လ်ဆီး သတ်မှတ်

**ထက်အောင်**

ချယ်လ်ဆီးအသင်းသည် လာမည့် နွေရာသီ ဈေးကွက်တွင် တိုက်စစ်မှူးဘက်ရှုအာရီကို ဒေါ့မွန်အသင်းမှ အမြဲတမ်းတိုက်စစ်မှူးအဖြစ် ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၅၀ ပေးရမည်ဟု သတ်မှတ်ထားကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ဘယ်လ်ဂျီယံတိုက်စစ်မှူးဘက်ရှုအာရီသည် ပြီးခဲ့သည့်ဇန်နဝါရီဈေးကွက်က ချယ်လ်ဆီးအသင်းမှ ဒေါ့မွန်အသင်းသို့ ရာသီဝက်အငှား ဖြင့်သွားရောက်ကစားနေခဲ့ခြင်း ဖြစ်သည်။

ဘက်ရှုအာရီသည် ချယ်လ်ဆီးတွင် ခြေစွမ်းပြကစားနိုင်ခြင်းမရှိသော်လည်း ဒေါ့မွန်အသင်းတွင် ပြိုင်ပွဲစုံ ၁၄ ပွဲတွင် ကိုးဂိုးအထိသွင်းယူကာ ခြေစွမ်းပြကစားနိုင်ခဲ့သူ ဖြစ်သည်။

သို့သော်လည်း လက်ရှိအချိန်တွင် ဘက်ရှုအာရီသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် အသင်းတွင်အနားယူရပြီး ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ပါလွဲချော်ရန် ရှိနေသူဖြစ်သည်။

ဒေါ့မွန်အသင်းအနေဖြင့် ဘက်ရှုအာရီ ခြေစွမ်းကို နှစ်သက်သောကြောင့် လာမည့် နွေရာသီဈေးကွက်တွင် အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူရန် နှစ်သက်မှုရှိနေသော်လည်း ယခုအခါ ချယ်လ်ဆီးအသင်းက ပေါင် သန်း ၅၀ ပေးမှသာ ရောင်းထုတ်မည်ဟု ဆိုသည်။

## မေ ၁၇ တွင် စစ်ဆေးမှုများပြုလုပ်ပြီး လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ရန် မျှော်လင့်ထားကြောင်း နေမာဖွင့်ဟ

**ထက်အောင်**



ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး နေမာက သူ၏ ခြေဖဝါးဒဏ်ရာကို မေ ၁၇ ရက်တွင် စစ်ဆေးမှုများပြုလုပ်ပြီး အသင်းတွင် လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်ရန် မျှော်လင့်ထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘရာဇီးတိုက်စစ်မှူးနေမာသည် မာဆေးအသင်းနှင့်ကစားခဲ့သည့်ပွဲတွင် ခြေဖဝါးဒဏ်ရာ ရရှိခဲ့ပြီးနောက်အသင်းတွင် ဖေဖော်ဝါရီလ ကတည်းက အနားယူနေခဲ့ရခြင်းဖြစ်သည်။

ကနဦးထွက်ပေါ်နေခဲ့သည့် သတင်းများတွင် နေမာအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်လွဲချော်နိုင်ရန် ရှိနေသည်ဟုဆိုသော်လည်း ယခုအခါ ဒဏ်ရာမှ ယခင်ထင်ထားသည်ထက် ပိုမိုလျင်မြန်စွာ ကောင်းမွန်ရန်ရှိနေသည်။

တိုက်စစ်မှူးနေမာက "ကျွန်တော့်အနေနဲ့ ဘယ်တော့ အသင်းမှာပြန်လည်ကစားနိုင်မယ်ဆိုတာကိုတော့ အတိအကျကြိုးမပြောနိုင်သေးပါဘူး၊ ဒဏ်ရာအခြေအနေက ဘယ်လောက်အထိကောင်းလဲဆိုတဲ့အပေါ်မူတည်ပါတယ်၊ ဒဏ်ရာသက်သာမှုအခြေအနေစစ်ဆေးမှုကို မေလ ၁၇ ရက်နေ့မှာ ပြုလုပ်မှာ ဖြစ်ပါတယ်၊ ဒဏ်ရာရဲ့သက်သာမှုအခြေအနေအပေါ် မူတည်ပါတယ်၊ ကျွန်တော်ဟာ ဘရာဇီးနည်းပြတိုင်တီနဲ့ နည်းစနစ်ဒါရိုက်တာဂက်စ်ပါတို့နဲ့လည်း အမြဲတမ်း တွေ့ဖြစ်ပါတယ်၊ သတင်းအချက်အလက်တွေကိုလည်း ဝေမျှဖြစ်ပါတယ်၊ ကမ္ဘာ့ဖလားပြိုင်ပွဲမှာပါဝင်ဖို့အတွက် လုံလောက်တဲ့အချိန် ရရှိပါတယ်၊ ဒဏ်ရာရတာဟာ မကောင်းပေမယ့် အနားယူရတယ်လို့တော့ ခံစားရပါတယ်၊ ကျွန်တော်ဟာ ကမ္ဘာ့ဖလားမှာပါဝင် ကစားဖို့အတွက် စောင့်ဆိုင်းနေရတဲ့ လေးနှစ်တာကာလကလည်း အခုဆိုရင် နီးကပ်လာခဲ့ပြီလည်း ဖြစ်ပါတယ်" ဟု ပြောဆိုခဲ့သည်။

# ချန်ပီယံဖြစ်ပေမယ့် စံချိန်တွေဖြတ်ဖို့ ရှိနေသေးတဲ့ မန်စီးတီး

**အောင်က**

မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲ ငါးပွဲကစားဖို့ကျန်ရှိနေသေးပေမယ့် ပရီမီယာလိဂ်ဆုဖလားကို ရရှိသွားခဲ့ပြီ ဖြစ်ပါတယ်။ ဒီနှစ်ရာသီအ စကတည်းက အမှားနည်းသလို နိုင်ပွဲတွေဆက်ခဲ့တာကြောင့် ပရီမီယာလိဂ် ချန်ပီယံဖြစ်ဖို့ သေချာသလောက်ကို ရှိနေတဲ့အသင်းအဖြစ်လူတိုင်းက လက်ခံထားခဲ့ကြတာလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ဆုဖလားကို ရရှိထားခဲ့တာ ဖြစ်ပေမယ့် ပရီမီယာလိဂ်ရဲ့စံချိန်တွေကို ဖြတ်ကျော်နိုင်ဖို့ အားစိုက်ကစားရဦးမယ့် အသင်းအဖြစ် ရှိနေပါတယ်။ မန်စီးတီးအနေနဲ့ ကျန်ရှိနေတဲ့ လက်ကျန်ပွဲတွေမှာသာ အကောင်းဆုံးရလဒ်တွေနဲ့အတူ ကစားနိုင်ခဲ့မယ်ဆိုရင်တော့ ပရီမီယာလိဂ်ရဲ့အကောင်းဆုံးစံချိန် ငါးခုကို ဖြတ်ကျော်နိုင်ဖို့တော့ ရှိနေပါတယ်။ မန်စီးတီးအသင်းဟာ ဆွမ်ဆီး၊ ဝက်စ်ဟမ်း၊ ဟက်ဒါဖီးလ်၊ ဘရိုက်တန်၊ ဆောက်သမ်တန်တို့နဲ့သာကစားရတော့မှာလည်း ဖြစ်ပါတယ်။




### ရမှတ်အများဆုံး စံချိန်

ပရီမီယာလိဂ်ရဲ့ရမှတ် အများဆုံးအဖြစ် စံချိန်တင်ထားတာကတော့ ၉၅ မှတ် ဖြစ်ပါတယ်။ စံချိန်တင်ထားတဲ့အသင်းကတော့ ချယ်လ်ဆီးအသင်းဖြစ်ပြီး ၂၀၀၄-၀၅ခုနှစ်က ပရီမီယာလိဂ်ဆုဖလားရယူပြီးစံချိန်တင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီရာသီမှာတော့ ချယ်လ်ဆီးအသင်းဟာ ၂၉ ပွဲနိုင်၊ ရှစ်ပွဲသရေနဲ့ ပြိုင်ပွဲအားလုံးမှာတော့ ၉၅ မှတ်ရရှိထားခဲ့တာ ဖြစ်ပါတယ်။ ဒီနှစ်ရာသီတွေအတွင်းမှာတော့ ဘယ်အသင်းကမှ အဲဒီစံချိန်ကို ဖြတ်ကျော်နိုင်ခြင်း မရှိခဲ့ပါဘူး။ အခုတော့ မန်စီးတီး အသင်းဟာ ရမှတ် ၈၇ မှတ်ရရှိထားပြီ ဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ လက်ရှိအချိန်မှာတော့ အနိုင် ၂၈ ပွဲ၊ သရေ သုံးပွဲ ရရှိထားတာလည်း ဖြစ်ပါတယ်။ ကျန်တဲ့ ငါးပွဲမှာ သုံးပွဲနိုင်ခဲ့မယ်ဆိုရင် ချယ်လ်ဆီးရဲ့ရမှတ်အများဆုံးစံချိန်ကို ဖြတ်ကျော်သွားနိုင်မှာ သေချာပါတယ်။

### နိုင်ပွဲအများဆုံး စံချိန်

ပရီမီယာလိဂ်တစ်ရာသီအတွင်း နိုင်ပွဲအများဆုံးစံချိန်တင်ထားတဲ့ အသင်းကတော့ ချယ်လ်ဆီးအသင်းဖြစ်ပြီး နိုင်ပွဲ ၃၀ ဖြစ်ပါတယ်။ ဒါပေမယ့် ဒါဟာ ချယ်လ်ဆီးအသင်းနဲ့အတူမှတ် တမ်းကောင်း များစွာရယူပေးနိုင်ခဲ့တဲ့ မန်နေဂျာ မော်ရင်ညိုတင်နိုင်ခဲ့တဲ့ စံချိန်တော့ မဟုတ်ပါဘူး။ လက်ရှိနည်းပြ ကွန်တီရယူပေးနိုင်ခဲ့တဲ့ ချယ်လ်ဆီးအသင်းရဲ့ စံချိန်တစ်ခုဖြစ်ပါတယ်။ ကွန်တီဟာ ပြီးခဲ့တဲ့ရာသီကမှ အင်္ဂလန်မြေကို ချယ်လ်ဆီးအသင်းနဲ့အတူ ရောက်ရှိလာခဲ့တာဖြစ်ပေမယ့် စတင်ရောက်ရှိခဲ့တဲ့ရာသီမှာပဲ အသင်းအတွက် နိုင်ပွဲ ၃၀ နဲ့အတူ ပရီမီယာလိဂ်ဆုဖလားကို ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အခုဆိုရင် မန်စီးတီးအသင်းဟာ နိုင်ပွဲ ၂၈ ပွဲရရှိထားပြီဖြစ်တာကြောင့် အဲဒီစံချိန်ကို လိုက်မီနိုင်ဖို့အတွက် သုံးပွဲသာနိုင်ဖို့လို ပါတော့တယ်။

> **မန်စီးတီးအသင်းဟာ ရဂိုး ၉၃ ဂိုး ရှိထားပြီဖြစ်တာကြောင့် ချယ်လ်ဆီးအသင်းရဲ့ စံချိန်ကို လိုက်မီဖို့ဟာ ၁၁ ဂိုးသာလိုတော့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျန်ရှိနေတဲ့ ငါးပွဲအတွင်း မန်စီးတီးအသင်းအနေနဲ့ ၁၁ ဂိုး သွင်းယူနိုင်ဖို့ဆိုတာကတော့ သိပ်မခက်ခဲနိုင်ဘူးလို့သာ ဆိုရမှာ ဖြစ်ပါတယ်။**

### အဝေးကွင်းနိုင်ပွဲအများဆုံး စံချိန်

ပရီမီယာလိဂ်မှာတော့ အဝေးကွင်းနိုင်ပွဲ အများဆုံး အဖြစ်စံချိန်တင်ထားတာကတော့ ၁၅ ပွဲဖြစ်ပါတယ်။ အဲဒီစံချိန်ကိုတော့ ချယ်လ်ဆီးအသင်းကို မန်နေဂျာမော်ရင်ညိုကိုင်တွယ်ခဲ့တဲ့ ၂၀၀၄-၀၅ ခုနှစ်က တင်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီရာသီမှာတော့ ချယ်လ်ဆီးအသင်းဟာ အဝေးကွင်းအားလုံးမှာ တစ်ပွဲပဲ ရှုံးနိမ့်ခဲ့တာဖြစ်ပြီး ငါးပွဲကတော့ တစ်ဂိုး-ဂိုးမရှိနဲ့သာ ကပ်နိုင်ခဲ့တာတွေဖြစ်ပါတယ်။ အခုဆိုရင် မန်စီးတီးအသင်းဟာ အဝေးကွင်းနိုင်ပွဲ ၁၄ ပွဲရှိပြီဖြစ်တာကြောင့် လက်ကျန်အဝေးကွင်း နှစ်ပွဲနိုင်တာနဲ့ အဲဒီစံချိန်ကို ဖြတ်ကျော်သွားနိုင်မှာလည်း ဖြစ်ပါတယ်။ မန်စီးတီးအသင်းအဝေးကွင်းမှာ ယှဉ်ပြိုင်ရမယ့် နှစ်ပွဲက ဝက်စ်ဟမ်းအသင်း၊ ဆောက်သမ်တန်အသင်းတို့နဲ့ ယှဉ်ပြိုင်ရမှာ ဖြစ်ပါတယ်။

### ရဂိုးအများဆုံး စံချိန်

ပရီမီယာလိဂ်သမိုင်းမှာတော့ ရဂိုးအများဆုံး စံချိန်တင်ထားတာကတော့ ချယ်လ်ဆီး အသင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစံချိန်တွေကိုတော့ မန်နေဂျာမော်ရင်ညိုနဲ့ ကွန်တီတို့ ရယူပေးနိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ အဲဒီစံချိန်ကို ချယ်လ်ဆီးအသင်းအတွက် ရယူပေးနိုင်ခဲ့တဲ့ မန်နေဂျာက အန်ဆယ်လော့တီ ဖြစ်ပါတယ်။ ရဂိုးကတော့ ၁၀၃ ဂိုး ဖြစ်ပါတယ်။ အဲဒီတုန်းက ချယ်လ်ဆီး တိုက်စစ်မှူးကတော့ ဒရော့ဘာဖြစ်ပြီး ခုနစ်ဂိုး-ဂိုးမရှိ၊ ခုနစ်ဂိုး-တစ်ဂိုး၊ ခုနစ်ဂိုး-နှစ်ဂိုးနဲ့ ရှစ်ဂိုးနဲ့နိုင်ခဲ့တဲ့ပွဲတွေတောင် ရှိပါတယ်။ ပရီမီယာလိဂ်နောက်ဆုံးပွဲစဉ်မှာဆိုရင် ဝီဂန်အသင်းကို ရှစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီရာသီမှာဆိုရင် အန်ဆယ်လော့တီဟာ ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်ဆုဖလားအပြင် အက်ဖ်အေဆုဖလားပါ ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ အခုဆိုရင် မန်စီးတီးအသင်းဟာ ရဂိုး ၉၃ ဂိုး ရှိထားပြီဖြစ်တာကြောင့် ချယ်လ်ဆီးအသင်းရဲ့ စံချိန်ကို လိုက်မီဖို့ဟာ ၁၁ ဂိုးသာလိုတော့တာလည်းဖြစ်ပါတယ်။ဒါကြောင့် ကျန်ရှိနေတဲ့ ငါးပွဲအတွင်း မန်စီးတီးအသင်းအနေနဲ့ ၁၁ ဂိုး သွင်းယူနိုင်ဖို့ဆိုတာကတော့ သိပ်မခက်ခဲနိုင်ဘူး လို့သာဆို ရမှာဖြစ်ပါတယ်။

### ဒုတိယအသင်းနဲ့ရမှတ်ကွာခြားမှု စံချိန်

လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်မှာ ဒုတိယအသင်းနဲ့ရမှတ်ကွာခြားပြီး ချန်ပီယံဖြစ်သွားတဲ့အသင်းအဖြစ် စံချိန်တင်ထားတဲ့အသင်းကတော့ မန်ယူအသင်း ဖြစ်ပါတယ်။ မန်ယူအသင်းဟာ ၁၉၉၉-၂၀၀၀ ခုနှစ်က အဲဒီစံချိန် ကိုတင်ထားတာဖြစ်ပြီး ၁၈ မှတ် ကွာခြားပါတယ်။ အဲဒီရာသီတုန်းက မန်ယူအသင်းဟာ ၉၁ မှတ်နဲ့ ချန်ပီယံဖြစ်သွားခဲ့ပြီး ဒုတိယနေရာမှာရပ်တည်နိုင်ခဲ့တဲ့ အာဆင်နယ်အသင်းကတော့ ၇၃ မှတ်သာ ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုဆိုရင် ဒုတိယနေရာမှာ ရှိနေတဲ့ မန်ယူအသင်းနဲ့ ရမှတ်ကွာခြားမှုဟာ ၁၆ မှတ်ရှိနေပြီဖြစ်တာကြောင့် ရာသီမကုန်ခင်မှာတော့ မန်ယူတင်ထားတဲ့စံချိန်ကိုဖြတ်ကျော်နိုင်ဖို့ရှိပါတယ်။

မန်ချက်စတာဒါဘီမှာတော့ မန်ယူအသင်းကို နှစ်ဂိုး-သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကြောင့်လည်း ရမှတ်ကွာခြားမှု နည်းသွားခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ရာသီမကုန်ခင် မန်စီးတီးအသင်းအနေနဲ့ ရလဒ်တွေဆက်ကောင်းနေပြီး မန်ယူအသင်းအနေနဲ့ ရမှတ်တွေဆုံးရှုံးမှုတွေရှိခဲ့မယ် ဆိုရင်တော့ မန်ယူအသင်းရဲ့စံချိန်ကိုဖြတ်ကျော်နိုင်မှာ သေချာပါတယ်။ ॥

## လုခ်ရှော၏ပြောင်းရွှေ့ကြေးကို အနည်းဆုံး ပေါင် ၂၈ သန်းရရှိရန် မန်ယူအသင်းအလိုရှိ



မန်ယူအသင်းသည် လာမည့်နွေ ရာသီဈေးကွက်တွင် အသင်း၏ ခံစစ်မှူး လုခ်ရှောကို ရောင်းထုတ်သွားရန် ဆန္ဒရှိနေသော်လည်း အနည်းဆုံးပေါင် ၂၈ သန်းရရှိမှသာ ရောင်းထုတ်သွားမည် ဖြစ်သည်။ အင်္ဂလန်ခံစစ်မှူး လုခ်ရှော၏ လက်ရှိအသင်းနှင့်စာချုပ်သက်တမ်းမှာ ၂၀၁၉ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်ပြီး လုပ်ခအနေဖြင့် တစ်ပတ်ပေါင် ၁၃၀၀၀၀ ရရှိ နေသူလည်း ဖြစ်သည်။

လုခ်ရှောသည် မန်ယူအသင်းတွင် ကစားနေခဲ့သည့် လေးနှစ်တာကာလအတွင်း ဒဏ်ရာပြဿနာနှင့်အတူ ပုံမှန်ကစားခွင့်ရရှိရေးကို အပြင်းအထန်ကြိုးစားရန်းကန်နေခဲ့ရသည့် ကစားသမားတစ်ဦး ဖြစ်သည်။ ထို့အပြင် လုခ်ရှောသည် မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုနှင့်ဆက်ဆံရေးမှာလည်း ကောင်းမွန်မှုမရှိသောကြောင့် နွေရာသီဈေးကွက်တွင်အသင်းမှ ထွက်ခွာရန် သတင်းများထွက်ပေါ်နေခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းသည် လုခ်ရှောကို ရောင်းထုတ်ရန်ဆန္ဒရှိနေသော်လည်း ဆောက်သမ်တန်အသင်းမှ ခေါ်ယူခဲ့စဉ်က ပေးခဲ့ရသည့် ပေါင် ၂၈ သန်းရရှိမှသာ ရောင်းထုတ်မည် ဖြစ်သည်။ မန်ယူအသင်းနဲ့နီးစပ်သူတစ်ဦးက " မန်ယူအသင်းအနေနဲ့ လုခ်ရှောကိုခေါ်ယူခဲ့စဉ်က ပေးခဲ့ရတဲ့ ပြောင်းရွှေ့ကြေးအတိုင်းရမှသာ ပြန်ရောင်းထုတ်ဖို့ ဆန္ဒရှိနေပါတယ်၊ မော်ရင်ညိုကတော့ လုခ်ရှော်ကို ရောင်းထုတ်ဖို့နဲ့ပတ်သက်ပြီး မဆုံးဖြတ်ရသေးပါဘူး၊ ဒါပေမယ့် သူ့အသက်သူ့အရွယ်နဲ့ ပြောင်းရွှေ့ကြေး ပေါင် ၂၈ သန်းကတော့ မျှတတဲ့ ပြောင်းရွှေ့ကြေးဖြစ်ပါတယ်" ဟုပြောဆိုခဲ့သည်။ လုခ်ရှောက အသင်းတွင် ဆက်လက်ရှိနေရန်ဆန္ဒရှိနေပြီး ပုံမှန်ကစားခွင့်ရဖို့အတွက် ကြိုးစားယှဉ်ပြိုင်သွားမည်ဟု ဆိုသည်။ **ထက်အောင်**




ဝေ မိုး ဆက်

# နိုင်ပွဲရယူကာချန်ပီယံအဖြစ် အောင်ပွဲခံမယ့် မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် ၃၅ ကို လာမယ့် ဧပြီလ ၂၀ ရက်၊ ၂၁ရက်၊ ၂၂ရက်၊ ၂၄ ရက်နေ့တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲဟာ အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲတွေနဲ့ တိုက်ဆိုင်နေတာကြောင့် မန်ယူ၊ စပါးတို့ရဲ့ပွဲတွေကို ကြိုတင်ကစားခဲ့ပြီး ကျန်ပွဲတွေကိုသာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

## မန်စီးတီး Vs ဆွမ်ဆီး

ပကျော့ ဆွမ်ဆီး ၀ ၄ မန်စီးတီး

မန်စီးတီးအနေနဲ့ ချန်ပီယံဖြစ်ခဲ့ပြီဆိုပေမယ့်လည်း အိမ်ကွင်းမှာနိုင်ပွဲနဲ့ ချန်ပီယံဆုဖလား မြှောက်နိုင်ဖို့အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဆွမ်ဆီးကလည်းတန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါပေမယ့် ဆွမ်ဆီးအနေနဲ့ ခြေစွမ်းပိုင်းကတော့အားနည်းမှုတွေရှိနေကာ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုအနည်းငယ်အား နည်းနေပါတယ်။ အထူးသဖြင့် ဆွမ်ဆီးဟာ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းကျဆင်းတတ်တာကြောင့် မန်စီးတီးတိုက်စစ်ကို ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာနိုင်ပွဲနဲ့အတူဆုဖလားရယူဖို့ ရည်မှန်းထားတဲ့ မန်စီးတီးပဲ အနိုင်ရမယ်။

## ဝက်စ်ဘရွန်း Vs လီဗာပူး

ပကျော့ လီဗာပူး ၀ ၀ ဝက်စ်ဘရွန်း

လီဗာပူးအတွက် ပရီမီယာလိဂ်မှာ ဒီပွဲအနိုင်အရှုံးက ထင်သလောက်အရေး မပါတော့ပါဘူး။ ဒါ့အပြင် ဒီပွဲအပြီးမှာလည်း လီဗာပူးတို့ အိမ်ကွင်းမှာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲကစားရမှာဖြစ်လို့ ဒီပွဲမှာ လူစုံထုတ်လာနိုင်ဖို့ခက်ပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဝက်စ်ဘရွန်းကလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေသလို မန်ယူကိုတောင် အဝေးကွင်းမှာ အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒီပွဲမှာလည်း ဝက်စ်ဘရွန်းတို့တန်းမဆင်းရဖို့ အားစိုက်ကစားလာမှာဖြစ်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့်လူမစုံနိုင်တဲ့ လီဗာပူးကို ထိန်းချုပ်နိုင်မှာပါ။ လီဗာပူးနိုင်မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

## အာဆင်နယ် Vs ဝက်စ်ဟမ်း

ပကျော့ ဝက်စ်ဟမ်း ၀ ၀ အာဆင်နယ်

အာဆင်နယ်ရဲ့ခြေက လက်ရှိအချိန်မှာ တည်ငြိမ်မှုအနည်းငယ်အားနည်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကလည်း အားနည်းမှုတွေ ရှိနေပါတယ်။ ဒါ့အပြင် ဒီပွဲအပြီးမှာ အာဆင်နယ်တို့ ယူရိုပါလိဂ်ပွဲလည်းကစားရမှာဖြစ်တဲ့အတွက် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ ဝက်စ်ဟမ်းကတော့ တန်းမဆင်းရဖို့အမှတ်လိုနေသေးတာကြောင့် အားစိုက်ကစားလာမှာ ဖြစ်တယ်။ ဒါကြောင့်လည်း အာဆင်နယ်တို့ အိမ်ကွင်းဖြစ်ပေမယ့် ဝက်စ်ဟမ်းကို အနိုင်ရရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

## အဲဗာတန် Vs ကာဆယ်

ပကျော့ ကာဆယ် ၀ ၁ အဲဗာတန်

ကာဆယ်တို့တန်းမဆင်းရဖို့ သေချာသွားပြီဖြစ်သလို အဲဗာတန်ကလည်းမျှော်လင့်ချက်အတွက် အားစိုက်စရာအခြေအနေ မရှိတော့ပါဘူး။ ဒါကြောင့်လည်း ဒီပွဲမှာနှစ်သင်းစလုံးရဲ့ အားစိုက်ကစားမှုဟာ သာမန်သာရှိလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အဲဗာတန်ကအိမ်ကွင်းဖြစ်နေလို့ ရလဒ်ကောင်းမွန်ဖို့တော့အတွက် ဂရုတစိုက်ကစားလာမှာသေချာနေပါတယ်။ ကာဆယ်ခြေကောင်းနေပေမယ့်လည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားမယ့်အဲဗာတန်ကိုသာ ရွေးချယ်ချင်မိတယ်။

## စတုတ် Vs ဘန်လေ

ပကျော့ ဘန်လေ ၁ ၀ စတုတ်

တန်းမဆင်းရဖို့အတွက် စတုတ်တို့အားစိုက်ကစားနေပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဘန်လေကတော့ ခြေစွမ်းပိုင်း ကောင်းမွန်နေသလို ဥရောပဝင်ခွင့်လည်း မျှော်လင့်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ စတုတ်ရဲ့တိုက်စစ် ပိုင်းက ဂိုးသွင်းခြေရနေပေမယ့်လည်း ခံစစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေလို့ ဘန်လေသာ နိုင်ပွဲရမယ်။

## ဝက်ဖို့ဒ် Vs ပဲလေ့စ်

ပကျော့ ပဲလေ့စ် ၂ ၁ ဝက်ဖို့ဒ်

ပဲလေ့စ်အနေနဲ့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းအရလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ကလည်း အိမ်ကွင်းဖြစ်သလို တန်းမဆင်းရဖို့အတွက်လည်း အမှတ်လိုနေသေးတာကြောင့် အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။ ဝက်ဖို့ဒ်တို့ အိမ်ကွင်းမှာ နိုင်ပွဲကပ်ရနိုင်ပါတယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၃၅)

| စနေနေ့ | | | ၂၁-၄-၁၈ |
|---|---|---|---|
| ဝက်စ်ဘရွန်း | - | လီဗာပူး | ည ၆း၀၀ |
| ဝက်ဖို့ဒ် | - | ပဲလေ့စ် | ည ၈း၃၀ |
| တနင်္ဂနွေနေ့ | | | ၂၂-၄-၁၈ |
| အာဆင်နယ် | - | ဝက်စ်ဟမ်း | ည ၇း၀၀ |
| စတုတ် | - | ဘန်လေ | ည ၇း၀၀ |
| မန်စီးတီး | - | ဆွမ်ဆီး | ည ၁၀း၀၀ |
| တနင်္လာနေ့ | | | ၂၃-၄-၁၈ |
| အဲဗာတန် | - | ကာဆယ် | နံနက် ၁း၃၀ |

## စပိန်လီဂါပွဲစဉ် (၃၄)

| သောကြာနေ့ | | | ၂၀-၄-၁၈ |
|---|---|---|---|
| လီဂါနက်စ် | - | ဒီပို့တီဗို | နံနက် ၁း၃၀ |
| စနေနေ့ | | | ၂၁-၄-၁၈ |
| အီဘာ | - | ဂီတာဖေး | ည ၅း၃၀ |
| ဆဲလ်တာဗီဂို | - | ဗလင်စီယာ | ည ၈း၄၅ |
| တနင်္ဂနွေနေ့ | | | ၂၂-၄-၁၈ |
| ဂျီရိုနာ | - | အက်စ်ပန်ညို | ည ၄း၃၀ |
| မာလာဂါ | - | ဆိုစီဒက်စ် | ည ၈း၄၅ |
| လက်ပဲလ်မက်စ် | - | အလာဗက်စ် | ည ၁၁း၀၀ |
| အက်သလက် | - | ဘက်တစ် | နံနက် ၁း၁၅ |
| တနင်္လာနေ့ | | | ၂၃-၄-၁၈ |
| ဘီဘာအို | - | လီဗန်တေး | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၃၄)

| စနေနေ့ | | | ၂၁-၄-၁၈ |
|---|---|---|---|
| SPAL | - | ရိုးမား | ည ၇း၃၀ |
| ဆက်ဆူအိုလို | - | ဖီအိုရင်တီးနား | ည ၁၀း၃၀ |
| မီလန် | - | ဘီနီဗန်တို | နံနက် ၁း၁၅ |
| တနင်္ဂနွေနေ့ | | | ၂၂-၄-၁၈ |
| ကယ်ဂလီယာရီ | - | ဘိုလော့ဂ်နာ | ည ၅း၀၀ |
| အူဒီးနိစ် | - | ခရိုတိုနီ | ည ၇း၃၀ |
| ချီယေဗို | - | အင်တာ | ည ၇း၃၀ |
| လာဇီယို | - | ဆမ့်ဒိုးရီးယား | ည ၇း၃၀ |
| အတ္တလန္တာ | - | တိုရီနို | ည ၇း၃၀ |
| ဂျူဗင်တပ်စ် | - | နာပိုလီ | နံနက် ၁း၁၅ |
| တနင်္လာနေ့ | | | ၂၃-၄-၁၈ |
| ဂျီနိုအာ | - | ဗီရိုနာ | နံနက် ၁း၁၅ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၃၄)

| သောကြာနေ့ | | | ၂၀-၄-၁၈ |
|---|---|---|---|
| နန့်စ် | - | ရိန်းစ် | နံနက် ၀၀း၀၀ |
| ဒီဂျွန် | - | လယွန် | နံနက် ၁း၃၀ |
| စနေနေ့ | | | ၂၁-၄-၁၈ |
| မာဆေး | - | လေလီ | ည ၉း၃၀ |
| အာမီယန် | - | စထရက်ဘော့ချ် | နံနက် ၀၀း၃၀ |
| ဂူအင်ဂမ့် | - | မိုနာကို | နံနက် ၀၀း၃၀ |
| မက်ဇ် | - | ကိန်း | နံနက် ၀၀း၃၀ |
| တူးလောက်စ် | - | အန်ဂျာစ် | နံနက် ၀၀း၃၀ |
| တနင်္ဂနွေနေ့ | | | ၂၂-၄-၁၈ |
| နိုက်စ် | - | မောင့်ပယ်လီယာ | ည ၇း၃၀ |
| စိန်အေတီယန် | - | ထရွိုင်းယတ်စ် | ည ၉း၃၀ |
| ဘော်ဒိုး | - | ပီအက်စ်ဂျီ | နံနက် ၁း၃၀ |

CHAMPIONS LEAGUE

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပ-ကျော့

| အင်္ဂါနေ့ | ၂၄-၄-၁၈ | | | |
|---|---|---|---|---|
| နံနက် ၁း၁၅ | လီဗာပူး | - | ရိုးမား | |
| ဗုဒ္ဓဟူးနေ့ | ၂၅-၄-၁၈ | | | |
| နံနက် ၁း၁၅ | ဘိုင်ယန် | - | ရီးရဲ | |

## အက်ဖ်အေဖလား ဆီမီးဖိုင်နယ်

| စနေနေ့ | ၂၁-၄-၁၈ | | |
|---|---|---|---|
| ည ၁၀း၄၅ | မန်ယူ | - | စပါး |
| တနင်္ဂနွေနေ့ | ၂၂-၄-၁၈ | | |
| ည ၈း၃၀ | ချယ်လ်ဆီး | - | ဆောက်သမ်တန် |

COPA DEL REY
CAMPEONATO DE ESPAÑA COPA DE S.M. EL REY

## စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲ

| စနေနေ့ | ၂၁-၄-၁၈ | | |
|---|---|---|---|
| နံနက် ၂း၀၀ | ဆီဗီလာ | - | ဘာစီလိုနာ |

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘိုးဘွားသက်ကြီးပူဇော်ကန်တော့ပွဲ ကျင်းပ



**ရန်ကုန် မေ ၁၉**
ရန်ကုန်တိုင်းဒေသကြီးမှ ကြီးမှူးကျင်းပသော ဘိုးဘွားသက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သော မေ ၁၇ ရက်တွင် ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်း က သက်ကြီးဘိုးဘွားများအား ဂါရဝစကားပြောကြားပြီး နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ (အငြိမ်းစား) ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ဘိုးဘွားရိပ်သာကြီး၏ အမှုဆောင်အဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်တင့်က သက်ကြီးဘိုးဘွားများနှင့် မိတ်ဆက်ပေးပြီး သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကဘိုးဘွားများအား ဂါရဝပြုအလှူငွေများပေးအပ်လှူဒါန်းခဲ့ရာ ဘိုးဘွားများကိုယ်စားဘိုးကျော်သောင်း (၉၉)နှစ်က ဆုတောင်းမေတ္တာပို့သခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးမှ သက်ကြီးဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၇ သိန်း တစ်သောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ လက်ရှိအချိန်တွင် အဘိုး ၄၂ ဦး၊ အဘွား ၇၁ ဦး၊ ရိပ်သာကြီးအတွင်းရှိ ဆေးရုံ၌ အဘိုး ၁၃ ဦး၊ အဘွား ၄၅ ဦး စုစုပေါင်း အဘိုးအဘွား ၁၇၁ ဦးတို့ကို စောင့်ရှောက်ပေးလျက်ရှိပြီး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့မှာ အသက် (၁၀၃)နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

"ဆေးရုံမှာတော့ အမြဲတမ်း ဆရာဝန်တွေရှိပါတယ်၊ ဆရာဝန်ကြီးတွေကလည်း အလှည့်ကျလာကြည့်ပေးပါတယ်၊ လိုအပ်ရင် သက်ဆိုင်ရာဆေးရုံကို လွှဲပြောင်းကုသပေးပါတယ်"ဟု သက်ကြီးဘိုးဘွားများအား ဆေးကုသမှုနှင့်ပတ်သက်၍ ရိပ်သာဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## နတ်မောက်မြို့၌ ဒုလ္လဘဝတ်သူများပြား

**နတ်မောက် မေ ၁၉**
သင်္ကြန်အကြိုနေ့ မတိုင်မီကတည်းက နတ်မောက် မြို့ရှိဘုန်းတော်ကြီးကျောင်းများနှင့် မဟာ စည်သာသနာ့ရိပ်သာတို့တွင် လူငယ်လူရွယ် အများအပြား ဒုလ္လဘရဟန်းဝတ်သူ များပြားကြောင်း သိရသည်။

နတ်မောက်မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်ကြီးများနှင့် ဒုလ္လဘဝတ်ရဟန်းအပါး စုစုပေါင်း ၅၈၇ ပါးတို့သည် နှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းတွင် နတ်မောက်မြို့လယ်ကောင်လမ်းမကြီးသို့ ဆွမ်းဆန်စိမ်းခံကြွတော်မူရာ မြို့နေပြည်သူများက ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## ရှားတောမြို့၌ သက်ကြီးပူဇော်ပွဲကျင်းပ

**ရှားတော မေ ၁၉**
ကယားပြည်နယ် ရှားတောမြို့နယ်၌ သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲ မြန်မာနှစ်ဆန်း ၁ ရက်က ကျင်းပခဲ့သည်။

သက်ကြီးဘိုးဘွားများအား ပူဇော်ပွဲကို နံနက်ပိုင်းတွင် မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဘိုးဘွား ၄၃ ဦးတို့အား အလှူငွေများ၊ ဆေးဘူးများဖြင့် ပူဇော်ကန်တော့ကြပြီး ဘိုးဘွားများ၏ကိုယ်စား အဘွားဒေါ်နန်းမတ်က ဆုပေးစကားနှင့် ဆုံးမသြဝါဒစကား ပြောကြားသည်။ ထို့နောက် မြို့နယ် မီးသတ်ဦးစီးဌာန၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ကြက်ခြေနီအသင်းတို့မှ အဖွဲ့ဝင်များက အဘိုးအဘွားများအား ခြေသည်းလက်သည်းများ ညှပ်ပေးကာ မြို့နယ်ပြည်သူ့ဆေးရုံမှ ဝန်ထမ်းများကလည်း ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငြိမ့်ပရိသတ်များက သီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များအား နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဥက္ကဋ္ဌဆရာတော်အမှူးပြုသော သံဃာတော် ခုနစ်ပါးတို့က အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပေးခဲ့သည်။

"အခုလို ဘာသာရေးပွဲတွေ၊ သက်ကြီးပူဇော်ပွဲတွေကို အဆင်ပြေပြေနဲ့ အောင်မြင်အောင် ကျင်းပနိုင်ဖို့ ဆောင်ရွက်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်၊ အားပေးထောက်ပံ့တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ရှားတောမြို့နယ် သာသနာရေးဦးစီးမှူး ဦးကိုးရယ်က ပြောသည်။ ရှားတောမြို့နယ်တွင် မြန်မာနှစ်ဆန်း ၁ ရက်နေ့တိုင်း သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ပွဲများကို ကျင်းပလျက်ရှိကြောင်း သိရသည်။

**အောင်မြင့်ထွန်း(ကန့်ဘလူ)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှု ၃၈ မှု ဖြစ်ပွား ထိခိုက်ဒဏ်ရာရရှိသူ ၁၀၀ ကျော်နှင့် သေဆုံးသူ ၁၈ ဦးရှိ

**မုံရွာ မေ ၁၉**
မေပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့သည့် မဟာသင်္ကြန်ကာလတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှု ၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးမှု ၁၈ ဦးရှိခဲ့ကြောင်း အမှတ်(၁၇) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (စစ်ကိုင်း) မှ စစ်ကိုင်းတိုင်းဒေသကြီး တာဝန်ခံရဲမှူး ကိုကိုနိုင်၏ ပြောကြားချက်အရ သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ မေ ၁၇ ရက်က ကျင်းပသည့် ချင်းတွင်းသင်္ကြန်ပွဲတော်နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ မဟာသင်္ကြန်ကာလအတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကို ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မုံရွာမြို့မှာတော့မေပြီ ၂ရက်က စပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင် စုစုပေါင်း ၃၆ ဦးနဲ့ လုပ်ခဲ့ပါတယ်၊ သင်္ကြန် ကာလအတွင်းမှာ ဆူညံအိတ်ဇောတပ်မောင်းတာနဲ့ အရှိန်ပြင်းစွာမောင်းနှင်ခဲ့တဲ့ စည်းကမ်းပျက်ယာဉ်နဲ့ ပတ်သက်ပြီး မုံရွာမြို့မှာတော့ ၁၀ မှု ဖမ်းဆီးခဲ့ပါတယ်၊ ထိခိုက်ဒဏ်ရာရရှိမှုနဲ့ သေဆုံးမှုစာရင်းမှာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ကသာ၊ ကလေးနဲ့ တမူးမြို့တွေမှာရှိတယ်၊ ကျန်တဲ့နေရာတွေမှာယာဉ်ထိန်းတပ်ဖွဲ့ဝင် မရှိဘူး၊ သူတို့ အစီအစဉ်နဲ့ ဖွင့်တဲ့စာရင်းအရ သိရတာပါ၊ သင်္ကြန်ရေယာအတွင်း မဟုတ်တောင်မှ တခြားသောသွားလာမှုတွေအရ ဖြစ်စဉ်တွေလည်း ပါကောင်းပါနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မဟာသင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၃၈ မှု ဖြစ်ပွားခဲ့ရာ အမျိုးသား ၉၈ ဦးနှင့် အမျိုးသမီး ၂၀ စုစုပေါင်း ၁၁၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၁၈ ဦး သေဆုံးခဲ့ကြောင်း အမှတ်(၁၇) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(စစ်ကိုင်း) ရုံး၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## နားမွန်းကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ပြီးစီး

**မိုင်းဖြတ် မေ ၁၉**
ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ ကျေးရွာနေပြည်သူများမှ သောက်သုံးရေများကို ပြည့်ဝစွာဖြင့် သုံးစွဲနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၄၇ ဒသမ ၂၅၀ သန်းဖြင့် ၆/၀ မိုင်ကို Golden Hip ကုမ္ပဏီက ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာနေပြည်သူများမှ သောက်သုံးရေများကို ပြည့်ဝစွာဖြင့် ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန်မှ ရေများကို နားမွန်းကျေးရွာအပေါ်ရွာ၊ အောက်ရွာနှစ်ရွာမှ အိမ်ခြေ ၆၂ အိမ် အိမ်ထောင်စု ၇၆ စုရှိ မိသားစုဝင် ၃၀၃ ဦးအား သောက်သုံးရေများကို နေ့စဉ် လုံလောက်စွာဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

"ကျွန်တော်တို့ရွာမှာ အရင်ကဆို အလှူရှင်ရဲ့လှူဒါန်းမှုနဲ့ ရွာသူ ရွာသားတွေရဲ့လုပ်အားနဲ့ ဆောင်ရွက်ထားတဲ့ သောက်သုံးရေ တစ်ကန်တော့ရှိပါတယ်၊ ဒါပေမယ့်ရေလှောင်နိုင်မှုက နည်း တဲ့အတွက် နားမွန်း(အပေါ်) ရွာတောင် လုံလောက်အောင် သုံးစွဲခွင့်မရပါဘူး၊ အခုဆိုရင် အပေါ်ရွာ၊ အောက်ရွာ နှစ်ရွာစလုံးမှာရှိတဲ့ မိသားစုဝင်တွေအားလုံးသောက်သုံးရေကို ပြည့်ဝစွာရရှိနေပြီဖြစ်တဲ့အတွက် ဆောင်ရွက် ပေးတဲ့ ဦးစီးဌာနနဲ့ တာဝန်ရှိသူတွေကို ကျေးရွာနေပြည်သူတွေရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်" ဟု ဝမ်လုံးအုပ်စုအုပ်ချုပ်ရေးမှူး နားမွန်းရွာနေသူ ဦးစိုင်းစေထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ် ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်-

* အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံ ထွက်ခြင်း
* စိတ်ရှုပ်ထွေးခြင်း
* သတိလစ်ခြင်း
* တက်ခြင်း
* ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများခံစားနေရသော လူနာအားတွေ့ရှိပါက -

လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။

လူနာအား နီးစပ်ရာဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့် နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။

အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# စုပေါင်းအားနဲ့ အလှဆင် ဖန်ခါးမြေတစ်ခွင်

**မေသံလွင်**

'စည်းလုံးခြင်းသည်အင်အား' ဆိုတာ ဘယ်တော့မှ မရိုးနိုင်တဲ့ ဆိုစကားဖြစ်သလို အခက်အခဲမှန်သမျှကို ကျော်ဖြတ်နိုင်တဲ့ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါတယ်။

**အချိတ်အဆက်မိမိ ပေါင်းစပ်ဆောင်ရွက်ခြင်း**

စည်းလုံးခြင်းကနေ စုပေါင်းအင်အားတွေ ဖြစ်လာရသလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန် ယုံကြည်မှုတွေကပဲ စုပေါင်းအင်အားဆိုတာ ဖြစ်လာရတာပါ။ ယုံကြည်ဖို့ဆိုတာ ရိုးသားရမယ်။ စေတနာထားရမယ်။ ကိုယ်ချင်းစာတရား ရှိရမယ်။ ကိုယ့်ကိုယ်ကိုယ် မှန်မှန်ကန်ကန် သုံးသပ်ပြီး မျှမျှတတ တွေးခေါ်နိုင်ရပါမယ်။ ဘယ်သူမှ ပြီးပြည့်စုံတယ်ဆိုတာမရှိပေမယ့် တစ်ဦးတစ်ဖက်တည်းကပဲ အမြဲနားလည်ပေး၊ အမြဲအနစ်နာခံပေးနေရရင် တစ်ဖက်စောင်းနင်းဆက်ဆံရေးတွေဖြစ်ပြီး ဟန်ချက်မညီနိုင်ပါဘူး။ ရေရှည် မခိုင်မာပါဘူး။ တကယ်တော့ စုပေါင်းအင်အားဆိုတာ ပါဝင်သူတွေရဲ့ အားသာချက်နဲ့ အားနည်းချက်တွေကို အချိတ်အဆက်မိမိ ပေါင်းစပ်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ မတ်လ ၂၄၊ ၂၅၊ ၂၆ ရက်နေ့များဆီက ကျွန်မတို့ရဲ့ စုပေါင်းအားတွေနဲ့ ဖန်ခါးမြေတစ်ခွင် အလှဆင်ခဲ့ကြတယ်။ လူမျိုးဘာသာ၊ လူကြီးလူငယ်၊ အသားအရောင်၊ ဆင်းရဲချမ်းသာ၊ ကျေးလက်မြို့ပြဒေသမခွဲဘဲ ဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ အလွှာပေါင်းစုံက ပြည်သူတွေအတူ ကိုယ်နိုင်ရာ ကိုယ့်ဝန်ကို ကိုယ်စီထမ်းလို့ စုပေါင်းအင်အားနဲ့ အောင်မြင်မှုတစ်ခုကို အရယူနိုင်ခဲ့ကြတယ်။ နိုင်ငံတစ်ခုအနေနဲ့ စဉ်းစားရင် သေးငယ်တယ်လို့ ထင်ရပေမယ့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်မိန့်ခွန်းကို သက်သေပြပေးနေသလို ခံစားမိပါတယ်။

ကျွန်မတို့အားလုံး တူတူညီညီ ပူးပေါင်းဆင်နွှဲခဲ့တဲ့ ပွဲလေးကတော့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီရဲ့ လမ်းညွှန်မှုနဲ့ ကျင်းပခဲ့တဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ရဲ့ ဒေသထုတ်ကုန် ပြပွဲနဲ့ ပြိုင်ပွဲပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီမှာ နိုင်ငံတော်သမ္မတကြီးက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးတို့ဖြစ်ပြီး လုပ်ငန်းကော်မတီမှာတော့ ဒုတိယသမ္မတ (၁) က ဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းထားပါတယ်။

**ချစ်ကြည်ရင်းနှီးမှုကို ပြသတဲ့ပွဲ**

ဒီပွဲတွေကို ကျင်းပရာမှာ ပထမအကြိမ်အဖြစ် မန္တလေးတိုင်းဒေသကြီးမှာ ပြုလုပ်ခဲ့ပြီး ကချင်ပြည်နယ်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒုတိယအကြိမ်အဖြစ် မကွေးတိုင်းဒေသကြီးမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့နဲ့ ပူးပေါင်းဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း အလှည့်ကျ ဆက်လက်ကျင်းပပြုလုပ်သွားပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အမျိုးသားအဆင့်အဖြစ် နေပြည်တော်မှာ ကျင်းပမှာ ဖြစ်ပါတယ်။

ဒီပြပွဲ၊ ပြိုင်ပွဲတွေ ကျင်းပနိုင်ခြင်းဟာ MSME တွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာထက် အများကြီးပိုပါတယ်။ မကွေးတိုင်းဒေသကြီးမှာဆိုရင် သတ်မှတ်ထားတဲ့ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်ကသာမက ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်တို့က MSME တွေပါ လာရောက်ပါဝင်ကြတာမို့ တိုင်းရင်းသားတွေပေါင်းစုလို့ ချစ်ကြည်ရင်းနှီးမှုကို ပြသတဲ့ပွဲတစ်ခုလည်း ဖြစ်ခဲ့ရပါတယ်။ ဒီသတင်းကိုသိပြီဆိုကတည်းက ကျွန်မတို့ဒေသက ပြည်သူတွေ ပျော်ကြရတာ၊ မျှော်လင့်ကြရတာ။ စကားသံဝဲဝဲ၊ ချစ်စရာရိုးသားတဲ့ တိုင်းရင်းသားတွေ လာကြတော့မယ်။ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေ မြင်တွေ့ရတော့မယ်။ အဝတ်အထည်၊ အစားအသောက်၊ အသုံးအဆောင်တွေ ဝယ်ယူသုံးစွဲရတော့မယ်ဆိုပြီး ရင်ခုန်စိတ်လှုပ်ရှားနေကြတယ်။

**အပြန်အလှန်ယုံကြည်မှု**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများကလည်း အားတက်သရော ရှိလှတယ်။ ဝန်ကြီးချုပ်ကြီး အမှူးပြုတဲ့ အစိုးရအဖွဲ့ကိုယ်တိုင်က **'နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့မှာ SME ရဲ့ အခန်းကဏ္ဍက အရေးကြီးဆုံး ဖြစ်တယ်'** ဆိုပြီး SME တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အမြဲတစေ အားပေးကူညီ နားလည်မှုပေးခဲ့ကြတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါ လူမှုရေး၊ ဘဏ္ဍာရေး၊ ပညာရေး၊ ကျန်းမာရေးတွေကိုပါ တစ်ဆက်တစ်စပ်တည်း ဆက်နွှယ်စဉ်းစား ကူညီထောက်ပံ့ပေးမှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ စီးပွားရေးဖြစ်မှာမို့ ကျယ်ပြန့်လှပါတယ်။ ကျွန်မတို့ ဘယ်လောက်ပဲဆောင်ရွက်ပါစေ၊ အဓိကကျတဲ့ SME လုပ်ငန်းရှင်တွေသာ ပူးပေါင်းပါဝင်မှုမရှိရင် မအောင်မြင်နိုင်ပါဘူး။ ဒီပွဲမှာ သူတို့ရဲ့ အားတက်သရော၊ ဝမ်းပန်းတသာ ဂုဏ်ယူစွာပါဝင်ကြပုံက ကျေးဇူးတင်စရာကောင်းသလို အပြန်အလှန်ယုံကြည်မှုဆိုတာကို ပိုလို့သဘောပေါက်ခဲ့ရပါတယ်။

> **"အဝတ်အထည်တွေ၊ စားသောက်ကုန်တွေ၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ၊ မြန်မာမှုလက်မှုအနုပညာတွေ၊ အိမ်သုံးပစ္စည်းတွေ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တွေ၊ လယ်ယာသုံးပစ္စည်း ကိရိယာတွေ၊ IT နည်းပညာနဲ့ ပစ္စည်းတွေ စသည်ဖြင့် အမျိုးအစားတွေ စုံလင်စွာ ပြသရောင်းချကြပါတယ်၊ ရောင်းမလောက်အောင် ဖြစ်ကြရ"**

ပြပွဲမတိုင်မီနေ့ကတည်းက ရပ်ဝေး ရပ်နီးက လာရောက်ကြတဲ့ လုပ်ငန်းရှင်တွေကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကြီး၊ ဝန်ကြီးတွေနဲ့ အစိုးရအဖွဲ့ တာဝန်ရှိသူတွေ၊ ဌာနဆိုင်ရာ အကြီးအကဲတွေက သွားရောက်ကြည့်ရှု အားပေးခဲ့ကြပါတယ်။ ဝေးလံတဲ့ ဒေသကလာတဲ့ လုပ်ငန်းရှင်တွေကို တည်းခိုစရာနေရာ အဆင်သင့်စီစဉ်ပေးခဲ့တယ်။ ပြပွဲရက်တွေမှာလည်း နေ့တိုင်းလာရောက်ပြီး ဂရုတစိုက် အားပေးကြည့်ရှုခဲ့ကြတယ်။ **'ပြည်သူနဲ့အတူ'** ဆိုတဲ့ စကားရပ်ကို လက်တွေ့ကျင့်သုံးတဲ့အခါ အောင်မြင်ခြင်းအတွက် တွန်းအားတွေ ဖြစ်စေခဲ့ပါတယ်။

မြို့တော်ခန်းမမှာ ကျင်းပတဲ့ ဖွင့်ပွဲနေ့မှာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ မကွေးတိုင်းဒေသကြီးက ဝန်ကြီးချုပ်တို့ ဦးဆောင်တဲ့ တာဝန်ရှိသူတွေ၊ SME Agency ဥက္ကဋ္ဌနဲ့ တာဝန်ရှိသူတွေ၊ ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်တွေနဲ့ ဝန်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဖိတ်ကြားထားသော ဧည့်သည်တော်တွေ၊ အလှူရှင်တွေ၊ ပြပွဲဝင်၊ ပြိုင်ပွဲဝင်လုပ်ငန်းရှင်တွေ စုံညီစွာတက်ရောက်ခဲ့ကြပါတယ်။ ဆက်လက်ကျင်းပတဲ့ ပြခန်းများဖွင့်ပွဲမှာတော့ အခြေခံပညာကျောင်းတွေမှ သားငယ် သမီးငယ်တွေ၊ သဘင်၊ ဂီတအစည်းအရုံးက အကအလှတွေက ထပ်လောင်းအားဖြည့်ထားတာမို့ လှပတင့်တယ် ပျော်စရာကောင်းခဲ့ကြတယ်။

ဖွင့်ပွဲနေ့က လူတွေ ကြိတ်ကြိတ်တိုးစည်ကားနေတဲ့ကြားထဲမှာ ပြခန်းပေါင်း ၁၅၀ လုံး ဘယ်နေရာမှ မကျန်ရအောင် စိတ်ဝင်တစားနဲ့ စိတ်ရှည်လက်ရှည် မေးမြန်းကြည့်ရှုအားပေးတဲ့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကြီးတို့ ဦးဆောင်တဲ့ အဖွဲ့တွေရဲ့ SME တွေအပေါ်မှာ အလေးအနက်ထား ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ စိတ်ကတော့ အံ့မခန်းပါပဲ။ အကုန်လုံးစုံအောင် ကြည့်ရှုနားထောင်၊ အကြံပေး၊ ချိတ်ဆက်ပေးနဲ့ အားရစရာကောင်းလှုပါတယ်။ မကွေးမြို့ရဲ့ နွေနေပူပူမှာ ချွေးတွေ စီးကျနေတာကို မြင်နေရပေမယ့် ပူနေတာကို သတိမထားမိလောက်အောင် ပီတိတွေနဲ့ အေးမြနေကြပုံပေါ်ပါတယ်။ စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူတွေ၊ UMFCCI က အထွေထွေအတွင်းရေးမှူး၊ SME Agency အဖွဲ့ဝင် စီးပွားရေးကျွမ်းကျင်သူ မြန်မာနိုင်ငံ လက်လီစီးပွားရေး လုပ်ငန်းရှင်တွေအသင်းတို့ကလည်း ပြခန်းကပစ္စည်းတွေကို ဈေးကွက်ချိတ်ဆက်ဖို့ စီစဉ်ပေးခဲ့ကြတဲ့အတွက် ကျွန်မတို့ရဲ့ လုပ်ငန်းရှင်တွေမှာ အများကြီး အကျိုးရှိခဲ့ကြတယ်။ ပြည်သူတွေရဲ့ အားပေးမှုကလည်း အံ့မခန်းဖြစ်ခဲ့ရပါတယ်။ ပြခန်းပြသူနဲ့ လာရောက်ကြည့်ရှုသူတွေ အဆင်သင့်စားသောက်နိုင်ဖို့အတွက် စားသောက်ဆိုင်တွေကို ပန်းခြံအတွင်းမှာ မြို့နယ်စည်ပင်သာယာရေးကော်မတီက ထပ်မံစီစဉ်ပေးခဲ့ပါသေးတယ်။

**စေတနာတွေပါ ထည့်သွင်းပြသ**

ပြပွဲဝင်သူတွေဟာ သူတို့ရဲ့ ပစ္စည်းတွေကို ရောင်းရရုံ သက်သက်မဟုတ်ဘဲ စေတနာတွေကိုပါ ထည့်သွင်းပြသကြတာ အားရစရာကောင်းလှပါတယ်။ ဥပမာ- နွားနို့ကနေ တန်ဖိုးမြှင့် ထုတ်ကုန် ဒိန်ချဉ်ရရှိသည်အထိပြတဲ့အခါ နို့စားနွားကြီးတွေအတွက် နွားခြံတွေဆောက်၊ စားတဲ့ မြက်ပင်ကစလို့ နွားခြံတစ်ခုလုံး လှည်းဘီးတွေ၊ ကောက်ရိုးတွေနဲ့ တကယ့်ကျေးလက်ဓလေ့ သဘာဝကျကျ လှပနေအောင်သာမက စက်နဲ့နို့ညှစ်ပြတာ၊ ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်လုံးကို ဗီနိုင်းတွေနဲ့ အဆင့်ဆင့်ပြပေးထားတာတွေမှာ သူတို့ရဲ့ စေတနာတွေကို မြင်နေရတယ်။

အဝတ်အထည်တွေ၊ စားသောက်ကုန်တွေ၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ၊ မြန်မာမှုလက်မှုအနုပညာတွေ၊ အိမ်သုံးပစ္စည်းတွေ၊ ဒေသတွင်း ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်တွေ၊ လယ်ယာသုံးပစ္စည်းကိရိယာတွေ၊ IT နည်းပညာနဲ့ ပစ္စည်းတွေ စသည်ဖြင့် အမျိုးအစားတွေ စုံလင်စွာ ပြသရောင်းချကြပါတယ်။ ရောင်းမလောက်အောင် ဖြစ်ကြရပါတယ်။ မွေး/ကုဦးစီးဌာနရဲ့ ကြီးမားတဲ့ ဆိတ်ကြီးတွေ၊ သိုးတွေ၊ နွားတွေ၊ နွားနောက်တွေကိုလည်း လူတွေ စိတ်ဝင်စားကြတယ်။ စားသောက်ကုန်ရောင်းတဲ့ ဆိုင်တွေကလည်း လာသမျှလူတွေကို သူ့ထက်ငါ ကျွေးကြ၊ တိုက်ကြတာဟာ စတုဒိသာကျွေးနေသလိုပါပဲ။

အလားအလာကောင်းပေမယ့် အင်အားနည်းနေသူတွေကိုတော့ ဝန်ကြီးချုပ်ကြီးရဲ့ လမ်းညွှန်ချက်နဲ့ ကျွန်မတို့ရဲ့ SME ဖွံ့ဖြိုးတိုးတက်ရေးဌာနက တာဝန်ယူပြသပေးခဲ့ပါတယ်။ အဲဒါတွေကတော့ စလင်းမြို့ ဝက်သည်းကန်က အမျိုးကောင်းပဒုမ္မာကြာပင်ကနေ ကြာချည်ထုတ်ယူမှုကို လက်တွေ့ပြသဖို့ ဒေသခံတွေကို ဖိတ်ခေါ်စီစဉ်ပေးခဲ့ခြင်း။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်မှာ ပါဝင်လာနိုင်ဖို့အတွက် တီထွင်မှုကို အသိအမှတ်ပြု၊ မြေတောင်မြှောက်ပေးနိုင်ဖို့ ရည်ရွယ်ပြီး မကွေး နည်းပညာတက္ကသိုလ် နောက်ဆုံးနှစ် (စက်မှု) ကျောင်းသားလေးတွေရဲ့ **ရေပူ၊ ရေအေးစနစ်နဲ့ လေအေးပေးစနစ်ကို တစ်မျိုးတည်းပေါင်းစပ်တီထွင်ထားတဲ့စက်** ကို မိတ်ဆက်ပြသပေးခဲ့ခြင်း။ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်က ဝါးလက်မှုအနုပညာပစ္စည်းတွေကို ပြည်သူတွေသိအောင် ချပြနိုင်တဲ့အပြင် ဈေးကွက်မှာ အောင်မြင်စွာဝင်ရောက်နိုင်တဲ့ အခွင့်အလမ်းတွေ ရစေခဲ့ခြင်းနဲ့ မသန်စွမ်းသူတွေရဲ့ ထုတ်ကုန်တွေကို ပြသရောင်းချ ပြိုင်ပွဲဝင်စေပြီး သန်စွမ်းသူတွေနဲ့ တန်းတူအခွင့်အရေးရရှိဖို့ စီစဉ်ပေးခဲ့ခြင်းတို့ ဖြစ်ပါတယ်။

**အလှဆင်နိုင်ခဲ့ကြပြီ**

ပြခန်းမှာ ရောင်းချနေစဉ်အတွင်း မြို့တော်ခန်းမမှာလည်း ကဏ္ဍအသီးသီးက ပညာရှင်တွေနဲ့ ကျွန်မတို့လုပ်ငန်းရှင်တွေရဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကို တစ်ပြိုင်နက်တည်း ကျင်းပနေပါတယ်။ တစ်ချိန်တည်းမှာပဲ ပြိုင်ပွဲဝင်လုပ်ငန်းရှင် ၃၆ ဦးရဲ့ ယှဉ်ပြိုင်မှုကို ဆောင်ရွက်နေပါတယ်။ သူတို့ရဲ့ အတွေးအခေါ်တွေ၊ စိတ်ကူးပုံဖော်တာတွေ၊ ဆန်းသစ်တဲ့ ဖန်တီးမှုတွေအားကောင်းလို့ အကဲဖြတ်ဒိုင်တွေ ချီးကျူးကြရတယ်။ လိုအပ်တဲ့ အကြံဉာဏ်တွေလည်း ပေးခဲ့ကြတယ်။ အကဲဖြတ်ဒိုင်အဖွဲ့မှာ ကဏ္ဍပေါင်းစုံကပါဝင်ပြီး စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နဲ့ ညွှန်ကြားရေးမှူး၊ UMFCCI အထွေထွေအတွင်းရေးမှူး၊ စီးပွားရေးကျွမ်းကျင်သူ SME Agency အဖွဲ့ဝင်၊ မြန်မာနိုင်ငံ လက်လီစီးပွားရေးလုပ်ငန်းရှင်တွေအသင်းမှ တာဝန်ရှိသူတို့ ပါဝင်တဲ့အပြင် မကွေးမြို့က ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်တွေ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲတွေ ပါဝင်ကြပါတယ်။ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနဲ့ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် ဦးဆောင်ပြီး ပြိုင်ပွဲကာလ အစမှ အဆုံး ပါဝင်အကဲဖြတ်ပေးခဲ့ပါတယ်။ ရမှတ်တွေအပေါ် အားလုံးဝိုင်းဝန်းစိစစ်ပြီး ဆုတွေကို ရွေးချယ်ပေးခဲ့ကြပါတယ်။

ကျွန်မတို့အားလုံး ပူးပေါင်းပြီး ချိတ်ဆက်မိမိ ဆောင်ရွက်လိုက်တဲ့အခါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သက်သက်သာမက တိုင်းရင်းသား ညီအစ်ကို မောင်နှမ အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုတွေ ဖလှယ်နိုင်မှု စတဲ့ အကျိုးကျေးဇူးတွေ များစွာရခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားခဲ့သလို **'စုပေါင်းအင်အားနဲ့သာဆိုရင် အရာရာကို ကျော်ဖြတ်နိုင်မယ်။ စိန်ခေါ်မှုတွေကို တွန်းလှန်နိုင်မယ်။ လောကတစ်ခွင် အလှဆင်နိုင်ကြမယ်'** ဆိုတာကို ကျွန်မတို့ သက်သေပြနိုင်ခဲ့ကြတယ်။ ကျွန်မတို့အားလုံး ပြည်သူတွေအတူ **'စုပေါင်းအားအင်နဲ့ ဖန်ခါးမြေတစ်ခွင် အလှဆင်နိုင်ခဲ့ကြပြီ'** လို့ပဲ ဆိုလိုက်ရပါတော့တယ်။ ။



**ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၆၉) ကြိမ်မြောက် သက်ကြီးဝါကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်) က ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရဓမ္မာရုံ၌ ကျင်းပရာ ကန်တော့ခံသက်ကြီး ၆၉၁ ဦးနှင့် ကန်တော့သူများကို တွေ့ရစဉ်။**

တင်ဝင်းလေး (ကြည့်မြင်တိုင်)

## ပြည်မြို့ မြို့ပတ်လည် အကာအကွယ်အရံအတား ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်

**ပြည် ဧပြီ ၁၉**

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်ကြီး ကိုးပါး အမှူးပြုလျက် ဘာဏကသံဃာတော် ၁၅ ပါး စုစုပေါင်း ဆရာတော်သံဃာတော် ၂၄ ပါးတို့သည် ပြည်မြို့အတွင်းသို့ လှည့်လည်လျက် မြို့ပတ်အကာအကွယ် အရံအတား ပရိတ်တရားတော် ရွတ်ဆိုပူဇော်ပွဲကြီးကို (၁၉) ကြိမ်မြောက်အဖြစ် မြန်မာနှစ်ဆန်း ၁ ရက် နံနက်က ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ပြည်မြို့နယ်တစ်ခွင်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံး ဘေးအန္တရာယ်မကပ်မရောက် ကင်းစင်လွင့်ပျောက်ပြီး ရဟန်းရှင်လူတို့ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာနှစ်ဝ ပြည့်စုံကာ၊ အမျိုးဘာသာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန် အများပြည်သူ မြို့သူ မြို့သားများ ကုသိုလ်ပွားများ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း နိုင်ငံ့ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၂၄၈ ခန်း တည်ဆောက်ပေးသွားမည်

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာ တိုက်ခန်းပေါင်း ၂၄၈ ခန်းကို တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်နိုင်က ပြောသည်။

အိမ်ရာတိုက်ခန်းပေါင်း ၂၄၈ ခန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိုးကုတ်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ သာစည်၊ မလှိုင်၊ ရမည်းသင်း၊ မြင်းခြံနှင့် ညောင်ဦးမြို့နယ်တို့တွင် တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဆက်လက်၍လည်း လက်ရှိတာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် အရောင်းအိမ်ရာများကိုလည်း ထပ်မံတည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက နိုင်ငံ့ဝန်ထမ်းတွေ နေရေးအဆင်ပြေစေဖို့အတွက် အိမ်ရာတွေ တည်ဆောက်ပေးနေပါတယ်၊ ဒါ့အပြင် အရောင်းအိမ်ရာတွေကိုလည်း တည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်၊ အဲဒီအရောင်းအိမ်ရာတွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အငြိမ်းစားဝန်ထမ်းတွေအတွက် ဦးစားပေးဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုအစိုးရဘတ်ဂျက်နှင့် တိုင်းဒေသကြီးအစိုးရဘတ်ဂျက် စုစုပေါင်း ငွေကျပ် ၁၀ ဘီလီယံသုံးစွဲ၍ အောင်မြင်မန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီးရှိ မြေဧက ၃၃ ဒသမ ၂၂ ဧကပေါ်တွင် တိုက်ခန်းပေါင်း ၅၀၀ တည်ဆောက်ပေးလျက်ရှိပြီး ယင်းတို့အနက် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်သည့် တိုက်ခန်းပေါင်း ၂၆၀ မှာ ၉၅ ရာခိုင်နှုန်းနှင့် ပြည်ထောင်စုအစိုးရဘတ်ဂျက်ဖြင့် တည်ဆောက်သည့် တိုက်ခန်းပေါင်း ၂၄၀ မှာ ၃၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လက်ရှိအချိန်၌ နိုင်ငံ့ဝန်ထမ်း ၅၆၁၂၆ ဦးရှိသော်လည်း ၎င်းတို့အတွက် အိမ်ရာနေရာချထားပေးနိုင်မှုမှာ ၄ ဒသမ ၉ ရာခိုင်နှုန်းသာရှိသောကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အိမ်ရာများ ပိုမိုတည်ဆောက်ပေးနေကြောင်း သိရသည်။ **မင်းထက်အောင် (မန်းကိုယ်ပွား)**



# တောင်ငူမြို့နယ် ပသိချောင်းနှင့် ဆိတ်ဖူးတောင်ရေလွှဲဆည်တို့တွင် ရေကစားသူများဖြင့် စည်ကား

**တောင်ငူ မေ ၁၉**

တောင်ငူမြို့မှ ၁၃ မိုင်သာကွာဝေးသော ကရင်ပြည်နယ် သံတောင်မြို့ရှိ ပသိချောင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူ-လွိုင်ကော်ကားလမ်း လေးမိုင်မှဝင်ရသည့် ဆိတ်ဖူးတောင်ကျေးရွာအနီးရှိ ဆိတ်ဖူးတောင်ရေလွှဲဆည်တို့တွင် တစ်နေ့လုံး အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကာ ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်ကို မြင်တွေ့ခဲ့ရသည်။

တောင်ငူမြို့မှ သံတောင်မြို့သို့ သွားရာလမ်းတစ်လျှောက်သည် နှစ်ဆန်းတစ်ရက်နေ့၌ အဓိကထားပြီး လာရောက်ဆော့ကစားကြလေ့ရှိပြီး အမြို့မြို့အနယ်နယ်မှ လာရောက်သူများအနေဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် အဖွဲ့လိုက်လာရောက်ကြခြင်းဖြစ်ကာ ကျောက်တုံးကျောက်ဆောင်များအကြားမှ စီးဆင်းနေသည့် ပသိချောင်းတစ်လျှောက်နှင့် အရိပ်ရသစ်ပင်များအောက်၌ ရေပက်ကစားသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် ပြည့်နှက်လျက်ရှိနေသည်။

"နှစ်ဆန်း တစ်ရက်နေ့ကတော့ နှစ်စဉ်ပါပဲ၊ ဒေသပေါင်းစုံကလာကြတယ်၊ ဒီရက်ကို သင်္ကြန်ပိုင်းတွေ မလာသင့်ပါဘူး၊ လူငယ်လူရွယ်တွေရဲ့ သဘောသဘာဝအရ သောက်စားပျော်ပါးကြတာတွေရှိတယ်၊ ခိုက်ရန်ဖြစ်ပွားတာ၊ ဆိုင်ကယ်တိုက်တာတွေလည်း ရှိတယ်၊ ဒီနှစ်တော့ သိပ်ပြီး ကြီးကြီးမားမား ပြဿနာဖြစ်ပွားတာ မရှိပါဘူး၊ ဈေးဆိုင်တွေလည်း အလွန်ရောင်းရတယ်" ဟု သံတောင်မြို့ခံ အမျိုးသမီးတစ်ဦးက ပြောသည်။

သံတောင်မြို့မှ တောင်ငူဘက်သို့ အပြန်ခရီးတွင် လေးမိုင်ကျေးရွာမှ တစ်ဆင့် မြောက်ဘက် နှစ်မိုင်ခွဲခန့်သာ ဝင်ရောက်ရသော ဆိတ်ဖူးတောင်ကျေးရွာ အရှေ့ဘက်ရှိ ဆိတ်ဖူးတောင်ရေလွှဲဆည်သို့ သွားရောက်ကြကာ ပျော်ပျော်ပါးပါး ရေဆော့ကစားနိုင်သည့်အတွက် ဒေသခံ ဈေးရောင်းသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**



# ပြင်ဦးလွင်၌ သက်ကြီးမျက်မမြင်ဘိုးဘွားရိပ်သာ ဖွင့်လှစ်မည်

**ပြင်ဦးလွင် မေ ၁၉**

ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာ (ပြည်ချစ်) ဘုရားကြီး ခြေတော်ရင်းရှိ ပရဟိတ မျက်မမြင် ဘက်စုံပညာသင်ကျောင်းကို ဦးစီးတည်ထောင်ဖွင့်လှစ်ထားသော ဆရာတော် ဦးဥေယျမှ သက်ကြီးမျက်မမြင်ဘိုးဘွားရိပ်သာအသစ်တစ်ခုကို ပြင်ဦးလွင်မြို့ ပေပင်ကျေးရွာ၌ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

သက်ကြီးမျက်မမြင်ဘိုးဘွားရိပ်သာအား မြန်မာနိုင်ငံအတွင်းရှိ ဆွေမျိုးအထောက်အပံ့ခိုကိုးရာမဲ့သော သက်ကြီးမျက်မမြင်များ၊ အိမ်ခြေအတည်တကျမရှိ မိမိဘဝကို ရပ်တည်ရန် ခဲယဉ်းသော သက်ကြီးမျက်မမြင်များ၏ ဘဝလုံခြုံအေးချမ်းသာယာမှု ရရှိစေရန်နှင့် ၎င်းတို့၏ ကျန်ရှိသော အချိန်များကို ဗြဟ္မစိုရ်တရားလေးပါးနှင့်အညီ တန်ဖိုးရှိစွာကုန်ဆုံးနိုင်စေရန် သက်ကြီးမျက်မမြင်များ၏ စိတ်ဓာတ်ခွန်အား ဖွံ့ဖြိုးတိုးတက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

အသစ်ဖွင့်လှစ်မည့် သက်ကြီးမျက်မမြင်ဘိုးဘွားရိပ်သာသည် မန္တလေး-ပြင်ဦးလွင်လမ်း မိုင်တိုင် ၂၃ ပေပင်ကျေးရွာ အထက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ်အနီးရှိ မြေဧရိယာအကျယ် ၄ ဧကခွဲကျယ်ဝန်းသော နေရာ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သက်ကြီးမျက်မမြင်ဘိုးဘွားများ ကျန်းမာရေးနှင့် စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် အလျား ၁၈ ပေ၊ အနံ ၁၂ ပေရှိ ရေမီးအစုံအလင်ပါ လုံးချင်းတိုက်ခန်းငယ်များဖြင့် ထားရှိစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လောကမှာ အသက်အရွယ်ကြီးရင့်လာတာဟာ ဘဝရဲ့နောက်ဆုံးဖြတ်သန်းမှုနေ့ရက်များပဲ ဖြစ်ပါတယ်၊ ဒီကျန်ရှိနေတဲ့ နေ့ရက်အချိန်တွေကို တန်ဖိုးရှိစွာကုန်ဆုံးဖြတ်ကျော်နိုင်ဖို့ အထူးလိုအပ်လှပါတယ်၊ အဲဒီအတွက် သက်ကြီးမျက်မမြင်ရိပ်သာကြီးကို တည်ထောင်ရခြင်းဖြစ်ပါတယ်" ဟု ဆရာတော် ဦးဥေယျက မိန့်ကြားသည်။

**သက်နိုင် (ပြင်ဦးလွင်)**


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

- **နေပြည်တော်** — **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၁၈
- **နေပြည်တော်** — **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉
- **ရန်ကုန်** — **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈
- **ရန်ကုန်** — **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀
- **ရန်ကုန်** — **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂
- **ရန်ကုန်** — **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉
- **မန္တလေး** — **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀
- **တောင်ကြီး** — **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇
- **မကွေး** — **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။
- **ကျိုင်းတုံ** — **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂
- **ကလေး** — **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃
- **မြစ်ကြီးနား** — **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ဇရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၂၄၆၂
- **စစ်တွေ** — **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈
- **လားရှိုး** — **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇
- **မြိတ်** — **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃
- **မော်လမြိုင်** — **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆
- **မုံရွာ** — **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃

# ဆီးဖြူသီးမှရရှိနိုင်သည့် ကျန်းမာရေးအကျိုးကျေးဇူးများ

အေးသီမွန်



“ဆီးဖြူသီးမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက အရေပြားကို ကြည်လင်ဝင်းပစေပြီး အဆိပ်အတောက်တွေကို ဖယ်ရှားပေးပါတယ်။ ဝက်ခြံတွေကင်းစေပြီး ချွေးပေါက်တွေကို ကျဉ်းစေပါတယ်။ အရေပြားမှာဖြစ်တတ်တဲ့ ရောဂါတွေမဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ free radical တွေကြောင့် အရေပြားပျက်စီးတာတွေကို လျှော့ချပေးပါတယ်”

**ဆီးဖြူသီး (Gooseberry)**

ဆီးဖြူသီးကို ဖျော်ရည်လုပ်သောက်တာ၊ ကြော်စားတာ၊ ထောင်းစားတာ စသည်ဖြင့် အမျိုးမျိုး စားသောက်လေ့ရှိပါတယ်။ ဆေးဖက်ဝင်တဲ့ အသီးတစ်မျိုးလို့လည်း ဆိုကြပါတယ်။ ဆီးဖြူသီးမှာ ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာ ပါဝင်ပါတယ်။ ဆီးဖြူသီးကို နေ့စဉ် မှန်မှန်စားသုံးမယ်ဆိုရင် သက်ရှည်ကျန်းမာစေမယ်လို့လည်း ဆိုပါတယ်။ ဆီးဖြူသီးဟာ ကျန်းမာရေးအပေါ် ဘယ်လိုအကျိုးပြုတာလဲဆိုတာကို သိရှိနိုင်စေဖို့ ရှာဖွေသိရှိထားတာလေးတွေကို မျှဝေပေးလိုက်ပါတယ်။

**ကျန်းမာရေးအကျိုးကျေးဇူးများ**

**မျိုးပွားစနစ်ကို ကောင်းမွန်စေခြင်း**

ဆီးဖြူသီးက မျိုးပွားမှုဆိုင်ရာတစ်သျှူးတွေ အပါအဝင် ခန္ဓာကိုယ်ရဲ့ တစ်သျှူးခုနစ်မျိုးကို အားဖြည့်ပေးပါတယ်။ ဆီးဖြူသီးက အမျိုးသားမျိုးပွားအင်္ဂါစနစ်ကိုရော အမျိုးသမီး မျိုးပွားအင်္ဂါစနစ်တွေကိုပါ ကောင်းမွန်အောင် ထောက်ပံ့ပေးပါတယ်။ အမျိုးသားတွေမှာ သုက်ပိုးရဲ့အရည်အသွေးကို ကောင်းမွန်စေပါတယ်။

**အရိုးတွေကို ကြံ့ခိုင်သန်စွမ်းစေခြင်း**

အရိုးတွေကိုပျက်စီးစေနိုင်တဲ့ ဆဲလ်တွေဖြစ်တဲ့ osteoclasts ဆဲလ်တွေရဲ့ လုပ်ဆောင်မှုကို ဆီးဖြူသီးရဲ့အဆီအနှစ်က နှေးကွေးစေနိုင်တာကို တွေ့ရှိရပါတယ်။ ဆီးဖြူသီးမှာ ရောင်ရမ်းမှုကို လျော့ကျစေနိုင်တဲ့ အစွမ်းသတ္တိရှိတာကြောင့် လေးဖက်နာဝေဒနာသည်တွေ အရိုးအဆစ်ရောင်ရမ်းနာကျင်တာတွေကို သက်သာစေပါတယ်။

**အမြင်အာရုံကြည်လင်စေခြင်း**

ဆီးဖြူသီးက မျက်လုံးကျန်းမာရေးကိုလည်း ကောင်းမွန်စေပါတယ်။ အသက်အရွယ်ကြီးရင့်လာတာကြောင့် ဖြစ်ပေါ်ခံစားရတဲ့ အမြင်အာရုံဆုံးရှုံးမှု မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ ဆီးဖြူသီးမှာပါတဲ့ဓာတ်တိုးဆန့်ကျင်ပစ္စည်းဟာ oxidative stress တွေကြောင့် မျက်ကြည်လွှာပျက်စီးမှုကနေ ကာကွယ်ပေးပြီး ရေတိမ်ဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးပါတယ်။ ဆီးဖြူသီးကိုရေစိမ်ပြီး စိမ်ထားတဲ့အရည်နဲ့ မျက်စဉ်းခတ်ပေးရင် အမြင်အာရုံကို ကြည်လင်စေမှာဖြစ်ပါတယ်။

**စိတ်ဖိစီးမှုကို သက်သာစေခြင်း**

ဆီးဖြူသီးက စိတ်ဖိစီးမှုကို လျော့ပါးစေပြီး အိပ်ပျော်စေပါတယ်။ ဦးရေပြားကို ဆီးဖြူသီးအဆီလူးပြီး နှိပ်နယ်ပေးပါက အိပ်ပျော်စေမှာဖြစ်သလို ခေါင်းကိုက်တာကိုလည်း သက်သာစေပါတယ်။ ရေမချိုးခင်မှာ ဆီးဖြူသီးအဆီကို ဦးရေပြားမှာလိမ်းပေးမယ်ဆိုရင် ကြက်မျက်သင့်တာနဲ့ မအီမသာဖြစ်တာတွေကို သက်သာစေမှာဖြစ်ပါတယ်။

**စိတ်ကျန်းမာရေး ကောင်းမွန်စေခြင်း**

ဆီးဖြူသီးက သွေးလည်ပတ်မှုကို ကောင်းမွန်စေတာကြောင့် အာရုံကြောကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ ဆီးဖြူသီးကို နေ့တိုင်းစားသုံးပေးမယ်ဆိုရင် သိမြင်မှုစွမ်းရည်ကို တိုးတက်စေနိုင်သလို အာရုံစိုက်မှုနဲ့ မှတ်ဉာဏ်ကို ပိုမိုကောင်းမွန်စေပါတယ်။ free radical တွေကြောင့် အာရုံကြောဆဲလ်တွေ ပျက်စီးမှုမဖြစ်အောင် ကာကွယ်ပေးပြီး မှတ်ဉာဏ်ချွတ်ယွင်းခြင်း (dementia)နဲ့ အယ်လ်ဇိုင်းမားရောဂါတွေ မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ ဆီးဖြူသီးမှာ သံဓာတ်ကြွယ်ဝစွာ ပါဝင်တာကြောင့် အောက်ဆီဂျင်လည်ပတ်မှုကို တိုးတက်စေပြီး ဦးနှောက်ပျက်စီးမှုကနေ ကာကွယ်ပေးပါတယ်။

**အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေကို သက်သာစေခြင်း**

ဆီးဖြူသီးမှာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေကို သက်သာစေနိုင်တဲ့ အာနိသင်ရှိပါတယ်။ ဆီးဖြူသီးမှာပါတဲ့ ဗီတာမင်စီက အအေးမိတာ၊ ချောင်းဆိုးတာတွေကို သက်သာစေပါတယ်။ ဆီးဖြူသီးဟာ ကိုယ်ခံအားကိုတိုးတက်စေပြီး တုပ်ကွေးဖြစ်တာနဲ့ လည်ချောင်းအတွင်း ပိုးကူးစက်မှုတွေကို လျော့ပါးစေပါတယ်။ နာတာရှည်ချောင်းဆိုးခြင်းနဲ့ တီဘီရောဂါ (tuberculosis)တွေကို ကုသရာမှာ အထောက်အကူပြုနိုင်ပါတယ်။ ပန်းနာရင်ကျပ်ရောဂါ(Asthma) လက္ခဏာတွေကိုလည်း သက်သာစေနိုင်ပါတယ်။

**ကူးစက်ရောဂါတွေကို တိုက်ဖျက်ပေးနိုင်ခြင်း**

ပိုးမွှားတွေကိုသေစေနိုင်တဲ့ ဆီးဖြူသီးရဲ့ အစွမ်းသတ္တိက ခန္ဓာကိုယ်မှာ ဘက်တီးရီးယားတွေနဲ့ မှိုပိုးတွေကြောင့်ဖြစ်ပေါ်တဲ့ ကူးစက်ရောဂါတွေ မဖြစ်အောင် တိုက်ထုတ်ရာမှာ အထောက်အကူပေးပါတယ်။ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေပြီး ခန္ဓာကိုယ်ထဲက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပါတယ်။ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်ကို တိုးစေနိုင်ပါတယ်။

**ကိုယ်အလေးချိန်ကျစေနိုင်ခြင်း**

ဆီးဖြူသီးက ခန္ဓာကိုယ်ရဲ့ဇီဝဖြစ်ပျက်ပြောင်းလဲမှုဖြစ်စဉ်ကို မြှင့်တင်ပေးသလို အဆီတွေစုပုံမှုကို လျှော့ချပေးနိုင်ပြီး အဆာခံစေနိုင်တာကြောင့် ကိုယ်အလေးချိန်ကို လျှော့ချရာမှာလည်း အထောက်အကူပြုနိုင်ပါတယ်။

**နှလုံးကျန်းမာစေခြင်း**

ဆီးဖြူသီးက နှလုံးသွေးကြောစနစ်ကို ကောင်းမွန်စေနိုင်ပါတယ်။ ဆီးဖြူသီးမှာ နှလုံးအတွက် အကျိုးပြုနိုင်တဲ့ အာဟာရဓာတ်တွေ ပါဝင်တာကြောင့် နှလုံးသွေးကြောပိတ်တာတွေမဖြစ်အောင် ကာကွယ်ပေးသလို သွေးတွင်းက အကျိုးမပြုတဲ့ ကိုလက်စထရောတွေကိုလည်း လျှော့ချပေးပါတယ်။ နှလုံးကြွက်သားတွေကို ကျန်းမာစေပြီး ကိုလက်စထရောကို လျော့ကျစေတဲ့အပြင် သွေးမတိုးအောင်လည်း ထိန်းညှိပေးပါတယ်။ ဆီးဖြူသီးက အကျိုးပြု ကိုလက်စထရောတွေ တိုးလာအောင်လည်း လုပ်ဆောင်ပေးပါတယ်။ နှလုံးသွေးကြောတွေထဲမှာ အဆီတွေ စုပုံပိတ်ဆို့တာမျိုးမဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။

**ကင်ဆာတိုက်ထုတ်နိုင်ခြင်း**

ဆီးဖြူသီးမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်း ကြွယ်ဝစွာပါဝင်တာကြောင့် carcinogenic ဆဲလ်တွေ ကြီးထွားဖြစ်ပေါ်မှုကို ကန့်သတ်ပေးခြင်းဖြင့် ကင်ဆာမဖြစ်အောင် ကာကွယ်ပေးပါတယ်။ ဆီးဖြူသီးက ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက အန္တရာယ်ရှိတဲ့ free radical တွေကို ကန့်သတ်ထိန်းချုပ်ပေးတာကြောင့် အစာအိမ်ကင်ဆာ၊ အရေပြားကင်ဆာနဲ့ အသည်းကင်ဆာတွေမဖြစ်အောင် ကာကွယ်ပေးပါတယ်။ ကင်ဆာကျိတ်တွေ ကြီးမလာအောင်လည်း ထိန်းသိမ်းပေးပါတယ်။ ဒါ့အပြင် ဆီးဖြူသီးမှာ ကင်ဆာဆေးတွေရဲ့ဘေးထွက်ဆိုးကျိုးတွေကို တုံ့ပြန်နိုင်တဲ့ အစွမ်းလည်းရှိပါတယ်။

**ဆီးချို**

ဆီးဖြူသီးမှာ သကြားဓာတ်ပါဝင်မှုနည်းပြီး အမျှင်ဓာတ် ကြွယ်ဝစွာပါဝင်တာကြောင့် ဆီးချိုသမားတွေ စားသုံးဖို့ သင့်တော်ပါတယ်။ ဆီးချိုသမားတွေရဲ့ သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်ပြီး chromium ကြွယ်ဝစွာ ပါဝင်တာကြောင့် ဆီးချိုသမားတွေအတွက် အထူးသင့်တော်ပါတယ်။ ဆီးဖြူသီးမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး chromium ပမာဏကို ကျဆင်းစေပါတယ်။

**အစာကြေစေနိုင်စွမ်းရှိခြင်း**

ဆီးဖြူသီးဟာ အမျှင်ဓာတ်ကြွယ်ဝတာကြောင့် အူမကြီးနဲ့ အစာခြေအူလမ်းကြောင်းကို သန့်ရှင်းအောင် လုပ်ဆောင်ပေးပါတယ်။ အစာခြေစနစ်ကို အားဖြည့်ပေးပြီး ခန္ဓာကိုယ်ရဲ့အာဟာရဓာတ်စုပ်ယူနိုင်စွမ်းကို တိုးတက်စေပါတယ်။ ဆီးဖြူသီးရဲ့ချဉ်ပြီးဖန်တဲ့အရသာက အစာခြေအင်ဇိုင်းတွေ ထွက်လာအောင် လှုံ့ဆော်ပေးပါတယ်။ အေးမြပြီး ဝမ်းသွားစေနိုင်တဲ့ အာနိသင်တွေရှိတာကြောင့် ဝမ်းလျှောတာကိုကုသရာမှာ အသုံးပြုနိုင်ပါတယ်။ ဝမ်းချုပ်တာနဲ့ အူမကြီးဆိုင်ရာ ဝေဒနာတွေကိုလည်း သက်သာစေနိုင်တဲ့ သဘာဝဆေးတစ်မျိုးပါ။

**အရေပြားကို ကျန်းမာစေခြင်း**

ဆီးဖြူသီးမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက အရေပြားကို ကြည်လင်ဝင်းပစေပြီး အဆိပ်အတောက်တွေကို ဖယ်ရှားပေးပါတယ်။ ဝက်ခြံတွေကင်းစေပြီး ချွေးပေါက်တွေကို ကျဉ်းစေပါတယ်။ အရေပြားမှာဖြစ်တတ်တဲ့ ရောဂါတွေ မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။ free radical တွေကြောင့် အရေပြားပျက်စီးတာတွေကို လျှော့ချပေးပါတယ်။

**ဆံသားကို သန်စွမ်းနက်မှောင်စေခြင်း**

ဆီးဖြူသီးမှာ ဗီတာမင်စီ ကြွယ်ဝစွာပါဝင်တာကြောင့် ဆံပင်မကျွတ်အောင် ကာကွယ်ပေးနိုင်သလို ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေကလည်း ဆံပင်ကို သန်စွမ်းနက်မှောင်စေပါတယ်။ ဆံပင်တွေကိုသန်စေပြီး ဗောက်လည်းကင်းစေပါတယ်။ ကျန်းမာသန်စွမ်းတဲ့ဆံကေသာကို ပိုင်ဆိုင်နိုင်စေဖို့ ဆီးဖြူသီးကို စားပေးနိုင်ပါတယ်။

**နှာခေါင်းသွေးလျှံတာကို သက်သာစေခြင်း**

နှာခေါင်းသွေးလျှံတဲ့အခါ ဆီးဖြူသီးအရည်ကို နှာခေါင်းထဲကို အစက်ချပေးမယ်ဆိုရင် နှာခေါင်းသွေးလျှံတာကို သက်သာစေမှာဖြစ်ပါတယ်။

**သွားတွေနဲ့ လက်သည်းခြေသည်းတွေကို ကျန်းမာစေခြင်း**

ဆီးဖြူသီးဖျော်ရည်ကို ပုံမှန်သောက်ခြင်းဖြင့် သွားတွေနဲ့ လက်သည်းခြေသည်းတွေကို ကျန်းမာသန်စွမ်းစေမှာဖြစ်ပါတယ်။

**သွေးအားနည်းတာကိုသက်သာစေခြင်း**

ဆီးဖြူသီးမှာ သံဓာတ်ပါဝင်မှုများတာကြောင့် သွေးဖြူဥပမာဏကိုတိုးစေပြီး သွေးအားနည်းရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

**သွေးသန့်စေခြင်း**

ဆီးဖြူသီးအမှုန့်ကို ပျားရည်နဲ့သောက်ပေးမယ်ဆိုရင် သွေးကို သန့်စင်စေမှာဖြစ်ပါတယ်။

**ကျောက်ကပ်ကျောက်တည်ခြင်းကို သက်သာစေခြင်း**

ဆီးဖြူသီးအမှုန့်ကို မုန်လာဥအဖြူနဲ့ တွဲဖက်စားပေးခြင်းဖြင့် ကျောက်ကပ်မှာ ကျောက်တည်တာကို သက်သာစေနိုင်ပါတယ်။

**ဆီးဖြူသီးကို မစားသင့်သူများ**

ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်တွေအနေနဲ့ ဆီးဖြူသီးကို စားသုံးတဲ့အခါ ဘေးထွက်ဆိုးကျိုးတွေရှိနိုင်တာကြောင့် ဆီးဖြူသီးကို မစားသုံးသင့်ပါဘူး။

ဆီးဖြူသီးက အချို့သူတွေမှာ သွေးအရမ်းထွက်တာမျိုး ဖြစ်စေနိုင်ပါတယ်။ ဒါကြောင့် Bleeding disorders ရှိတဲ့သူတွေအနေနဲ့ ဆီးဖြူသီးကို အတိုင်းအဆနဲ့သာ ချင့်ချိန်စားသုံးသင့်ပါတယ်။

ဆီးဖြူသီးက သွေးတွင်းသကြားဓာတ်ကို ကျဆင်းစေနိုင်တာကြောင့် ဆီးချိုဆေး သောက်သုံးနေရသူတွေအနေနဲ့ ဆရာဝန်နဲ့တိုင်ပင်ပြီးမှ စားသုံးသင့်ပါတယ်။

ဆီးဖြူသီးဟာ အသည်းရောဂါအခံရှိသူတွေအတွက် ရောဂါကို ပိုဆိုးစေနိုင်တာကြောင့် မစားသုံးသင့်ပါဘူး။ ဆရာဝန်ရဲ့ အကြံပြုချက်ကို တောင်းခံသင့်ပါတယ်။

ဆီးဖြူသီးဟာ သွေးထွက်များစေနိုင်တာကြောင့် ခွဲစိတ်ကုသမှုခံယူနေစဉ်အတွင်းနဲ့ ခွဲစိတ်ကုသမှု ခံယူပြီးချိန်မှာ မစားသင့်ပါဘူး။ ခွဲစိတ်မှုမခံယူခင် အနည်းဆုံး နှစ်ပတ်လောက်အလိုကတည်းက ဆီးဖြူသီးစားတာ ရပ်လိုက်ပါ။ ။

## မိတ္ထီလာမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းကြောင့် လူဦးရေ ၂၃၀၀၀ ကျော် အလုပ်အကိုင်များရရှိနေ

**မိတ္ထီလာ ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်စီမံကိန်းကြောင့် လူဦးရေ ၂၃၀၀၀ ကျော်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

ကျေးရွာတစ်ရွာလျှင် မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီ ချပေး၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ မိတ္ထီလာမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း ၄၁ ယူနစ်ကို ကျေးရွာ ၃၁ ရွာတွင် အကောင်အထည်ဖော်ထားပြီး အိမ်ခြေ ၄၃၀၅ အိမ်မှ လူဦးရေ ၂၃၄၄၄ ဦးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ သုံးသပ်ဆွေးနွေးပွဲကို ဧပြီ ၁၈ ရက်က ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထိုက်က မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ စီမံကိန်းတာဝန်ခံများနှင့် တွေ့ဆုံကာ ခရိုင်အတွင်း အကောင်အထည်ဖော်ထားသော မြစိမ်းရောင်စီမံကိန်း ၁၂၇ ယူနစ်၊ ကျေးရွာ ၁၄၇ ရွာတွင် ရန်ပုံငွေအလွဲသုံးစားမှု မဖြစ်ပေါ်စေရေးအတွက် အလေးထားဆောင်ရွက်ရန်နှင့် စာရင်းဇယားများနှင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို မေးမြန်းဆွေးနွေးခဲ့သည်။ မြို့နယ်များမှ လုပ်ငန်းတာဝန်ခံများက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရှမ်းရိုးရာဓလေ့ နှစ်ဦး သဲပုံစေတီပူဇော်ပွဲ တွံတေး၌ကျင်းပ

**တွံတေး မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့၏ ကျက်သရေဆောင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ဆံကေသာ ဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၏ အရှေ့ဘက် ရင်ပြင်တော်၌ (၄၅၃) ကြိမ်မြောက် ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီ တည်ထားပူဇော်ပွဲကို မေ ၁၇ ရက် (မြန်မာ့နှစ်ဆန်း ၁ ရက်နေ့) နံနက် ၅ နာရီက ကျင်းပခဲ့သည်။

သဲပုံစေတီ ပူဇော်ပွဲအတွက် နံနက် ၅ နာရီမှ စတင်ကာ လုပ်အားဒါနပြုသူများက သဲများ သယ်ဆောင်ပြီး ရှမ်းရွာလေးရွာဖြစ်သည့် ရှမ်းစုကြီး၊ ညောင်တံခါး၊ ငါးခုမ်းမစမ်း၊ မူးလမန်းရွာများက ဦးဆောင်၍ နှစ်ဦးသဲပုံစေတီတည်ထားပူဇော်ခဲ့သည်။ ရှမ်းရိုးရာဓလေ့ နှစ်ဦးသဲပုံစေတီ ပူဇော်ပွဲကို အဆိုပါ ရှမ်းရွာလေးရွာက ဦးဆောင်၍ နှစ်စဉ်ကျင်းပရာ ယခုနှစ်တွင် ရှမ်းစုကြီးကျေးရွာက ရာဇမတ်၊ မူးလမန်းကျေးရွာက ငွေ ငါးငွေ၊ ငါးခုမ်းမစမ်းကျေးရွာက ခေါင်းလောင်းနှင့် ကြာမှောက်ကြာလန်၊ ငှက်ပျောဖူး၊ ညောင်တံခါးကကျေးရွာက ထီးတော်တို့ကို ပြုလုပ်၍ စေတီတည်ထားကြောင်းနှင့် စေတီအစိတ်အပိုင်းများကို ကျေးရွာများက နှစ်စဉ်အလှည့်ကျဆောင်ရွက်ကြရကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ရှမ်းလေးရွာ၏ ရိုးရာမပျက် နှစ်ဦးသဲပုံစေတီတော်ပူဇော်ပွဲသည် (၄၅၃)ကြိမ် ရှိလာပြီဖြစ်ကာ ရိုးရာဓလေ့ မပျောက်ပျက်စေရန် ယနေ့လူငယ်များက ဆက်လက်ဆောင်ရွက်နေကြောင်း၊ သဲပုံစေတီ၏ အတိုင်းအတာများကို ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့(တွံတေး) က သတ်မှတ်ပေးထားသည့်အတိုင်း ရှမ်းလေးရွာက ပြုလုပ်ရကြောင်း၊ သဲပုံစေတီ၏ဉာဏ်တော်အမြင့်မှာ ကိုးတောင်ဖြစ်ပြီး ယခုနှစ်တွင် ရွှေဆံတော်စေတီခြေရင်း၌ ရှမ်းဓမ္မာရုံကို အသစ်တည်ဆောက်ထားကာ ရှမ်းရိုးရာ၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များ မပပျောက်စေရေးအတွက် နောင်လာနောက်သားများအား ရှမ်းစာပေများ သင်ကြားပေးနေပြီဖြစ်ကြောင်း သဲပုံစေတီပူဇော်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးလှိုင် (တွံတေး)**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နန်းခလဲကျေးရွာ ဒက္ခိဏာရုံဘုန်းတော်ကြီးကျောင်းရှိ နှစ်ကျိပ်ရှစ်ဆူဘုရားများအား ကျေးရွာနေပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန်ရည်ရွယ်၍ ကျေးရွာတွင်းသို့ မေ ၁၇ ရက်က ဒေသစာရီလှည့်လည် အပူဇော်ခံစဉ်။** ကိုကျော် (သုံးခွ)

# သက်ကြီးသွေးလှူရှင်များအား ပထမအကြိမ်ပူဇော်ပွဲ ဆီဆိုင်မြို့၌ကျင်းပ

**ဆီဆိုင် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဖြူစင်နှလုံးသား သွေးလှူရှင်အသင်းက ကြီးမှူး၍ ပထမအကြိမ် သက်ကြီးသွေးလှူရှင်ပူဇော်ပွဲကို မေ ၁၇ ရက် ညနေပိုင်းက ဆီဆိုင်-တောင်ကြီး ပြည်ထောင်စုကားလမ်းဘေးရှိ ဖြူစင်နှလုံးသား သွေးလှူရှင် ရေကစားမဏ္ဍပ်၌ ကျင်းပခဲ့သည်။

'သွေးလှူရှင်တစ်ယောက်အနေနဲ့ အသက် ၅၅ နှစ်ကျော်လာရင် သွေးလှူလို့မရတော့ပါဘူး၊ အဲဒါကတော့ ကျန်းမာရေးလိုအပ်ချက်နဲ့ ဆေးပညာရှုထောင့်က လက်ခံလို့မရတော့တဲ့အတွက်ပါ၊ သွေးလှူဒါန်းသူအတွက်လည်း ချက်ချင်းသွေးအားမပြည့်နိုင်သလို လူနာအတွက်လည်း သွေးနီဥဆဲလ်တွေ အပြည့်အဝမရရှိတဲ့အတွက် သူတို့တစ်တွေဟာ သွေးလှူဒါန်းခွင့်မရတော့တာဖြစ်ပါတယ်၊ သူတို့တစ်တွေကလည်း တစ်ချိန်က လူတွေရဲ့အသက်တွေကို သူတို့ရဲ့သွေးနဲ့ ကယ်တင်ခဲ့ကြသူတွေဖြစ်ကြတဲ့အတွက် သူတို့ကို ဂုဏ်ပြုတဲ့အနေနဲ့ ပူဇော်ကန်တော့ခြင်းဖြစ်တယ်''ဟု ဖြူစင်နှလုံးသား သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးစံဝင်းမောင်က ပြောကြားသည်။



အခမ်းအနားတွင် သက်ကြီးသွေးလှူရှင်များအား ဖြူစင်နှလုံးသား သွေးလှူရှင်အသင်းဝင်များက ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြပြီး အသင်းဘဏ္ဍာရေးမှူး ဒေါ်ဝေဝေစိုးက သက်ကြီးသွေးလှူရှင်များအား ပူဇော်ကန်တော့သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက် ၅၅ နှင့်အထက် သက်ကြီး သွေးလှူရှင် ၃၇ ဦးအား အမှတ်တရလက်ဆောင်ပစ္စည်းများကို အသင်းမှ တာဝန်ရှိသူများက ပေးအပ်ကန်တော့ခဲ့ကြသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# သရက်ချောင်းမြို့၌ နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက်ချောင်း မေ ၁၉**

မြန်မာနှစ်သစ် ၁၃၈၀ ခုနှစ်ကို ကြိုဆိုသော အထိမ်းအမှတ်အဖြစ် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ မေ ၁၇ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို သရက်ချောင်းမြို့ပေါ်ရပ်ကွက်များဖြစ်သော ပန်းတော၊ မြို့မ၊ ကျောက်မြောင်းနှင့် မော်ရှည်ကုန်းရပ်ကွက်များအတွင်း ထားဝယ်-မြိတ် ကားလမ်းတစ်လျှောက်တွင် ဆောင်ရွက်ခဲ့ကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယုဇနခင်နှင့် အဖွဲ့ဝင်များ၊ Green Future ပတ်ဝန်းကျင် သန့်ရှင်းရေး ကုသိုလ်ပြု ပရဟိတလူငယ်အဖွဲ့များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ခဲ့ကြကာ လုပ်ငန်းများဆောင်ရွက်မှုကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



သရက်ချောင်းမြို့၌ ယခုလို မြို့ရွာသန့်ရှင်းသာယာလှပအောင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်မှာ နှစ်နှစ်ပြည့်ပြီဖြစ်ကြောင်း၊ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းတွင် အမှိုက်ကောက်ခြင်း၊ အမှိုက်သိမ်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြိမ်ရေအားဖြင့် (၁၃၅)ကြိမ် ရှိပြီဖြစ်ကြောင်း သရက်ချောင်းမြို့ မြို့မရပ်ကွက်မှ ပရဟိတလူငယ်တစ်ဦးထံမှ သိရသည်။

**မျိုးချစ်ဦး (ပြန်/ဆက်)**

## သတင်းတိုများ

### မြောင်းမြမြို့တွင် နှစ်ဆန်း၁ရက် ကုသိုလ်ကောင်းမှုများပြုလုပ်

၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် မြောင်းမြမြို့၌ ကုသိုလ်ကောင်းမှုပြုသည့် အစီအစဉ်များဖြင့် နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ မြောင်းမြမြို့ စက်ြာနန္ဒဘုရားရေဆိပ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပခဲ့ပြီး မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀ ကို လွှတ်ပေးခဲ့သလို မြောင်းမြမြို့ ရွှေသာလျောင်းဘုရား ဂန္ဓကုဋိတိုက်အတွင်း၌လည်း သက်ကြီးပူဇော်ပွဲ ကျင်းပပြီး မြို့ပေါ်နှင့် ဝန်းကျင်ကျေးရွာများမှ အသက် ၈၀ နှစ်နှင့်အထက် အဘိုးအဘွား ၁၀၅ ဦးတို့အား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ ပြည်သူများက ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် နှစ်သောင်းစီနှင့် မုန့်များ၊ ဆေးဝါးများ လှူဒါန်းကန်တော့ခဲ့ကြသည်။ ထို့အပြင် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်လာသော အဘိုးအဘွားများအား မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်နှင့် ဒုတိယခရိုင် ကျန်းမာရေးမှူး ဒေါက်တာစိုးသက်တို့ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

### မိုင်းယောင်းမြို့၌ နှစ်ဆန်း၁ရက် ကုသိုလ်ပြုသူများစည်ကား

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် နှစ်ဆန်း ၁ ရက်က မြို့၏ ရှေးဟောင်းသမိုင်းဝင် အထင်ကရ ဘုရားစေတီများ၌ ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ၊ တရားဘာဝနာအားထုတ်သူများ၊ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။ မြို့၏ ရှေးဟောင်းသမိုင်းဝင် အထင်ကရနေရာများဖြစ်သည့် ထပ်လုံစွမ်ယောင်းစေတီ၊ ဗောဓိရွှေညောင်ပင်၊ ဖပီလုံပါဝုန်းတောရကျောင်း၊ ဗုပ္ပဝိဇယဆုတောင်းပြည့်စေတီ၊ မဟာမြတ်မုနိဘုရားကြီး၊ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်နှင့် ကျေးရွာဘုန်းကြီးကျောင်းများ၌ မြို့ခံဘုရားဖူးပြည်သူများအပြင် ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဖြတ်၊ တာလေ၊ ကျိုင်းလပ် စသည့်မြို့များမှ ဘုရားဖူးဧည့်သည်များလည်း ကားကြီးကားငယ်အသွယ်သွယ်ဖြင့် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဇီဝိတဒါနငါးလွှတ်ပွဲ နှင့် သက်ကြီးပူဇော်ပွဲ လွိုင်လင်၌ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း တစ်ရက်နေ့က ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ကျင်းပခဲ့သည်။ ဇီဝိတဒါန ငါးလွှတ်ပွဲကို လွိုင်လင်မြို့ မြကန်သာရေကန်၌ ကျင်းပပြီး လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးကြီးအောင်ဌေးနှင့် ဇနီး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့်ဇနီး၊ ခရိုင်ရဲမှူးနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဇနီး ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဇီဝိတဒါနအဖြစ် ငါးကောင်ရေ ၂၅၀၀၀ ကို လွှတ်ပေးခဲ့ကြသည်။ ထို့နောက် လွိုင်လင်မြို့ သာသနာ့ဗိမာန်တော်တွင် သက်ကြီးပူဇော်ပွဲကို ဆက်လက်ကျင်းပပြီး အသက် ၈၀ နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၁၆၃ ဦးအား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**

### တံတားမြို့၌ မြို့လုံးကျွတ်နှစ်ဦးဆွမ်းလောင်းလှူပွဲ စည်ကားစွာကျင်းပ

ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့၌ အကြိမ် (၃၀) မြောက် မြို့လုံးကျွတ် နှစ်ဦးဆွမ်းလောင်းလှူပွဲကို မေ ၁၇ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး နှစ်စဉ်ကျင်းပသည့် အဆိုပါ မြို့လုံးကျွတ် နှစ်ဦးဆွမ်းလောင်းလှူပွဲတွင် တံတားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းမှ ဆရာတော်၊ သံဃာတော် အပါး ၁၅၀ ကျော်တို့အား တံတားမြို့ရပ်ကွက်အသီးသီး၊ လမ်းအသီးသီးမှ စေတနာရှင်၊ အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ချိုချဉ်နှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ခိုင်ကမ်းမြို့ လမ်းတာချဲ့ခြင်းလုပ်ငန်း မကြာမီပြီးစီးတော့မည်

**ခိုင်ကမ်း မေ ၁၉**

ချင်းပြည်နယ် ခိုင်ကမ်းမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေကျပ် ၁၉ သန်းဖြင့် ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက် ကြိုးတံတားမှ အခြေခံပညာအလယ်တန်းကျောင်းအထိ မြို့တွင်း လမ်းတာချဲ့ခြင်းလုပ်ငန်းကို မတ်လဆန်းပိုင်းမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မကြာမီကာလအတွင်း လမ်းတာချဲ့ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးတော့မည်ဖြစ်ကြောင်း ခိုင်ကမ်းမြို့ စည်ပင်သာယာရေးအဖွဲ့ရုံးမှ သိရသည်။ "အခုလုပ်ငန်းက လမ်းတာချဲ့တာဖြစ်ပေမယ့် ဒေသခံပြည်သူတွေရဲ့ တောင်းဆိုမှုအရ အတက်အဆင်းများတဲ့နေရာတွေမှာ လမ်းအူကြောင်းအသစ် ၂ ဖာလုံခန့်ကို အသစ် ဖောက်လုပ်ပေးခဲ့ပါတယ်၊ ဒေသခံပြည်သူတွေရဲ့ တောင်းဆိုချက်ကို ကုမ္ပဏီနဲ့ သက်ဆိုင်ရာဌာနတွေက သဘောတူလို့ ဖောက်လုပ်တာဖြစ်ပါတယ်''ဟု မြို့စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ ဦးဟောက်ခုပ်က ပြောသည်။ လမ်းတာချဲ့ခြင်းလုပ်ငန်းကို Chin Hill Sun ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပြီး လမ်းအရှည် ၁ မိုင် ၂ ဖာလုံဖြစ်ကာ လမ်းတာချဲ့လုပ်ငန်းအပြင် အတက်အဆင်းလျှော့နည်းမည့် လမ်းအူကြောင်းအသစ်ကိုလည်း ဖောက်လုပ်ထားသဖြင့် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံများအတွက် ယခင်ကထက် သွားလာရေးပိုမိုအဆင်ပြေစေတော့မည်ဖြစ်ကြောင်း သိရသည်။

**နေစု (ချင်းရိုးမ)**

# ဝါးခယ်မမြို့နယ်အတွင်း ကျေးရွာများ၌ ရေယာဉ်လိုင်းများကို ကုန်သွယ်ရေးအတွက် အားထားနေရ

**ဝါးခယ်မ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအသီးသီးသို့ နေ့စဉ် ခုတ်မောင်းပြေးဆွဲလျက်ရှိသော ရေယာဉ်လိုင်းများ၌ ခရီးသည်စီးနင်းမှုနည်းပါးနေသော်လည်း ကျေးရွာအုပ်စုများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်သွယ်ရေးအတွက် ကုန်ပစ္စည်းတင်ဆောင်ရန် အဆိုပါ ရေယာဉ်လိုင်းများကို အဓိကထား အသုံးပြုနေရကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာသောကြောင့် ကုန်းလမ်းဆက်သွယ်ရေးတွင် ကား၊ ဆိုင်ကယ်၊ ဒိန်းဒေါင်းများဖြင့် ဆက်သွယ်သွားလာမှုများရှိလာကာ အထူးသဖြင့် နွေရာသီကာလတွင် ကုန်းလမ်းများ ပိုကောင်းသောကြောင့် ရေယာဉ်လိုင်းများ၌ ခရီးသည်စီးနင်းလိုက်ပါမှု သိသိသာသာ လျော့ကျတတ်ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အတွက် ကုန်းလမ်းမပေါက်သော ကျေးရွာအုပ်စုအချို့သို့သာ ရေယာဉ်လိုင်းများတွင် ခရီးသည်စီးနင်းကြကြောင်း သိရသည်။

ရေယာဉ်လုပ်ငန်း လုပ်ကိုင်သူ ဦးထွန်းဝင်းက "မိုးတွင်းကျရင်တော့ ကိုယ်တိုင်ဈေးတက်ဝယ်တာမျိုးတို့၊ ဈေးမှာတာတို့ကြောင့် ခရီးသည်ရော၊ ကုန်ပစ္စည်းပါ တင်ရပါတယ်၊ အခုလို နွေရာသီကျ တချို့ဆို ရွာကဆိုင်ကယ်နဲ့ ဈေးတက်ဝယ်တယ်၊ ပြီးတော့ သူတို့ဝယ်တဲ့ ကုန်ပစ္စည်းတွေကို ကျွန်တော်တို့နဲ့ ပြန်ထည့်ပေးတာမျိုးရှိတယ်၊ ခရီးသည် လိုက်ပါမှု လျော့သွားတာမျိုးပဲ ရှိတာပါ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်တာတော့ ရေယာဉ်လိုင်းတွေကိုပဲ အသုံးပြုကြတာများပါတယ်"ဟု ပြောသည်။

ယခုလိုနွေရာသီတွင် ရေယာဉ်လိုင်းများတွင် ခရီးသည်စီးနင်းမှုနည်းသော်လည်း ကျေးရွာများမှ တောင်သူလယ်သမားများ၏ ဒေသထွက် စိုက်ပျိုးသီးနှံများနှင့် အခြား ဒေသထွက်ကုန်များကို တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များက အိမ်ဆောက်ပစ္စည်းများ၊ လူသုံးကုန်များ၊ စားသောက်ကုန်ပစ္စည်းများကို ကျေးရွာများသို့ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း အဆိုပါ ရေယာဉ်လိုင်းများကို အားထားနေရဆဲဖြစ်ကြောင်း သိရသည်။



**လှိုင်းသီဟ (ဝါးခယ်မ)**

# သထုံ ရွှေစာရံဘုရားတွင် အလှူခံပုံးကို ရိုက်ခွဲ၍ ငွေများခိုးယူသူအား ဖမ်းမိ

**သထုံ မေ ၁၉**

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီးတွင် မေ ၁၆ ရက် နံနက်က အလှူခံပုံးမှန်ကိုရိုက်ခွဲ၍ အတွင်းရှိ အလှူငွေများ ခိုးယူသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"နံနက် ၅ နာရီလောက်မှာ ဘုရားဝင်းတံခါးကို အများပြည်သူတက်ရောက်ဖူးမြော်ဖို့ ဖွင့်ပေးတယ်၊ သူက ဘယ်အချိန် ဘုရားဝင်းထဲ ရောက်နေလဲမသိဘူး၊ အလှူခံပုံးမှန်ကို ရိုက်ခွဲပြီး ငွေယူတာ၊ ခြောက်နာရီကျော်လောက်မှာ သူ့ကိုမိတယ်ပေါ့၊ သူက အကုန်တော့ မနိုက်ဘူး တစ်သိန်းကျော်လောက်တော့ ဟန်မပျက်လေး ချန်ထားတယ်"ဟု စေတီတော် ဂေါပကဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။

ဖြစ်စဉ်မှာ စေတီတော် မြောက်ဘက်မုခ်ရှိ ဘုရားဖူးအများပြည်သူ လျှပ်စစ်မီးပူဇော်ကုသိုလ်ယူနိုင်ရန်ထားရှိသည့် အလှူခံပုံးမှာ နောက်ကျောဘက်မှန်ကွဲနေပြီး ငွေများလျော့နည်းနေသည်ကို တွေ့ရှိရသဖြင့် ဂေါပကအဖွဲ့နှင့် လုံခြုံရေးတာဝန်ကျသူများက ဘုရားဝင်းအတွင်း လိုက်လံရှာဖွေရာမှ ရုပ်ပွားတော်များနောက်တွင် ငွေများနှင့်အတူ ပုန်းအောင်းနေသူ အမျိုးသားတစ်ဦးအား တွေ့ရှိ၍ ရဲတပ်ဖွဲ့ထံ အကြောင်းကြားအပ်နှံပြီး တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က စစ်ဆေးရာ ၎င်းမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ကျော်ထက်ဝေ(ခ)ကျော်သက်ပိုင်၊ (၂၄နှစ်)ဖြစ်ပြီး ၎င်း၏ လွယ်အိတ်အတွင်းမှ ၁၀၀ တန်၊ ၂၀၀ တန်၊ ၅၀၀ တန် ငွေစက္ကူများ စုစုပေါင်းငွေကျပ် ၂၆၅၃၀၀ ကို တွေ့ရှိရပြီး အလှူခံပုံးအတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သဖြင့် ကျော်ထက်ဝေ (ခ) ကျော်သက်ပိုင်အား သထုံမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# စစ်ကိုင်းမြို့၌ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပြီး ပရိတ်ရေများ မြို့အနှံ့ပက်ဖျန်း

**စစ်ကိုင်း မေ ၁၉**

စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီက ကြီးမှူး၍ မြို့နယ်စည်ပင်သာယာရေးနှင့် မြို့မိမြို့ဖအဖွဲ့များ ပူးပေါင်းကာ အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ခြင်းနှင့် ပရိတ်ရေများ မြို့အနှံ့ပက်ဖျန်းခြင်းကို မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်)က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၌ စစ်ကိုင်းမြို့လေးကျွန်းမြေအုဋ္ဌကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပ္ပိယာလင်္ကာရ အမှူးပြုသော သံဃာ ၁၅ ပါးအား ပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီးနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ကပ်လှူခဲ့ကြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ပြည်သူအများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ပင့်သံဃာ ၁၅ ပါးအား မော်တော်ယာဉ်ဖြင့်ပင့်ဆောင်ကာ မြို့တွင်းလှည့်လည်၍ ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး အန္တရာယ်ကင်း ပရိတ်ရေများကိုလည်း မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ကားဖြင့် နေရာအနှံ့ လိုက်လံပက်ဖျန်းပေးခဲ့သည်။

ထို့အပြင် မြို့နယ်အတွင်းရှိကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်အသီးသီးတွင်လည်း ရပ်ကွက်အလိုက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ ရပ်ဖများက မိမိတို့ရပ်ရွာများရှိ ပြည်သူများ ဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ဆရာတော် သံဃာတော်များအား ပင့်ဆောင်ကာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သည့် အခမ်းအနားများကိုလည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးဝင်း (စစ်ကိုင်း)**

# ကလိကျွန်းရွာ၌ မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်

**သုဝဏ္ဏဝတီ မေ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး မိုးကောင်းကျေးရွာအုပ်စု ကလိကျွန်းကျေးရွာမြောက်ပိုင်း၌ မေ ၁၆ ရက် ညနေ ၃ နာရီခန့်က မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရာ သထုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် မနောဖြူလူမှုကူညီရေးအသင်းများမှ အသင်းဝင်များ မေ ၁၇ ရက်က မီးဘေးသင့်ပြည်သူများအား အိမ်တိုင်ရာရောက်လာရောက်တွေ့ဆုံ၍ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

"ကလိကျွန်းကျေးရွာနေ ဦးလှထွန်း၏ သွပ်မိုး၊ ပျဉ်ထောင်အိမ်သည် နေအိမ်တွင် လူများမရှိခိုက် နေအိမ်အတွင်း မီးလောင်မှု စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် သထုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများက မီးဘေးသင့် အိမ်ထောင်စုနှစ်စုအား တစ်အိမ်ထောင်လျှင် ကူညီကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးနှင့်အတူ ပျဉ်ထောင်၊ သွပ်မိုးအိမ်တစ်လုံးအတွက် ကူညီထောက်ပံ့ငွေ ကျပ်နှစ်သိန်း၊ ဖက်မိုးအိမ်တစ်လုံးအတွက် ထောက်ပံ့ငွေ ကျပ်တစ်သိန်းတို့ကို ပေးအပ်ခဲ့သည်။

သထုံခရိုင်အတွင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ယခုအချိန်အထိ မီးဘေးအန္တရာယ် သုံးကြိမ်ဖြစ်ပေါ်ခဲ့ပြီး ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို မီးဘေးသင့်ပြည်သူများထံသို့ တတ်နိုင်သမျှ ကူညီပေးခဲ့ကြောင်း သထုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူ ဦးစည်သူစိုးထံမှ သိရသည်။ **ခွန်(ဝင်းပ)**



# ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကျင်းပ

**ကျိုက်ထို မေ ၁၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကို ကျိုက်ထိုမြို့သာသနာ့ဗိမာန်၌ မေ ၁၇ ရက်(နှစ်ဆန်း၁ရက်)က ကျင်းပခဲ့သည်။

သက်ကြီးပူဇော်ပွဲသို့ မြို့နယ်အတွင်းရှိ အသက် ၈၀ နှင့် အထက် ဘိုးဘွားများ တက်ရောက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်ပေးခဲ့၍ အဘိုး၁၂၈ ဦး အဘွား ၂၉၇ ဦး တက်ရောက်နိုင်ခဲ့ပြီး သက်ကြီးပူဇော်ပွဲတွင် ကျိုက်ထိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က မြန်မာတို့၏ နှစ်သစ်ကူးသည့်နေ့တွင် တစ်မြို့နယ်လုံးရှိ ဘိုးဘွားများအား လှူဖွယ်ဝတ္ထုများနှင့်အတူ ကန်တော့ရသည့်အတွက် ဝမ်းမြောက်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဘိုးဘွားများအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် ဆေးဝါးပစ္စည်းများကို ရှိုးရှိုးလေးကုမ္ပဏီမိသားစုက လှူဒါန်းပြီး သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီကလည်း ဘိုးဘွားတစ်ဦးလျှင် ငွေကျပ်တစ်သောင်းစီ၊ ဆန်နှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းကန်တော့ခဲ့ကြသည်။

**ဝင်းမောင် (ကျိုက်ထို)**



# ဗန်းမောက်မြို့နယ်၌ တရားမဝင်ကျွန်းသစ်များ ဖမ်းမိ

**ဗန်းမောက် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စက်တောကျေးရွာအနီးရှိ အပတောအတွင်းမှ တရားမဝင်သစ်ခွဲစက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်နှင့်အတူ မေ ၁၅ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။

သစ်တောဦးစီးဌာနရုံးချုပ် စစ်ဆေးရေးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော် ဦးစီးသော သစ်တောဝန်ထမ်းများက သက်သေများနှင့်အတူ ဗန်းမောက်မြို့နယ် စက်တောကျေးရွာအနီး အပတောအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် တရားမဝင်ကျွန်းသစ်လုံး ၂၀ လုံး(အလေးချိန် ၂ ဒသမ ၃၉၄တန်)၊ ကျွန်းသစ်ခွဲသားဆိုက်စုံ ၁၆၂ ချောင်း၊(အလေးချိန် ၁ ဒသမ ၅၈၇၆ တန်)၊ ထော်လာဂျီယာဉ်တစ်စီး၊ သစ်ခွဲရာတွင်အသုံးပြုသော ခွဲစက်နှင့် ဆက်စပ်ပစ္စည်းများကို ထော်လာဂျီယာဉ်မောင်း ဖိုးကောက်ဆိုသူနှင့်အတူ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်း ဖိုးကောက်အား စစ်ဆေးချက်အရ တရားမဝင်သစ်ခွဲစက်ပိုင်ရှင်မှာ ဗန်းမောက်မြို့နယ် စက်တောကျေးရွာနေ ထွန်းပိုင် ဆိုသူဖြစ်ကြောင်း သိရသဖြင့် ဖိုးကောက်နှင့် ထွန်းပိုင်တို့နှစ်ဦးအား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း ကသာခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင်ထံမှ သိရသည်။

**လူအောင်(ကသာ)**

# သင်္ကြန်အပြီးတွင် ချင်းတောင်-ကလေး-မန္တလေး-ရန်ကုန် ခရီးစဉ်များ ပြန်လည်ပြေးဆွဲပြီး ခရီးသွားသူများပြားနေ

**ကလေး မေ ၁၉**

မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲ ရက်များအတွင်း ချင်းပြည်နယ်နှင့် ကလေးမြို့ ကားလိုင်းခရီးစဉ်များနှင့် ကလေး-မုံရွာ-မန္တလေး-ရန်ကုန် ကားလိုင်းများ ပုံမှန်ပြေးဆွဲမှုကို ရပ်နားထားခဲ့ရာမှ မေ ၁၈ ရက်(နှစ်ဆန်း ၂ ရက်နေ့)မှ စတင်ကာ မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲနေပြီဖြစ်ပြီး ခရီးသွားပြည်သူဦးရေမှာလည်း များပြားလျက်ရှိကြောင်း သိရသည်။

ကလေးမြို့မှ မန္တလေးမြို့နှင့် ရန်ကုန်မြို့သို့လည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များသို့လည်းကောင်း ပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၅၀ ကျော်ရှိပြီး အဆိုပါယာဉ်လိုင်းများတွင် ယာဉ်အစီးရေ ၁၀၀ နီးပါး နေ့စဉ်ပြေးဆွဲလျက်ရှိကာ ကလေးမြို့ကိုအခြေပြုပြေးဆွဲသည့် ခရီးသည်တင်ယာဉ်လိုင်းများမှာ သင်္ကြန်မတိုင်မီ ဧပြီလဆန်းပိုင်းမှစ၍ ခရီးသည်စီးနင်းမှုများပြားခဲ့ကြောင်း၊ သင်္ကြန်အပြီးတွင်လည်း ကားလက်မှတ်များကြိုတင်ဖြတ်ထားသူများနှင့်အတူ ခရီးသည်ရရှိမှု များပြားခဲ့ကြောင်း၊ ယခု မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် တက်လမ်းအဆင့်မြင့်ခရီးသည်တင်ယာဉ်လိုင်းကိုလည်း စတင်ပြေးဆွဲနေကြောင်း ကလေးမြို့ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောကြားသည်။

သင်္ကြန်ရုံးပိတ်ရက်အတွင်း ကလေးမြို့သို့ ရန်ကုန်မြို့မှ ခေတ္တပြန်လာသည့် ပြည်သူတစ်ဦးက “သင်္ကြန်မတိုင်မီကာလနဲ့ သင်္ကြန်ပွဲတော်အပြီးမှာ ကိုယ့်ရပ်ကိုယ့်ရွာ၊ကိုယ့်မြို့ကိုယ့်ဒေသနဲ့ ကိုယ့်လုပ်ငန်းတာဝန်တွေ ပြန်လည်ထမ်းဆောင်ကြဖို့ ချင်းတောင်-ကလေး-မုံရွာ-မန္တလေး- ရန်ကုန်ပြေးဆွဲတဲ့ကားတွေမှာ နှစ်တိုင်း ခရီးသည်ပြည့်တာများတယ်၊ ကားလက်မှတ်တွေ ကြိုဖြတ်နေရတယ်” ဟု ပြောသည်။

ကလေး-မုံရွာ-မန္တလေး လမ်းခရီးတွင် ရေကြောင်းမှတစ်ဆင့် ချင်းတွင်းမြစ်ကြောင်းခရီးဖြင့်လည်း သွားလာနိုင်သော်လည်း လက်ရှိအချိန်တွင် ချင်းတွင်းမြစ်ရေနည်းပါးနေခြင်းကြောင့် ချင်းတွင်းရေကြောင်းမှ ခရီးသွားလာသူ နည်းပါးနေပြီး ကားလမ်းများမှသာ သွားလာသူများပြားကြောင်း သိရသည်။

ကားလမ်းခရီးတွင်လည်း ကလေးမြို့ကို အခြေပြုသည့် ကလေး- ကလေးဝ-ယာကြီးလမ်းနှင့် ကလေး- ကလေးဝ-မဟာမြိုင်-ရေဦး-မန္တလေးလမ်းတို့မှာ သင်္ကြန်ကာလအတွင်းက မိုးအနည်းငယ်ရွာသွန်းမှုကြောင့် လမ်းကြောင်းစိတ်မချရကြောင်း၊ ကလေး-ဂန့်ဂေါ ပတ်လမ်းမှာမူ လမ်းကြောရှည်လျားသော်လည်း



ရာသီမရွေးသွားလာနိုင်ပြီး လမ်းပျက်စီးမှုမရှိခြင်းကြောင့် ခရီးသည်တင် မော်တော်ယာဉ်လိုင်းများ အသွားအလာ များပြားလျက်ရှိကြောင်း High Class ယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ချင်းတွင်းသား**

# သင်္ကြန်ကာလအတွင်း ကယားပြည်နယ်သို့ လာရောက်လည်ပတ်မှု များစွာမြင့်တက်ခဲ့



**လွိုင်ကော် မေ ၁၉**

၂၀၁၈ ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ကယားပြည်နယ်သို့ ရပ်ဝေးရပ်နီးနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှုမှာ ယခင်နှစ်များကထက် များစွာ မြင့်တက်များပြားခဲ့ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ခရီးသွားဧည့်သည်များမှာ ကယားပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ အထင်ကရ နေရာများဖြစ်သည့် လွိုင်ကော်မြို့ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော်စေတီ(တောင်ကွဲစေတီ)၊ မြို့နာမ်စေတီ၊ သဘာဝလိုဏ်ဂူများဖြစ်သည့် အောင်သပြေဂူ၊ လွယ်တမူဂူနှင့် ထူးခြားဆန်းပြားပြီး ပဟေဠိများဖြင့် ပြည့်နှက်နေကာ အခေါင်းတလားများတည်ရှိရာ ကြတ်ဂူ၊ လောပိတရေတံခွန် အလှအပများ၊ ထီးစဲခါး ရေတံခွန်၊ ဒွေးမယ်နော် ညီအစ်မ ခုနစ်ဖော်တို့ မြူးထူးပျော်ပါး ရေဆော့ကစားသည်ဟု ရာဇဝင်များတွင် ကျော်ကြားသော ကန်ခုနစ်ဆင့်နှင့် ငွေတောင်ဆည်၊ ထီးပွင့်ကန် စသည့် အထင်ကရ နေရာများသို့ ဘုရားဖူး သွားရောက်လည်ပတ်ရင်း အပန်းဖြေ ရေကစားကြကြောင်း သိရသည်။

ထို့အပြင် ဖရူဆိုမြို့နယ် မော်သီဒိုကျေးရွာအနီး ထီးပရူနူလိုဏ်ဂူသို့လည်း သွားရောက်လေ့လာမှု များပြားခဲ့သလို ကယန်းလူမျိုးများနေထိုင်ရာ ကယန်းရွာဖြစ်သည့် ပန်ပက်ကျေးရွာမှ ကယန်း (ပဒေါင်) တိုင်းရင်းသား လူမျိုးများ၏ နေထိုင်မှုဓလေ့စရိုက်များ၊ ရှေးဟောင်းကယားရိုးရာဓလေ့များကို လေ့လာကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကူးကာ ကယန်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ပါဝင်သော အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်း ဝယ်ယူကြကြောင်း သိရသည်။ **ကိုစိုင်း(လွိုင်ကော်)**

# ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ပွဲနှင့် နှစ်သစ်မင်္ဂလာဝတ်ပြုဆုတောင်းပွဲ ဟားခါး၌ ကျင်းပ

**ဟားခါး မေ ၁၉**

မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အန္တရာယ်ကင်းပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ပွဲနှင့် နှစ်သစ်မင်္ဂလာ ဝတ်ပြုဆုတောင်းပွဲကို ဟားခါးမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဟားခါးမြို့ဇေတဝန်တောရစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒေါက်တာအရှင်တေဇောသာရထံမှ ညွှန်ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဟားခါးမြို့ ကျောဘုတ်သာသနာပြုကျောင်း ဦးစီးပဓာနနာယကဆရာတော်က တရားဟောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နှစ်သစ်မင်္ဂလာဝတ်ပြုဆုတောင်းပွဲကို ညနေပိုင်းတွင် ဆက်လက်ကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားကာ ဟားခါးမြို့ ခရစ်ယာန်ဂိုဏ်းပေါင်းစုံအဖွဲ့ အတွင်းရေးမှူး ဟားခါးနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာတော် ဒေါက်တာစတီဗင်လျန်ဟုပ်လိန်းက နှစ်သစ်အတွက် ဆုတောင်းပေးကာ ဗေသလနှစ်ခြင်းအသင်းတော်မှ ဆရာတော် ဒေါက်တာကျဲအိုဆန်ကုန်းက တရားဒေသနာဖြင့် ခွန်အားပေးခဲ့သည်။ အဆိုပါဆုတောင်းပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(ပြည်နယ် ပြန်/ဆက်)**



# ဘုရင့်နောင်ပွဲရုံများမဖွင့်မီ တစ်ရက်ကြို၍ နှစ်ဆန်းတစ်ရက်က ကုန်ပစ္စည်းများ ဝင်ရောက်ခဲ့

**ရန်ကုန် မေ ၁၉**

နှစ်ဆန်းတစ်ရက် မေ ၁၇ ရက်က ဘုရင့်နောင်ပွဲရုံများ မဖွင့်သော်လည်း နယ်စုံမှ ကြက်သွန်နီ၊ ရှမ်းကြက်သွန်ဖြူ၊ အာလူး၊ ကြူကုတ်ကြက်သွန်ဖြူစသည့် ကုန်ပစ္စည်းများ တင်ဆောင်လာသောကုန်ကားအချို့ဝင်ရောက်ခဲ့ပြီး ပွဲရုံအချို့တွင် ကုန်များချနေကြောင်း သိရသည်။

သင်္ကြန်အကြတ်နေ့ညပိုင်းက နယ်မှထွက်လာကာ ကုန်တင်ယာဉ်များသည် ရန်ကုန်သို့ သင်္ကြန်အတက်ညပိုင်းတွင် ရောက်ရှိပြီးနောက် နှစ်ဆန်းတစ်ရက် နံနက်တွင် ပွဲရုံဝင်းအတွင်း ဝင်ရောက်ကုန်ချခြင်းဖြစ်ကာ ယာဉ်ဝင်ခွင့်ကောက်ခံသူများမရှိ၍ ယာဉ်ဝင်ခွင့်ငွေမပေးရကြောင်း ဟဲဟိုးမှ ကြက်သွန်နီများလာပို့သည့် ၁၂ ဘီး ယာဉ်မောင်းတစ်ဦးက ပြောသည်။

နယ်စုံမှ ကြက်သွန်နီများ၊ ရှမ်းနှင့်ကြူကုတ် ကြက်သွန်ဖြူများနှင့် အာလူးများမှာ ပွဲရုံဖွင့်ရက်မတိုင်မီ နှစ်ဆန်း ၁ ရက်နေ့မှာပင် ပိဿာချိန် သုံးသောင်းဝန်းကျင်စီ ကြိုတင်ရောက်နေခဲ့ပြီး နောက်ရက်များတွင်လည်း အလုံးအရင်းဖြင့်ဝင် ရောက်လာမည်ဖြစ်ကြောင်း၊ တရားဝင်ပိတ်ရက် ငါးရက်သာရှိ၍ ကုန်ဖိုးငွေများကို နယ်များသို့ လွှဲပြောင်းပေးပို့နိုင်ကြောင်း၊ ငါးရက်တာ တိတ်ဆိတ်နေခဲ့သော ဘုရင့်နောင်ပွဲရုံများမှာ ပွဲရုံပြန်ဖွင့်သည့် မေ ၁၈ ရက်မှစ၍ ပြန်လည်စည်ကားလာလျက်ရှိကြောင်း သိရသည်။ **ခင်ဆိုင်**

## သတင်းတိုများ

### ဘားအံမြို့လုံးအနှံ့ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်

ကရင်ပြည်နယ် ဘားအံမြို့တွင် မြို့လုံးအနှံ့ အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ခြင်းကို မေ ၁၇ ရက်(နှစ်ဆန်း ၁ ရက်) ညနေပိုင်းက ပြုလုပ်ခဲ့သည်။ ပြည်နယ်အစိုးရ အိမ်ရာဝင်းအတွင်း ကျင်းပသည့် အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ပွဲတွင် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြိုင်သဇင်ကျောင်းတိုက် ပဓာနနာယကဆရာတော်နှင့် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်များထံမှ သီလခံယူခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်က သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဘားအံမြို့ရှိ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ကရင်ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရ အိမ်ရာဝင်းအတွင်းနှင့် မြို့ပေါ်ရပ်ကွက်ကိုးခုရှိ လမ်းဆုံလမ်းခွများတွင်လည်း အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

### ဒီးမော့ဆိုမြို့နယ်၌ အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် တတိယအကြိမ်မြောက် မြို့နယ်လုံးကျွတ် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို မေ ၁၇ ရက် ညနေပိုင်းက ကျင်းပခဲ့ပြီး သံဃာတော် ခြောက်ပါးက ပရိတ်တရားတော်များ ရွတ်ဖတ်ပေးကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘောရယ်စိုးဝေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက တက်ရောက်နာယူကြသည်။ ထို့နောက် သံဃာတော်များက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ၊ မြို့မရပ်ကွက်၊ ငွေတောင်ကျေးရွာနှင့် ညောင်ကိုင်း စခန်းတို့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပေးကြပြီး အလှူရှင်များက သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကေတုမတီဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအား ကုသိုလ်ပြု

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာရှိ အဘိုး အဘွား ၃၇ ဦးတို့အား လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ အလှူငွေနှင့်ဆေးဝါးများလှူဒါန်းခြင်း ကုသိုလ်ပြုပွဲကို မြန်မာနှစ်ဆန်း ၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ ကုသိုလ်ပြုပွဲတွင် တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက မုဒိတာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ် ကိုးသိန်းနှင့် အလှူရှင်များမှ လှူဒါန်းသည့် ငွေနှင့်ဆေးဝါးပစ္စည်းများကို ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဘိုးဘွားရိပ်သာ အကျိုးဆောင်ကြီးကြပ်ရေးကော်မတီဝင်များက အဘိုးအဘွားများထံ ပေးအပ်လှူဒါန်း ပူဇော်ကန်တော့ခဲ့ကြသည်။ **ကျော်လှ(တောင်ငူ)**

**မေ ၁၇ ရက် (မြန်မာ့နှစ်ဆန်း ၁ ရက်) နံနက်က စမ်းချောင်းမြို့နယ်ရှိ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား၌ ဥပုသ်သီတင်းဆောက်တည်သူများ၊ ဘုရားဖူးလာ ပရိသတ်များအား အာဟာရဒါနကျွေးမွေးလှူဒါန်းသူများကို တွေ့ရစဉ်။**
ဘော်ဂါသွေး



# မန်းရွှေစက်တော်ရာဘုရားပွဲ ပိတ်ပွဲနေ့တွင် မန်းဆည်တော်၌ လာရောက်အပန်းဖြေသူများဖြင့် စည်ကား

**မင်းဘူး ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် နှစ်စဉ် ကျင်းပမြဲဖြစ်သည့် မန်းရွှေစက်တော်ရာဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို ယခုနှစ်တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်)က ကျင်းပခဲ့သည်။ အဆိုပါ ဘုရားပွဲတော်ပိတ်ပွဲနေ့တွင် မင်းဘူး (စကု) မြို့နယ် အိုင်းမကျေးရွာအနီးရှိ မန်းဆည်တော်၌ လာရောက်အပန်းဖြေ အနားယူကြသည့် ပြည်တွင်းဘုရားဖူးဧည့်သည်များ လာရောက်မှုများပြားကာ အထူးစည်ကားခဲ့သည်ကို တွေ့ရသည်။



"ကျွန်တော်တို့ မိသားစုက ပခုက္ကူမြို့က လာခဲ့ကြတာပါ၊ ဒီနေ့က မြန်မာနှစ်ဆန်း ၁ ရက်နေ့ ဖြစ်တာကြောင့် မိသားစုတွေ စုံစုံလင်လင် ဘုရားဖူးရအောင် မန်းရွှေစက်တော်ကို ဘုရားဖူးထွက်ခဲ့ကြတာပါ၊ မနက်ပိုင်းက မန်းရွှေစက်တော်ကိုလည်း ဖူးမြော်ခဲ့ပြီးပါပြီ၊ မန်းရွှေစက်တော်ဘုရားကအပြန်မှာ မန်းဆည်တော်ကို ရောက်ဖူးချင်လို့ လာပြီးအနားယူအပန်းဖြေတာ ဖြစ်ပါတယ်၊ မန်းဆည်တော်ကိုရောက်တော့ ကျွန်တော်တို့လိုပဲ လာရောက်အနားယူ အပန်းဖြေနေကြတဲ့ ပြည်တွင်းဘုရားဖူး ဧည့်သည်တွေ စည်ကားနေတာကို တွေ့ရပါတယ်၊ တစ်ခု ကောင်းတာက ဒီဆည်တော်က မန်းရွှေစက်တော်မှာလို ရေချိုးရတာ အန္တရာယ်မရှိဘဲ ကလေး၊ လူကြီး မိသားစုအလိုက် ပျော်ပျော်ပါးပါးရေချိုးလို့ရတော့ ရေချိုးနေကြတဲ့သူတွေနဲ့ ပြည့်နေတာပါပဲ၊ နောက်ပြီး ဆည်တော်မန်းချောင်းအနီးမှာ နားခိုစရာ စားသောက်ဆိုင်တွေလည်း အများအပြား ရှိနေလို့ စားရင်းသောက်ရင်း အပန်းဖြေလိုက်၊ ရေချိုးလိုက်နဲ့ အလွန်ပျော်ဖို့ ကောင်းပါတယ်၊ နောက်နှစ်ကျရင်လည်း မန်းရွှေစက်တော်ကို ဘုရားဖူးလာရင် မန်းဆည်တော်ကိုလည်း ရောက်အောင်လာပြီး အပန်းဖြေအနားယူရဦးမယ်"ဟု ပခုက္ကူမြို့မှ ဘုရားဖူးလာရောက်သည့် အမျိုးသားတစ်ဦးက ပြောသည်။

မန်းဆည်တော်အနီး အိုင်းမကျေးရွာမှ တစ်ပိုင်တစ်နိုင် စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သည့် ဒေသခံအမျိုးသမီးတစ်ဦးကလည်း "ကျွန်မတို့ အိုင်းမကျေးရွာအနီးက မန်းဆည်တော်မှာ နှစ်စဉ်နှစ်တိုင်း မန်းရွှေစက်တော်ရာဘုရားပွဲ ကျင်းပချိန်တိုင်း ပြည်တွင်းဘုရားဖူးဧည့်သည်တွေ နေ့စဉ် လာရောက်အပန်းဖြေ အနားယူကြတာများလို့ အလွန်စည်ကားပါတယ်၊ ပြည်တွင်းဘုရားဖူးဧည့်သည်တွေက မန်းရွှေစက်တော်ရာဘုရားကို ဘုရားဖူးလာပြီဆိုရင် အပြန်လမ်းမှာ ကျွန်မတို့ ကျေးရွာအနီးက မန်းဆည်တော်မှာ ခရီးတစ်ထောက်နားပြီး အပန်းဖြေကြပါတယ်၊ ဆည်တော်ရေကို အေးအေးလူလူချိုးရင်း အနားယူပြီးမှ ပြန်ကြလေ့ရှိပါတယ်၊ အခုလို ပြည်တွင်းဘုရားဖူးဧည့်သည်တွေ လာရောက်မှုများတဲ့အတွက် ကျွန်မတို့ကျေးရွာက ဒေသခံပြည်သူတွေနဲ့ ဆည်တော်အနီးဝန်းကျင်ကျေးရွာတွေက ဒေသခံပြည်သူတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေရရှိပြီး မိသားစုအတွက် နေ့စဉ်ဝင်ငွေရလို့ အဆင်ပြေစေပါတယ်၊ ပြီးခဲ့တဲ့ ရက်တွေကဆိုရင် စားသောက်ဆိုင်တွေ တစ်ရက်ကို ငါးသိန်း၊ ခြောက်သိန်းဖိုးလောက် ရောင်းရပါတယ်၊ ကျွန်မတို့ မန်းဆည်တော်က ရွှေစက်တော်ဘုရားပွဲကို အမှီပြုပြီး ဖွင့်လှစ်ရောင်းချရတာ ဖြစ်လို့ ရွှေစက်တော်ဘုရားပွဲ ရာသီချိန်ကို အားထားပြီးတော့ ရောင်းချရတာ ဖြစ်ပါတယ်" ဟု ပြောသည်။

မန်းရွှေစက်တော်ရာဘုရားပွဲတော် ပိတ်သိမ်းပွဲနေ့တွင် မန်းဆည်တော်သို့ လာရောက်သူများ ယခင်နေ့များထက် ပိုမို များပြားခဲ့ပြီး မနက်ပိုင်းမှ ညနေပိုင်းအထိ လာရောက်အနားယူသူများ ကြိတ်ကြိတ်တိုး စည်ကားခဲ့သလို ဈေးသည်များအနေဖြင့်လည်း ဈေးရောင်းကောင်းပြီး အဆင်ပြေခဲ့ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

---

**(၁)ဦးစိုင်းရွှက်၊ (၂)ဦးစိုင်းစံပွင့်နှင့် (၃)NAMTAUNG Co.,Ltd တို့**

## သိစေရန်ကြော်ငြာ

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ဟော်ခွန်တောင်တန်းလမ်း၊ အမှတ်(၁/၁၃၆)နေ ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန် ၁၃/လခတ(နိုင်)၀၀၀၁၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာလိုက်သည်မှာ-

ဦးစိုင်းရွှက်တို့ဦးဆောင်သည့် လွိုင်ခမ်းအိမ်ရာစီမံကိန်းတွင် ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ကို အစုရှယ်ယာထည့်ဝင်ရန် ဆက်သွယ်ကမ်းလှမ်းလာရာ ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ကလည်း သဘောတူလက်ခံပြီး ၁၃-၁-၂၀၁၆ရက်တွင် ဦးစိုင်းရွှက်နှင့် ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်တို့ နှစ်ဦးအကြား သဘောတူပြုစုခဲ့သည့်စာရင်းပါအတိုင်း ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်က ဦးစိုင်းရွှက်ထံသို့ စုစုပေါင်းသတ်မှတ်ငွေတန်ဖိုး ကျပ်(၄၄၇၀၀၀၄၁၈၅/-)၏ ၄ ဒသမ ၄၇ ရာခိုင်နှုန်းနှင့်ညီမျှသော ငွေကျပ် ၂၀၀၀၀၀၀၀၀/-ကို ထည့်ဝင်ပေးခဲ့ကြောင်း သိရပါသည်။ ထိုမှ ဦးစိုင်းရွှက်၏ စိန်နှင်းဆီကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ၇-၄-၂၀၁၆ ရက်တွင် လွိုင်ခမ်းအိမ်ရာစီမံကိန်းနှင့်ပတ်သက်သည့် အစုရှယ်ယာဝင်များ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁)ကို ပြုလုပ်ကျင်းပခဲ့ပြီး (၁) ဦးစိုင်းရွှက်၊ (၂) ဦးစိုင်းစံပွင့်၊ (၃) NAMTAUNG Co.,Ltd နှင့် (၄) ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်တို့ တက်ရောက်ခဲ့ကြကာ စီမံကိန်းအတွက် ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ချမှတ်ဆွေးနွေးခဲ့ကြကြောင်းလည်း သိရပါသည်။ အဆိုပါညှိနှိုင်းအစည်းအဝေးပြီးသည့်နောက်ပိုင်းတွင် ဦးစိုင်းရွှက်တို့က လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ထံသို့ အသိပေးခြင်း လုံးဝမရှိတော့ပါကြောင်းနှင့် အစည်းအဝေးအမှတ်စဉ်(၁)တွင် သဘောတူဆုံးဖြတ်ခဲ့သည့် အကြောင်းအချက်များအတိုင်းလည်း တစ်စုံတစ်ရာမျှ ဆောင်ရွက်ပေးခဲ့ခြင်းလည်း မရှိခဲ့ကြောင်း သိရပါသည်။ အထူးအားဖြင့် အစည်းအဝေးအမှတ်စဉ်(၁)၏ မှတ်တမ်းစာမျက်နှာ(၂)၊ စာပိုဒ် ၃၊ ပိုဒ်ခွဲ(ခ)ပါ အတိုင်း ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန် ထည့်ဝင်ခဲ့သည့်ငွေများအတွက် အစုရှယ်ယာအတိအကျသတ်မှတ်ပေးခြင်းသော်လည်းကောင်း၊ ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ စာချုပ်ချုပ်ဆိုမှတ်ပုံတင်ပေးရန်သော်လည်းကောင်း ဆောင်ရွက်ပေးခဲ့ခြင်း လုံးဝမရှိကြောင်းလည်း သိရပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှ ရက်သတ္တတစ်ပတ် (၇)ရက်အတွင်း အစည်းအဝေးအမှတ်စဉ်(၁)ပါအတိုင်း ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများကို သတ်မှတ်ဆောင်ရွက်ပေးပါရန်(သို့တည်းမဟုတ်) ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ထံမှ လက်ခံရယူထားသည့် ငွေတန်ဖိုးကျပ် ၂၀၀၀၀၀၀၀၀/-ကို ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ပေးအပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုဆောင်ရွက်ပေးသွားရန် ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ကြော်ငြာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်**
**၁၃/လခတ(နိုင်)၀၀၀၁၁၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်းချမ်း B.A(Law); LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၄၄/၁၉၈၃)**
**အမှတ်-၂၀၇၊ ရေထွက်ဦးလမ်း၊**
**ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

---

**ဦးစိုင်းရွှက် ၁၃/ကတန(နိုင်)၀၈၄၃၁၄ နှင့်**

## အများသိစေရန်ကြော်ငြာ

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ဟော်ခွန်တောင်တန်းလမ်း၊ အမှတ်(၁/၁၃၆)နေ ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန် ၁၃/လခတ(နိုင်)၀၀၀၁၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးစိုင်းရွှက်နှင့် အများသိစေရန် ကြော်ငြာလိုက်သည်မှာ-

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ရေဖြူလမ်း၊ အမှတ်(၁/၂၂၅)နေ ဦးစိုင်းရွှက်သည် မိမိ၏ စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်က လုပ်ကိုင်လျက်ရှိသော ဆင်တောင်ဇရိယာအိမ်ရာတည်ဆောက်ရေးလုပ်ငန်းတွင် ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ကို အကျိုးတူပါဝင်ရန် ဆက်သွယ်ကမ်းလှမ်းမှုအပေါ် ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ကလည်း ယုံကြည်ပြီး မိမိဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်များ (သဘောတူသတ်မှတ်စုစုပေါင်းတန်ဖိုး)ငွေကျပ် သိန်း ၄၃၄၈ နှင့် သဘောတူသတ်မှတ်တန်ဖိုးငွေသားကျပ် သိန်း ၂၀၀၀ စုစုပေါင်းငွေကျပ် သိန်း ၆၃၄၈ကို ဦးစိုင်းရွှက်ထံပေးအပ်ပြီး အကျိုးတူပါဝင်ခဲ့ကြောင်း သိရသည်။ ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်က ထိုသို့ အကျိုးတူပါဝင်ကြောင်း အထောက်အထားအဖြစ် ဦးစိုင်းရွှက်က ၁၃-၁-၂၀၁၆ရက်တွင် စာရင်းရှင်းတမ်းတစ်ရပ်ကို ပြုလုပ်လက်မှတ်ရေးထိုးပေးခဲ့ကြောင်းလည်း သိရပါသည်။ ထိုသို့ အကျိုးတူအဖြစ် ပါဝင်စေခဲ့ပြီးသည့်နောက်ပိုင်းတွင် ဦးစိုင်းရွှက်က ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ထံသို့ စာရင်းရှင်းလင်းပေးခြင်းသော်လည်းကောင်း၊ လုပ်ငန်းအခြေအနေကို အသိပေးခြင်းသော်လည်းကောင်း၊ အကျိုးအမြတ်အဖြစ် ခွဲဝေပေးအပ်ခြင်းသော်လည်းကောင်း လုံးဝ(လုံးဝ)မရှိခဲ့ကြောင်းနှင့် ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်က ဆက်သွယ်တောင်းဆိုခဲ့သည့်တိုင် တစ်စုံတစ်ရာဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းလည်း မရှိကြောင်း သိရပါသည်။ ထို့ကြောင့် ဦးစိုင်းရွှက်အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ရက်သတ္တတစ်ပတ် (၇-ရက်)အတွင်း ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်ထံမှ အကျိုးတူအဖြစ် လက်ခံရယူခဲ့သော (မြေ+ငွေသား) စုစုပေါင်းငွေကျပ် သိန်းပေါင်း ၆၃၄၈ နှင့်ပတ်သက်၍ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ် ရှင်းလင်းဆောင်ရွက်ပေးပါရန် သတိပေးအကြောင်းကြားတောင်းဆိုလိုက်ပါသည်။ ပျက်ကွက်ခဲ့ပါက ဥပဒေနှင့်အညီ လိုအပ်သလိုအရေးယူဆောင်ရွက်ပေးပါရန် ကျွန်ုပ်အား လွှဲအပ်ထားပြီးဖြစ်ပါကြောင်း ဦးစိုင်းရွှက်နှင့် အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နန်းခေးဟွမ်(ခ)မနန်းတွန်**
**၁၃/လခတ(နိုင်)၀၀၀၁၁၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်းချမ်း B.A (Law);LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၃၄၄/၁၉၈၃)**
**အမှတ် ၂၀၇၊ ရေထွက်ဦးလမ်း၊**
**ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့**

---

မြေကွက်များဈေးကောင်းပေးဝယ်လိုသည်
ဒဂုံမြို့သစ် (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင်
မြေကွက်များဝယ်လိုသည်။
အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို
မဉ္ဇူ 01-2339310,01-2339355,
Ph:01-578044 ,01-570721

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း**

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ် ၁၀၄၊ မြေချိန် ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေယာကွက်ကို ဦးဂျမ်တူးဂျာအမည်ဖြင့် ခရိုင်အမှုတွဲအမှတ်-၄၉/V(၈၄ဒသမ၈၅)ဖြင့် (၁၀)နှစ်သက်တမ်းရှိ မြေငှားဂရန်ရရှိထားရာ အဆိုပါမြေယာကွက်ကို မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ အမှတ် ၅၀၀နေ ဒေါ်ဇယ်ညွှယ် ၁/ဝမန(နိုင်)၀၁၂၅၁၇၊ ဦးကျော်ကျော်အောင် ၁/မကန(နိုင်)၁၅၆၉၅၉ တို့မှ စာရွက်စာတမ်းအပြည့်အစုံဖြင့် ဝယ်ယူပိုင်ဆိုင် ထားပြီး မြေငှားဂရန်အမည်ပြောင်းလျှောက်ထားသောမြေယာကွက်ဖြစ်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇယ်ညွှယ်၊ ဦးကျော်ကျော်အောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝဏ္ဏဦး (LL.B)အထက်တန်းရှေ့နေ(စဉ်-၄၂၃၇၀)**
**အမှတ်(၆)၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၂၃၅၇၇၊ ၀၉-၂၅၅၈၈၂၁၅၀**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ခင်ဦး ၁၀/ရမန(နိုင်)၀၈၆၀၄၀၏ Passport-No (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

---

အောင်ပြည့်စုံ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမား စီစဉ်ပေးသည်။
09 250095114
09 421041338
09 73224763

---

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 9G/3795 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ နိုင်ငံခြားသွားလိုသူများနှင့် အလုပ်ကောင်းရလိုသူများအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) 392048, 202046 256954
အမှတ်(၁၁၉)၊Y.W.C.A၊ဘိုကလေးဈေးလမ်း

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 09 443001453,01-503472, 09 30775232

**Basic English Speaking**
7:30 - 9 (Mon~Thurs) 23 Apr
10-11:30 (Mon~Thurs) 30 Apr
1 - 4:00 (Sat + Sun) 13 May
1 - 2:30 (Mon~Thurs) 16 May

**Basic Four Skills English**
7:30 - 9 (Mon~Thurs) 23 Apr
12 - 3:00 (Sat + Sun) 28 Apr
1 - 2:30 (Mon~Thurs) 30 Apr
9 - 12:00 (Sat + Sun) 6 May

**Basic Writing**
9 - 12:00 (Sat + Sun) 13 May
3:30 - 5 (Mon~Thurs) 28 May

**Pre-Intermediate (4-Skill English)**
3:30 - 5 (Mon ~ Thurs) 23 Apr
9 - 12:00 (Sat + Sun) 28 Apr
3:30 - 5 (Mon ~ Thurs) 7 May
1 - 2:30 (Mon ~ Thurs) 16 May

**Intermediate (Academic English)**
9:30-12:30 (Sat + Sun) 20 May
7:30 - 9 (Mon ~ Thurs) 21 May

**Vocab Enrichment**
3:30 - 5 (Mon ~ Thurs) 30 Apr

**Basic Grammar**
1 - 4:00 (Sat + Sun) 21 Apr
10-11:30 (Mon ~ Thurs) 23 Apr

**Basic Four Skills English**
10-11:30 (Mon~Thurs) 23 Apr
1 - 2:30 (Mon~Thurs) 23 Apr
10-11:30 (Mon~Thurs) 7 May
1 - 4:00 (Sat + Sun) 13 May
7:30 - 9 (Mon~Thurs) 15 May

**IELTS (Preparation)**
7:30-9:30 (Mon~Thurs) 21 May
1 - 3:30 (Mon~Thurs) 28 May

**IELTS (Reading+Vocab)**
1 - 3:00 (Mon~Thurs) 28 May

**Basic English Speaking**
1 - 2:30 (Mon~Thurs) 23 Apr
8 - 11:00 (Sat + Sun) 28 Apr
3:30 - 5 (Mon~Thurs) 16 May
1 - 2:30 (Mon~Thurs) 23 May

**Basic Grammar**
1 - 4:00 (Sat + Sun) 20 May

**Pre-Intermediate (4-Skill English)**
9 - 12:00 (Sat + Sun) 13 May

**Intermediate (Academic English)**
3:30 - 5 (Mon~Thurs) 23 Apr

## တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်) (၄၈)ကြိမ်မြောက် အစိဋ္ဌာန်ပွဲ (၃)ပတ်ဖွင့်မည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ကြွရောက်၍ (၄၈)ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ (၇)ရက် အဓိဋ္ဌာန်ပွဲ (၃)ပတ်ကို ပထမပတ် ၂၀၁၈ ခုနှစ် မေ ၁ ရက်နေ့ ညနေမှ ၈ ရက်နေ့ နံနက်ထိ၊ ဒုတိယပတ် မေ ၈ ရက်နေ့ ညနေမှ ၁၅ ရက်နေ့ နံနက်ထိ၊ တတိယပတ် မေ ၁၅ ရက်နေ့ ညနေမှ ၂၂ ရက်နေ့ နံနက်ထိ ဟောကြားပြသမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာ ဖုန်း-၀၉-၄၀၁၆၀၃၅၄၆၊ ၀၉-၇၉၉၉၇၇၅၇၇ နှင့် ကပ္ပိယကာရကအဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

**ကပ္ပိယကာရကအဖွဲ့**

PRE-UNIVERSITY FOUNDATION PROGRAM

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားကြသော ကျောင်းသား/သူများအတွက် တက္ကသိုလ်အကြိုပြင်ဆင်မှုအစီအစဉ်

နွေရာသီ ကျောင်းအားလပ်ရက်ကို အကျိုးရှိစွာအသုံးချနိုင်ရန်၊ တက္ကသိုလ်မတက်ရောက်မီ သိသင့်သိထိုက်သော အခြေခံပညာရပ်များကို ကြိုတင်သိရှိနားလည်နိုင်ရန် အတွေ့အကြုံရှိ ဆရာ/ဆရာမများမှ လေ့ကျင့်ပေးပါမည်။



General Orientation
Foundation of English 20 Hours
Foundation of Computing 20 Hours
Soft Skills 10 Hours



Foundation of Computing Degree 30 Hours
- Introduction to Programming
- Computer Technology

Foundation of Engineering Degree 30 Hours
- Introduction to Engineering Mathematics
- Basic Engineering Knowledge

Foundation of Business Degree 30 Hours
- Introduction to Accounting
- Introduction to Business Administration

၂၀၁၈ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် MCC Campus အသီးသီး၌ ဖွင့်လှစ်မည် ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

အမြန်ဆုံးစာရင်းသွင်းအပ်နှံတက်ရောက်နိုင်ပါပြီ။

MCC.i (ရန်ကုန်) Tel : 01-246634, 01-245762
MCC.i (မန္တလေး) Tel : 09-402671562, 09-441034062
MCC.i (နေပြည်တော်) Tel: 09-31354842, 09-254148940

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ရှမ်းပြည်နယ်(တောင်ကြီး)၊ လင်းခေးခရိုင်၊ လင်းခေးမြို့

သစ်တောဦးစီးဌာန၊ လင်းခေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်စက်လိုင်စင်(အသေး) လိုင်စင်ခွင့်ပြုသက်တမ်း (၁-၄-၂၀၁၃ ရက်မှ ၃၁-၃-၂၀၁၈ ရက်ထိ)ဖြင့် လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ်(၅)ရပ်ကွက် သမီး ဒေါ်အေးမိမိခင် ပိုင်ဆိုင်သည့် (ဘ) ဦးစိုင်းစိန္တ(ခ)ဦးဝင်းမြင့်၏ အမည်ဖြင့် ထုတ်ပေးထားသော လိုင်စင်အမှတ်(၁/၂၀၁၃-၂၀၁၄)(မူရင်း)သည် ၂၀၁၇ခုနှစ် ဒီဇင်ဘာတွင် နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသည့် လိုင်စင်မူရင်းသည် ၃၁-၃-၂၀၁၈ တွင် သက်တမ်းကုန်ဆုံးပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သစ်တောဦးစီးဌာန၊ လင်းခေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်စက်လိုင်စင်(အသေး) လိုင်စင်ခွင့်ပြုသက်တမ်း (၁-၄-၂၀၁၃ရက်မှ ၃၁-၃-၂၀၁၈ရက်ထိ)ဖြင့် လင်းခေးခရိုင်၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ်(၅)ရပ်ကွက်နေ သမီး ဒေါ်အေးမိမိခင် ပိုင်ဆိုင်သည့် (ဘ) ဦးစိုင်းစိန္တ(ခ)ဦးဝင်းမြင့်၏ အမည်ဖြင့် ထုတ်ပေးထားသော လိုင်စင်အမှတ်(၁/၂၀၁၃-၂၀၁၄) (မူရင်း)သည် (၂၀၁၇ခုနှစ် ဒီဇင်ဘာလ)တွင် အိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားသည့် လိုင်စင်မူရင်းအား ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သစ်တောဦးစီးဌာန**
**လင်းခေးခရိုင်**

## Royal One Entertainment လုပ်ငန်းခွဲ့တွင်ရန် အလုပ်ခေါ်စာ

(1) Finance Manager [ LCCI Level (3), Computer ကျွမ်းကျင် လုပ်သက်(၂-နှစ်)အထက်] (တရုတ်စကား ရေး/ပြော ကျွမ်းကျင်သူဖြစ်ရမည်။)
(2) Senior Accountant [ LCCI Level (3), Computer ကျွမ်းကျင် လုပ်သက်(၂-နှစ်)အထက်]
(3) In Checked [ LCCI Level(2),Computer Excel ကျွမ်းကျင်ရမည်။]
(4) HR-Admi Staff (Computer Excel, Word ကျွမ်းကျင်ရမည်။) (တရုတ်စကား ရေး/ပြော ကျွမ်းကျင်သူဖြစ်ရမည်။)
(5) Reception Phone-Call (တရုတ်စကားပြောကျွမ်းကျင်သူဖြစ်ရမည်။) အသက်(၂၀-၂၅)
(6) Driver (တရုတ်စကားပြောကျွမ်းကျင်၊ ယာဉ်မောင်းလိုင်စင်ရှိရမည်၊ မန္တလေးမြို့တွင်း ကျွမ်းကျင်သူဖြစ်ရမည်။)

ရာထူးနှင့်လုပ်သက်အလိုက် (လစာ သုံးသိန်းမှ ခြောက်သိန်းအထိရှိပြီး လစဉ် Bonus ခံစားခွင့်ရှိမည်။) (စရိတ်ငြိမ်း) CV Form ဖြင့် ညနေ ၃:၀၀ နာရီမှ ၅:၀၀ နာရီအတွင်း လာရောက်လျှောက်ထားနိုင်သည်။

**Royal One Entertainment 37 x 38 ကြား၊ ပြင်ဦးလွင်ပတ်လမ်း**
ဖုန်း-၀၉-၂၀၃၀၅၇၃၊ ၀၉-၈၇၇၇၁၁၁၄၊ ၀၉-၂၅၉၆၂၅၅၆

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"
ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802,09-250-066210

ရွှေလမ်းခရီး
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
ကားဆိုဒ်စုံနှင့် လုပ်သားပါ ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444808899
09-444808877
09-444808855

## ပျောက်ဆုံးကြောင်း

Myanmar Glogon Co., Ltd . ၏ သွင်းကုန်လိုင်စင်အမှတ် - IL8 11-12 0119 (03.10.2011)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၂၅၄၃၁၆၁၉၄

# ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်နီနီ
# အသက် (၇၄)နှစ်

A1 Group of Companies ၏ နာယကကြီးဖြစ်သော ဦးအောင်ကြီးမြင့်၏ ချစ်လှစွာသော ဇနီးဖြစ်သူ ဒေါ်နီနီသည် ၁၈-၄-၂၀၁၈ ရက် နံနက် ၉:၄၅ နာရီတွင် အနော်ရထာအိမ်ရာ၊ တိုက်(D)၊ အခန်း(၂)၊ ကမာရွတ်မြို့နယ် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**A1 Construction Co. Ltd.**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
### အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူတို့၏အဘိုး ဦးတရုတ်ကြီး(ခ) ဦးတင်ရွှေသည် ၁၈-၄- ၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရဲချုပ်အောင်ဝင်းဦး၊ ဇနီးနှင့်**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတင်ရွှေ အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှသွာသောဖခင် ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၅၀ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယရဲချုပ်၊ ရဲမှူးချုပ်အောင်နိုင်သူနှင့်ဇနီးဒေါ်နှင်းနှင်းအေး**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးတင်ရွှေ အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင် ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာရှိ/တပ်ဖွဲ့ဝင်များနှင့်မိသားစုများ**
**နေပြည်တော်ရဲတပ်ဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်သန်းရီ
### အသက်(၈၇)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးသန်းရွှေ၏မိခင် ဒေါ်သန်းရီသည် ၁၅-၄-၂၀၁၈ရက် ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဝဏ္ဏကျော်ထင် ဦးဉာဏ်ထွန်းအောင်နှင့်ဇနီးဒေါ်ဝေဝေမိသားစု**
**ပြည်ထောင်စုဝန်ကြီး (ငြိမ်း)၊**
**ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းရီ
### အသက်(၈၇)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးသန်းရွှေနှင့်ဇနီး ဒေါ်စိုးဝတ်ရည်တို့၏မိခင် ဒေါ်သန်းရီသည် ၁၅-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့) ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းရီ
### အသက်(၈၇)နှစ်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးသန်းရွှေ၏ မိခင်ကြီး ဒေါ်သန်းရီသည် ၁၅-၄-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၁၈)**
**သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးဟိန်းဇော် (ငြိမ်း)
### DSA အမှတ်စဉ်(၄၆)
### အသက်(၃၅)နှစ်

ဒေါ်ငြိမ်းပြည့်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်ကောင်းခန့်၏ဖခင် ဗိုလ်ကြီးဟိန်းဇော် (ငြိမ်း)သည် ၁၇-၄-၂၀၁၈ရက် မွန်းလွဲ ၂း၂၀နာရီ တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် အမှတ်စဉ်(၄၆)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ အသက်(၉၂)နှစ်

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင် ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဦး-ဒေါ်ခင်မာဝင်း**
**အကျဉ်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးတင်ရွှေ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဥဇနာလမ်း၊ အမှတ် 1A/35နေ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဒေါ်ဝင်းဝင်းမော်တို့၏ ချစ်လှစွာသောဖခင် ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ် စိန်လင်း-ဒေါ်နွယ်သဇင်နှင့်**
**အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်မိသားစုများ**
**တဆရ(၂)(၅၀၀)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအေးကြူ အသက်(၈၄)နှစ်
### (B.Aed,B.Ed)
### ကျောင်းအုပ်ဆရာကြီး၊ မြို့နယ်ပညာရေးမှူး(တွံတေး)

ဦးကိုကိုအေး-ဒေါ်စန္ဒာဌေးတို့၏ဖခင် ဦးအေးကြူသည် ၁၅-၄-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇-၉၁)**
**မြို့ပြအင်ဂျင်နီယာသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးခင်စိုး(ငြိမ်း)
### အသက်(၈၂)နှစ်

သူငယ်ချင်း ဗိုလ်မှူးပြည်စိုး(ငြိမ်း)၏ဖခင် ဗိုလ်မှူးခင်စိုး(ငြိမ်း) (အထွေထွေမန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ငြိမ်း) အသက်(၈၂) နှစ်သည် ၁၇-၄-၂၀၁၈ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဗိုလ်မှူးသန်းထွဋ် (ငြိမ်း) အသက်(၆၃)နှစ်
### ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ ၆လမ်း၊ ကိုးမိုင်၊ အမှတ် ၅၇၂၊ A-2နေ ဒေါ်စုနွယ်နိုင်၏ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ ရက် (သောကြာနေ့) ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ၊ ချင်းပြည်နယ်**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲကြောင်း
### ဦးလှမောင် (စစ်တွေ)
### မန်နေးဂျင်း ဒါရိုက်တာ၊ အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်
### အသက်(၅၈)နှစ်

ဦးလှမောင် (စစ်တွေ)သည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုဦးလှမောင် ကောင်းရာသုဂတိသို့ လားပါစေ။

**ဦးဇော်အေးမောင်နှင့်ဇနီးဒေါ်လှမြင့်သန်း**
**မိသားစု**
**ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးလှမောင် (စစ်တွေ)
### မန်နေးဂျင်းဒါရိုက်တာ-အောင်ဇေကမ္ဘာကုမ္ပဏီလီမိတက်
### အသက်(၅၈)နှစ်

ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက်(အများနှင့်သက်ဆိုင်သောကုမ္ပဏီ) တိုးတက် အောင်မြင်စေရန်အတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့သော ဦးလှမောင်သည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမောင် ကောင်းရာသုဂတိသို့လားပါစေ။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက်(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးလှမောင် (စစ်တွေ)
### နာယက-ရခိုင်သဟာယအသင်း(ရန်ကုန်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် ၂၂၄နေ ဒေါ်ယက်သဲ့ဖြူ၏ခင်ပွန်း ဦးလှမောင်သည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၅နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမောင် ကောင်းရာသုဂတိသို့လားပါစေ။

**ရခိုင်သဟာယအသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးတရုတ်ကြီး(ခ)ဦးတင်ရွှေ
### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ အမှတ်(၁က/၃၅)နေ (ဦးလီ-ဒေါ်ဘုန်းစိန်)တို့၏သား၊ (ဒေါ်ငွေစီ)၏ခင်ပွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်တို့၏ချစ်လှစွာသောဖခင်၊ မအိပြည့်ပြည့်ဖြိုး၊ မောင်ခန့်စည်သူတို့၏အဘိုး ဦးတရုတ်ကြီး(ခ) ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၅၀နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်- ၁၀၀၀ နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်**
**ဦးတင်မြင့်နှင့်ဇနီးဒေါ်ရွှယ်ဂျာ**
**ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးတင်ရွှေ
### အသက်(၉၂)နှစ်

သူငယ်ချင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဇနီးဒေါ်ဝင်းဝင်းမော်တို့၏ဖခင် ဦးတင်ရွှေသည် ၁၈-၄-၂၀၁၈ရက် နံနက်တွင် နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှသူငယ်ချင်း**
**မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးလှမောင်(ခ)ဦးမောင်ကျော်အေး(စစ်တွေ)
### အသက်(၅၈)နှစ်

ဤအသင်းဝင် ရဲထွန်းအောင် ရေယာဉ်များပိုင်ရှင် ဦးလှမောင်(ခ)ဦးမောင်ကျော်အေး(စစ်တွေ)သည် ၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ဤအသင်းအနေဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(အမှုဆောင်အဖွဲ့)**
**ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
### ဒေါ်မြသီ အသက်(၉၃)နှစ်

ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်လှညွှန့်)တို့၏သမီး၊ (ဦးလှမောင်) (တိုင်းလူမှုဝန်ထမ်းဦးစီးမှူး၊ ပဲခူးမြို့-ငြိမ်း)၏ဇနီး၊ ကော့သောင်းမြို့၊ ပိတောက် ရွှေဝါရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၂/အေ)နေ ဒေါ်ခင်သီတာ (မြို့နယ် သမဝါယမဦးစီးဌာန -ငြိမ်း၊ ကော့သောင်းမြို့)၊ ဦးညွှန့်လှိုင်-ဒေါ်ခင်နီလာ (Andaman Hill Co.,Ltd)၊ ပဲခူးမြို့နေ ဒုတိယဗိုလ်မှူးကြီးဦးသန်းနိုင်(ငြိမ်း)-ဒေါ်နန်းကျင်ဟွမ်၊ ကော့သောင်းမြို့နေ ဦးသန်းဇော်(Myanmar Andaman Pearl Co.,Ltd)-ဒေါ်သန္တာထွန်းဝင်းတို့၏မိခင်၊ မောင်စိုင်းမင်းထက်၊ မနန်းခင်နှင်းယုနိုင်၊ မနန်းခင်နှင်းနုနုနိုင်၊ မောင်ထွန်းလင်းအောင်၊ မဟိဏ်းနန္ဒာအောင်တို့၏အဘွားသည်၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်၁၁း၅၀နာရီတွင် ကော့သောင်းမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၄-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၈ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကော့သောင်းမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဗိုလ်မှူးသန်းထွဋ် (ငြိမ်း) အသက်(၆၃)နှစ်
### ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီ(၆)လမ်း၊ ကိုးမိုင်၊ အမှတ် ၅၇၂၊ A-2နေ ဒေါ်စုနွယ်နိုင်၏ ချစ်လှစွာသောခင်ပွန်း ဦးသန်းထွဋ်သည် ၁၃-၄-၂၀၁၈ ရက် (သောကြာနေ့)ည၁၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ၊ ဘူမိဗေဒဌာနခွဲ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ကျင်ရွှေ (မော်လမြိုင်)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၃၉နေ (ဦးစံညွှန့်)၏ဇနီး၊ ဦးတိုးအောင် (C/E)-(ဒေါ်တင်တင်သန်း)၊ ဦးသော်သော်ညွှန့်(ခေတ္တ-ဂျပန်)-ဒေါ်အေးအေးမြင့်၊ ဦးစိုးအောင်-ဒေါ်ခင်နု(ကထိက၊ ရန်ကင်းပညာရေးကောလိပ်)၊ ဦးစောလွင်-ဒေါ်မြင့်မြင့်မိုး၊ ဦးမိုးအောင် (ခေတ္တ-အမေရိက)၊ ဦးစိုးမောင်-(ဒေါ် စန်းဝင်း)၊ ဒေါ်စိုးစိုးမြင့်၊ ဦးကိုကိုဇော်-ဒေါ်နီလာရှိန်(ဒုတိယညွှန်ကြားရေးမှူး၊ငါးလုပ်ငန်းဦးစီးဌာန)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၆-၄-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၄-၂၀၁၈ရက် နံနက် ၁၀နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄- ၂၀၁၈ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဦးအောင်မင်း (ပုလောမြို့)အသက်(၇၅)နှစ်
### အသင်းဝင်အမှတ်-၃၃၂၃

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၄)ရပ်ကွက်၊ ရွှေဟင်္သာလမ်းနေ ဒေါ်လှရီ၏ခင်ပွန်းသည် ၁၂-၄-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၄-၂၀၁၈ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **အမှုဆောင်အဖွဲ့**

### မောင်မိုးဇော်သိန်း (စစ်တွေ)
### (ဥပဒေ၊ စတုတ္ထနှစ်၊ ဒဂုံတက္ကသိုလ်)
### အသက်(၂၈)နှစ်

စစ်တွေမြို့၊ ကမ်းနားလမ်းနေ (ဦးအေးထွန်း-ဒေါ်ကြာဇံလှ)(ပိုးဝါထီဆိုင်)တို့၏မြေး၊ ဦးအောင်ဒိုး-ဒေါ်ဦးမြသိန်း၊ မသိန်းအေး၊ ဦးအောင်ကျော်မြင့်-ဒေါ်သိန်းနုအေး(အလပြ-ဘောင်းဒွတ်သားစု)၊ (ဦးအောင်ခင်ဇော်)-ဒေါ်လှမြသိန်း(အထက-ခွဲ၊ရေတပ်၊ ကျောင်းအုပ်)၊ ဦးစံရွှေသိန်း(တရားသူကြီး-မြေပုံ)-ဒေါ်စုစုခိုင်၊ ဦးရွှေဘော်-ဒေါ်ခင်သန်းဝင်း (ရွှေပန်းခိုင်၊ ထမင်းဆိုင်)တို့၏တူ၊ ရန်ကုန်မြို့၊ ယုဇနဥယျာဉ်မြို့တော်၊ (အေ)(၁၀)လမ်း၊ တိုက်(၄)၊ အခန်း ၄၀၃နေ (ဦးထွန်းအောင်ဖြူ)-ဒေါ်ဝေနုဖြူတို့၏မြေး၊ ဦးမောင်အေးသန်းတို့၏တူ၊ ဦးရွှေသိန်းမောင်-ဒေါ်ဦးမြသိန်းတို့၏သား၊ မမြနှင်းပန်းဝေ-ကိုတင်ဝင်းမောင်တို့၏မောင်၊ မောင်ခိုင်လင်းဝေ၊ မောင်ကောင်းခန့်ဇော်တို့၏အစ်ကိုသည် ၁၈-၄-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့်၂၀-၄-၂၀၁၈ ရက် (သောကြာနေ့)ညနေ၄နာရီတွင်ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/9577 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4382 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ ကွမ်းခြံလမ်း၊ ကွမ်းခြံအကွက်၊ ဦးပိုင်(၉၆၊ ၉၇၊ ၁၀၁)၊ ဧရိယာ ၀ဒသမ၁၂၈ဧကရှိ ဂရန်မြေကို ဦးဇော်မျိုးလွင် အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၁၀/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၆၄)၊ မြေယာအမှတ်(၃၆၄)၊ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်လျှောက် ထားနိုင်ရေးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ (၁-က) စာရင်းတွင် ရေးသွင်းထားခြင်းမရှိပါသဖြင့် ဦးအောင်ဇော်မင်းမှ စာရင်းရေးသွင်းနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားနှင့် ဒါကာမြို့သို့ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ သတင်းစဉ်

# မောင်တောဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက် နှစ်နိုင်ငံအကြား ပြန်လည်လက်ခံရေးဆိုင်ရာ သဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရန် ဆောင်ရွက်လျက်ရှိ၊ မိမိတို့ဆန္ဒအလျောက် ပြန်လည်လာရောက်မည့်သူများကို မြန်မာနိုင်ငံအနေဖြင့် လက်ခံရန် အသင့်ရှိ

**ရန်ကုန် မေ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားနှင့် ဒါကာမြို့သို့ ၁၁-၅-၂၀၁၈ ရက်မှ ၁၃-၅-၂၀၁၈ ရက်အထိ သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့သည့်

စာမျက်နှာ ၆ ကော်လံ ၁ ✻



မြန်မာအမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ - စိုးညွန့်

## မြန်မာအမျိုးသမီးအသင်း ယနေ့ ပြန်လည်လေ့ကျင့်မည်

**ရန်ကုန် မေ ၁၉**

၂၀၁၈ အာဆီယံ အမျိုးသမီးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးအသင်းသည် မေ ၂၀ ရက် (**ယနေ့**)တွင် လေ့ကျင့်မှု ပြန်လည်ပြုလုပ်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် သင်္ကြန်ကာလကြောင့် လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်ပြီး ယနေ့မှစတင်ကာ

စာမျက်နှာ ၇ ကော်လံ ၃ ◆

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ပြည်သူ့လွှတ်တော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။**

## အင်္ဂလန်ကလပ် လိဒ်ယူနိုက်တက်အသင်း မြန်မာနိုင်ငံ၌ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်

ရန်ကုန် မေ ၁၉

**အင်္ဂလန်ကလပ် လိဒ်ယူနိုက်တက်အသင်းသည် မေလ ဒုတိယပတ်တွင် မြန်မာနိုင်ငံသို့ လာရောက်၍ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လိဒ်ယူနိုက်တက်အသင်းနှင့် ခြေစမ်းရန် မြန်မာ့လက်ရွေးစင်အသင်း MNL All Star အသင်းတို့ကို ရွေးချယ်ထားပြီး ရန်ကုန်မြို့၌ တစ်ပွဲ၊ မန္တလေးမြို့တွင် တစ်ပွဲ ကျင်းပမည်ဖြစ်သည်။**

လိဒ်ယူနိုက်တက်အသင်းသည် မေ ၇ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး မေ ၉ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ MNL All Star အသင်း၊ မေ ၁၁ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လိဒ်ယူနိုက်တက် အသင်းသည် ၂၀၁၇-၂၀၁၈ ရာသီ အင်္ဂလန်လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးပွဲအဖြစ် မေ ၆ ရက်တွင် QPR အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယင်းပွဲအပြီး နောက်ရက်တွင် မန်ချက်စတာမြို့မှ တစ်ဆင့် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။ ခြေစမ်းပွဲ နှစ်ပွဲစလုံးကို ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် ငွေကျပ် ၄၀၀၀၊ ၃၀၀၀၊ ၂၀၀၀ သတ်မှတ်ထားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻



လိဒ်ယူနိုက်တက်နှင့် ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းသားများအား တွေ့ရစဉ်။ ဓာတ်ပုံ - စိုးညွန့်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်သူ့လွှတ်တော် (၂)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များ

**နန္ဒာဝင်း**




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**အဝါနုရောင်တွင် အနီရောင်ဖြင့် အနားသတ်ထားသော အုတ်ကွက်သဏ္ဌာန်နံရံများ၊ အနီရောင် အမိုးချွန်ချွန် အဆောက်အအုံများက ရှေ့နောက် စီစီရီရီ။ ဘေးဖက်တွင် ခရေပင်၊ ကံ့ကော်ပင်တန်းများ၊ အလှစိုက်စက္ကူပန်းပင်များ၊ မြက်ခင်းစိမ်းများနှင့်အတူ ခေတ်မဆန်လွန်းဘဲ ခေတ်မီအဆောက်အအုံများဖြင့် လှပသက်ဝင်လျက်ရှိသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် မဏ္ဍိုင်သုံးရပ်တွင် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပင် ဖြစ်သည်။**

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဥပဒေအသစ်များ ရေးဆွဲခြင်း၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို ဒီမိုကရေစီကျင့်စဉ်နှင့် ညီညွတ်မှု ရှိ/မရှိ လေ့လာစိစစ်ပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ရာနေရာလည်း ဖြစ်သည်။

**ပြည်သူတို့အတွက် လွှတ်တော်၏တာဝန်**

ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ပါဝင်သည့် အဆိုပါလွှတ်တော်၏ ဒုတိယအကြိမ် သတ္တမပုံမှန် အစည်းအဝေးများက ဇန်နဝါရီလ ၁၅ ရက်က စတင်ခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးကာလ နှစ်လခွဲအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တာဝန်မှ နုတ်ထွက်ခြင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ကို ဥက္ကဋ္ဌ တာဝန်ပေးအပ်ခြင်း၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တာဝန်မှ အနားယူသွားသည့်အတွက် နိုင်ငံတော်သမ္မတအသစ် ရွေးချယ်ခြင်းတို့သည် ပြည်သူတို့အတွက် လွှတ်တော်၏ တာဝန်ကျေပွန်မှုများပင် ဖြစ်သည်။

"ပြည်သူ့လွှတ်တော်အနေနဲ့ ၂၀၁၈ခုနှစ် မတ်လ ၂၁ ရက်နေ့မှာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနေရာ လစ်လပ်သွားတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၃၁) ရက်မြောက် မတ်လ ၂၂ ရက်နေ့မှာ ကွတ်ခိုင်မဲဆန္ဒနယ်က ကျွန်တော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးဝင်းမြင့်ထံက လုပ်ငန်းတာဝန်များကို လွှဲပြောင်းလက်ခံရယူခဲ့ပါတယ်။ ဒ့ါအပြင် နောင်ချို မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အရင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါတယ်"ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြောသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းရေး**

ပြည်သူ့လွှတ်တော်သည် အာဏာသုံးရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကို ဦးထိပ်ထား၍ ဒီမိုကရေစီ စံနှုန်းစံထားများ ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေများပြဋ္ဌာန်းရေးနှင့် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲမထားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းရေးဆိုသည့် မူဝါဒကို ချမှတ်ကျင့်သုံးလျက်ရှိသည်။

**ပြည်သူ့လွှတ်တော်၏ ရည်မှန်းချက်များ**

ထို့အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရန်၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးရရှိအောင် ဖော်ဆောင်ရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးတည်ရန်၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းနှင့် တရားမျှတခြင်းဟူသော လောကပါလတရားများ ထွန်းကားရန်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားရေးနှင့် စွမ်းရည်တိုးတက်ရေးအတွက် ဆောင်ရွက်ရန်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း အချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်တို့မှာလည်း ပြည်သူ့လွှတ်တော်၏ ရည်မှန်းချက်များပင် ဖြစ်သည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်သူ့လွှတ်တော်၏ အမြဲတမ်းကော်မတီ (၄)ရပ်ဖြစ်သည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေး ကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ကိုယ်စားလှယ် ၁၅ ဦးစီဖြင့် ဖွဲ့စည်းခဲ့သည်။

*အချပ်ပို(ခ)သို့*




၂၃-၃-၂၀၁၈ ရက်က ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို တွေ့ရစဉ်။




(၃၈)ကြိမ်မြောက် အာဆီယံပါလီမန်များအထွေထွေညီလာခံကို ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ရာ အစည်းအဝေးတက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို(က)မှ*

ထို့ပြင် လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန် နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဟူသည့် ကော်မတီ (၁၅) ခုကို ဖွဲ့စည်းထားရှိပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်း သတ်မှတ်ပေးကြောင်း သိရသည်။

### ဥပဒေများကို ပြဋ္ဌာန်း

လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ဒီမိုကရေစီ စံချိန်စံညွှန်းနှင့် ညီညွတ်ခြင်းမရှိသော၊ လူ့အခွင့်အရေးစံနှုန်းစံထားနှင့် မကိုက်ညီသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

"ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းရဲ့ (၂)နှစ်တာ ကာလအတွင်း ၃၀-၃-၂၀၁၈ ရက်နေ့အထိ အသစ်ပြဋ္ဌာန်း ဥပဒေ (၇)ခု၊ တည်ဆဲဥပဒေကို ရုပ်သိမ်း၍ အသစ်ပြဋ္ဌာန်း ဥပဒေ(၁၀) ခု၊ ပြင်ဆင်သည့် ဥပဒေ (၂၄)ခု၊ ရုပ်သိမ်းသည့် ဥပဒေ(၉)ခု၊ အမျိုးသားစီမံကိန်း၊ ဘဏ္ဍာငွေအရအသုံးနဲ့ အခွန်အကောက်ဆိုင်ရာ ဥပဒေ (၈) ခု၊ ဥပဒေစုစုပေါင်း (၅၈) ခု ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဥပဒေတွေအနက်က အချို့ကို အကျဉ်းချုပ်တင်ပြရမယ်ဆိုရင် သက်ကြီးရွယ်အိုတွေအတွက် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု ရရှိနိုင်စေရေး၊ ဘေးကင်းစိတ်ချ လုံခြုံရတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု ရရှိနိုင်စေရေးတို့အတွက် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေနှင့် နိုင်ငံသားတွေရဲ့ဘဝ လုံခြုံမှု၊ စိတ်လုံခြုံမှုရရှိနိုင်ရေးနှင့် ဆုံးရှုံးနစ်နာမှုမရှိစေရေးတို့အတွက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေတို့ကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်"ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောသည်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတင်းအချက်အလက်များရရှိရန် သုတေသနဝန်ထမ်းများက ဝန်ဆောင်မှုပေးစဉ်။

### ဆည်မြောင်းဥပဒေပြဋ္ဌာန်းပေး

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ သယံဇာတများကို အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ တူးဖော်ထုတ်လုပ်နိုင်စေရန်၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွား ထိခိုက်မှုများ အနည်းဆုံးနည်းလမ်းဖြင့် ဆောင်ရွက်နိုင်စေရန်တို့အတွက် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကိုလည်းကောင်း၊ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆည်မြောင်းနှင့် ရေနုတ်မြောင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရန်၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပါအဝင် ဒေသတွင်း ရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစေရန်၊ ဆည်မြောင်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရန်တို့အတွက် ဆည်မြောင်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

"ဒါ့အပြင် လွှတ်တော်အချင်းချင်း လုပ်ငန်းအတွေ့အကြုံ ဖလှယ်ရေးနှင့် စွမ်းရည်တိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာ လွှတ်တော်ဆိုင်ရာအဖွဲ့နှင့် အာဆီယံပါလီမန်များညီလာခံအပါအဝင် နိုင်ငံတကာနှင့် ဒေသအတွင်း လွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကိုလည်း ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်" ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆိုသည်။

### မေးခွန်း ၅၀၁၄ ခုကို ဖြေကြား

ပြည်သူ့လွှတ်တော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ရသော အများပြည်သူဆိုင်ရာကိစ္စများ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ခံထားသော အုပ်ချုပ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်စေသည့် ကိစ္စရပ်များကို မေးမြန်းခဲ့သော မေးခွန်းများမှ ကြယ်ပွင့်ပြ နှုတ်ဖြေ ၁၁၀၆ ခု၊ ကြယ်ပွင့်ပြစာဖြေ ၂၂၀ နှင့် ကြယ်ပွင့်မပြမေးခွန်း ၃၆၈၈ ခု စုစုပေါင်း မေးခွန်း ၅၀၁၄ ခုကို ဖြေကြားပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၂)နှစ်တာကာလအတွင်း အဆို ၈၄ ခုတင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ၃၃ ခု၊ မှတ်တမ်းတင်အဆို ၄၆ ခု၊ အတည်မပြုအဆို ၃ ခု၊ ရုပ်သိမ်းအဆို ၁ ခုနှင့် ဆက်လက်ဆောင်ရွက်ရန်မသင့်အဆို ၁ ခုတို့ ပါဝင်သည်။ ယင်းအဆိုများအနက် အုပ်ချုပ်ရေးကဏ္ဍဆိုင်ရာအဆို ၁၃ ခု၊ ပညာရေးကဏ္ဍဆိုင်ရာအဆို ၄ ခု၊ ကျန်းမာရေးကဏ္ဍဆိုင်ရာအဆို ၉ ခု၊ လူမှုရေးကဏ္ဍဆိုင်ရာအဆို ၃ ခုနှင့် အခြားကဏ္ဍများဆိုင်ရာအဆို ၅၅ ခု တို့ဖြစ်ပြီး စုစုပေါင်းအဆို ၈၄ ခုတွင် အရေးကြီးအဆို ၁၁ ခုနှင့် ရိုးရိုးအဆို ၇၃ ခုတို့ ပါဝင်သည်။

*အချပ်ပို(ဂ)သို့*



ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းတင်လက်မှတ်ရေးထိုးကြစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

“လွှတ်တော်မှာ အတည်ပြုနိုင်ခဲ့တဲ့ အဆိုတွေ အနက် အဆိုအချို့ကို ထုတ်နုတ်တင်ပြရမယ်ဆိုရင် နိုင်ငံတစ်ဝန်းမှာ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးစေရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရန်အဆို၊ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်နှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြရသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးရေးအဆိုတို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်” ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြောသည်။

**နိုင်ငံတော်အဆင့် မူဝါဒချမှတ်**

“ဒါ့အပြင် ကျန်းမာရေးကဏ္ဍအနေနဲ့လည်း ကျန်းမာသန်စွမ်းသော အနာဂတ်လူငယ်များ ဖြစ်ထွန်း ပေါ်ပေါက်လာစေရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းတွေကို နိုင်ငံတော်အဆင့် မူဝါဒချမှတ်ကာ သင့်လျော်သော ဘဏ္ဍာငွေကို နှစ်စဉ်ထည့်သွင်းသတ်မှတ်ပြီး နိုင်ငံတော်နဲ့ ဆီလျော်ကိုက်ညီတဲ့ နည်းလမ်းကောင်းတွေကို အသုံးပြုလျက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့အတူ ဆက်စပ်နီးနွယ်တဲ့ ဝန်ကြီးဌာနတွေ ပေါင်းစပ်ညှိနှိုင်းပြီး ရေရှည်စီမံချက်တစ်ရပ်ရေးဆွဲဆောင်ရွက်ပေးပါရန် အဆိုနဲ့ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်အားကစားသမားတွေ ထွက်ပေါ်လာစေရန် ကျေးလက်ဒေသမှ မြို့ပြများအထိလည်းကောင်း၊ အခြေခံကျောင်းများမှ တက္ကသိုလ် ကောလိပ်များအထိလည်းကောင်း အားကစားပြက္ခဒိန်များ ရေးဆွဲ၍ ပြိုင်ပွဲများပြုလုပ်ပေးရန် အဆိုတို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ခဲ့ပါတယ်”ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

ပညာရေးကဏ္ဍအတွက် မြန်မာ့ပညာရေး ပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အစိုးရအနေဖြင့် ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel ) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် အဆိုကိုလည်း အတည်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။

“နိုင်ငံတစ်ဝန်းရှိ သဘာဝရေအရင်းအမြစ်များ လျော့နည်းပျက်စီးမှု ကာကွယ်နိုင်ရေး မူလရေအရင်းအမြစ်၊ သဘာဝရေထွက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဦးစားပေးအဆင့်သတ်မှတ်ကာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ ချမှတ်လမ်းညွှန်ပေးပါရန် အဆိုနှင့် တည်ဆောက်ရေး လုပ်ငန်းများအား အရည်အသွေးမီစေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေ အလေအလွင့်မရှိစေရန်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းတွေမှာ Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အဆိုတို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်” ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြောသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း (၁-၂-၂၀၁၆ မှ ၂၁-၃-၂၀၁၈ အထိ) ကိုရီးယားနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရ အချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားမိတ်ဖက်ဆက်ဆံရေးကို အခြေခံပြီး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတကာလွှတ်တော်များမှ ချစ်ကြည်ရေး



၂၂-၃-၂၀၁၈ ရက်က ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်တို့ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြစဉ်။

လာရောက်မှုအနေဖြင့် ဆွီဒင်လွှတ်တော် ဥက္ကဋ္ဌ H. E. Mr. Urban Ahlin ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားအမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E.Mr. Chung Sye-kyun ကိုယ်စားလှယ်အဖွဲ့များ လာရောက်ခဲ့ကြသည်။

**ဝန်ထမ်းများ စွမ်းရည်မြှင့်တင်**

ပြည်ပသို့သည် တွေ့ဆုံမှုများတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ နိုင်ငံတကာမှ ဝန်ကြီးချုပ်များ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် သံအမတ်ကြီးများအပါအဝင် တွေ့ဆုံမှုပေါင်း ၁၄၀ ရှိခဲ့သည်။ ထိုသို့ တွေ့ဆုံစဉ် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ၊ လွှတ်တော် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ကူညီပံ့ပိုးရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော်အနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်၍ ဉပ္ပါတသန္တိစေတီတော်၌ တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ မွေတော်ကက္ကူ ဘုရားရှိ စေတီတော်များ ပြုပြင်ရေးအတွက် လှူဒါန်းခြင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စစ်ဘေးရှောင် ကျောင်းသား ကျောင်းသူများအတွက် လှူဒါန်းခြင်း၊ ဒေသအသီးသီး၌ ဖြစ်ပေါ်လျက်ရှိသော ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းခြင်း၊ ပုဂံ-ညောင်ဦး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရှေးဟောင်းစေတီ၊ သာသနိကအဆောက်အအုံများ ပြင်ဆင်ရန် လှူဒါန်းခြင်း၊ သက်ကြီးသတင်းစာပညာရှင်များ ကန်တော့ပွဲအတွက် အလှူငွေလှူဒါန်းခြင်း၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်အတွင်းရှိ စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများသို့ လှူဒါန်းထောက်ပံ့ခြင်း၊ တပ်မတော်လေယာဉ် (Y-8-200F ၊ လေယာဉ်အမှတ်-၅၈၂၀ ) မတော်တဆပျက်ကျမှုတွင် သေဆုံးသွားသည့် အရာရှိ၊ စစ်သည် မိသားစုများကို ထောက်ပံ့ခြင်း၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီသို့ ထောက်ပံ့လှူဒါန်းခြင်း၊ ရောဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခရီးစဉ်များတွင် စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများသို့ အလှူဒါနများ ပြုလုပ်ခဲ့သည်။

**လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေး**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း (၁-၂-၂၀၁၆ မှ ၂၁-၃-၂၀၁၈ ရက်နေ့အထိ) ဒုတိယဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များ အပြင် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌအဖြစ် ပူးတွဲဆောင်ရွက်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များ အပြည့်အဝရရှိရန်၊ တောင်ကိုရီးယားနိုင်ငံ၊ ဖိလစ်ပိုင်နှင့် ရုရှားနိုင်ငံတို့သို့ နိုင်ငံတကာ လွှတ်တော်အစည်းအဝေးများ တက်ရောက်ရန် နိုင်ငံခြားခရီးစဉ် သုံးကြိမ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများကို လက်ခံတွေ့ဆုံမှု ၃၈ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလကတည်းကပင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌအဖြစ် (၂-၅-၂၀၁၆ မှ ယနေ့အထိ) မြန်မာလွှတ်တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ JCC နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော မိတ်ဖက်အဖွဲ့အစည်း ၁၃ ခုရှိသည့်အနက် Hanns Seidel Foundation (HSF) ၊ Westminster Foundation for Democracy (WFD/ HoC) ၊ National Democratic Institute (NDI) ၊ Foundation Hirondelle နှင့် Forum of Federation စသောအဖွဲ့ (၅)ခုနှင့် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို ဆောင်ရွက်ရန် MoU လက်မှတ်ရေးထိုးထားပြီး လွှတ်တော်ရုံး ဝန်ထမ်းများအတွက် အလုပ်ရုံဆွေးနွေးပွဲ ၆၂ ကြိမ်နှင့် သင်တန်းပေါင်း ၈၈ ကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည်။

ဝန်ထမ်းများကိုလည်း ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ခေါ်ယူသည့် သင်တန်းများသို့ ၈၃ ဦး၊ မြန်မာ- စင်ကာပူသင်တန်း (ရန်ကုန်)သို့ ၄၁ ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ခေါ်ယူသည့် သင်တန်းများသို့ ၂၆ ဦး၊ ဌာနတွင်းသင်တန်းများသို့ ၁၈၅ ဦး စုစုပေါင်း ၃၃၅ ဦး တက်ရောက်နိုင်ခဲ့ပြီး ပြည်ပသို့ လေ့လာရေးသွားရောက်မှုပေါင်း အကြိမ် (၂၀) တွင် ဝန်ထမ်းဦးရေ ၃၇ ဦး စေလွှတ်နိုင်ခဲ့သည်။ နိုင်ငံခြားပညာတော်သင် စေလွှတ်မှုအနေဖြင့် သင်တန်းပေါင်း ၁၅ ခုတွင် ဝန်ထမ်းဦးရေ ၁၈ ဦး တက်ရောက်နိုင်ခဲ့သည်။

**နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့် အခွင့်အရေး**

ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသော အမြဲတမ်းကော်မတီ ၄ ခုနှင့် ယာယီကော်မတီ ၁၅ ခုတို့သည် ကော်မတီအလိုက် ဥပဒေများနှင့် ပတ်သက်၍ လည်းကောင်း၊ တင်ပြစာများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကော်မတီများအနေဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် လက်ခံတွေ့ဆုံခဲ့ရာတွင် ပြည်တွင်း ၁၄၁ ကြိမ်၊ ပြည်ပ ၂၃၂ ကြိမ် စုစုပေါင်း ၃၇၃ ကြိမ် တွေ့ဆုံခဲ့သည်။

ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများအပါအဝင် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များသွားရောက်ခဲ့သည့် သွားရောက်မှုပေါင်း ၉၆ ကြိမ်တွင် ကိုယ်စားလှယ်ပေါင်း ၂၂၁ ဦး စေလွှတ်နိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ပြည်သူလူထုမှ လွယ်ကူအဆင်ပြေချောမွေ့စွာဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပနေပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ Skynet တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသပေးသည့်အပြင် လွှတ်တော်ရုပ်သံလိုင်းမှလည်း ပြန်လည်ထုတ်လွှင့်ပြသပေးလျက်ရှိသည်။

*အချပ်ပို(ဃ)သို့*



ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပပုံကို လာရောက်လေ့လာသူများအား တွေ့ရစဉ်။


ပြည်သူ့လွှတ်တော် အဆောက်အအုံကို တွေ့ရစဉ်။

**"ပြည်သူ့လွှတ်တော်သည် အာဏာ သုံးရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကိုဦးထိပ်ထား၍ ဒီမိုကရေစီ စံနှုန်းစံထားများ ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေများ ပြဋ္ဌာန်းရေးနှင့် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲမထားဘဲ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ပြဋ္ဌာန်းရေး ဆိုသည့် မူဝါဒကို ချမှတ်ကျင့်သုံး လျက်ရှိ"**

*အချပ်ပို(ဂ)မှ*

ထို့ပြင် ကမ္ဘာအရပ်ရပ်သို့ ရောက်ရှိနေကြသည့် မြန်မာပြည်သူလူထုများ ကြည့်ရှုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် လူမှုကွန်ရက်စာမျက်နှာမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသခြင်းနှင့် ပြည်သူ့လွှတ်တော် ဝက်ဘ်ဆိုက်တွင် အစည်းအဝေးဗီဒီယိုဖိုင် လွှင့်တင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ**

ပြည်သူ့လွှတ်တော် ဝက်ဘ်ဆိုက်ဖြစ်သည့် www.pyithu.hluttaw.mm တွင် စုစုပေါင်း ကဏ္ဍ ၁၁ ခုဖြင့် ဖွဲ့စည်းထားပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မတီ/ကော်မရှင်၊ မိန့်ခွန်းကြေညာချက်များနှင့် အခြားဆက်စပ်သတင်းများအား "သတင်းနှင့်ပြန်ကြားရေးကဏ္ဍ" တွင် လည်းကောင်း၊ ပြည်သူ့လွှတ်တော်၏ ပုံမှန်အစည်းအဝေးသတင်းများ၊ အဆိုများနှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပသည့် ရုပ်သံသတင်းများကို "ပြည်သူ့လွှတ်တော်အစည်းအဝေးကဏ္ဍ"တွင် လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများ၊ ကော်မရှင်များ၊ အဖွဲ့ဝင်များ၊ တာဝန်များကို "ပြည်သူ့လွှတ်တော် ကော်မတီ၊ ကော်မရှင်ကဏ္ဍ"တွင်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ပြဋ္ဌာန်းပြီးသော ဥပဒေများ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ လွှတ်တော်ကိုယ်စားလှယ်လမ်းညွှန်နှင့် လွှတ်တော်ကိုယ်စားလှယ် လက်စွဲစာအုပ်များကို ဒေါင်းလုပ်ရယူနိုင်ရန် "ပြည်သူ့လွှတ်တော် ဥပဒေဆိုင်ရာကဏ္ဍ"တွင် လည်းကောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာ ပါလီမန်နှင့် ဆက်စပ်သော သုတေသနဆိုင်ရာ စာတမ်းများကိုဖတ်ရှုနိုင်ရန် "ပြည်သူ့လွှတ်တော် သုတေသနကဏ္ဍ"တွင် လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

ပြည်တွင်း၊ ပြည်ပမှ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာလိုသူများသည် အွန်လိုင်းမှ လွယ်ကူစွာ အမည်စာရင်းပေးနိုင်ရန် လွှတ်တော် လေ့လာရေးကဏ္ဍ၊ ပြည်သူ့လွှတ်တော်၏ နောက်ဆုံးရသတင်းများကဏ္ဍ၊ ပြည်သူများ၏ အကြံပြုစာများအား ပေးပို့နိုင်ရန် "ပြည်သူ့လွှတ်တော်သို့ ပြည်သူ့အသံ တင်ပြတောင်းခံကြပါစို့"ကဏ္ဍ၊ ပြည်သူ့လွှတ်တော်၏ သတင်းများကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ခြင်းကို The Global New Light of Myanmar မှ အကိုးအကားရယူ၍ ENGLISH VERSION ကဏ္ဍ၊ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားသော ဥပဒေများကို စုစည်းတင်ပြထားသည့် ပြည်သူ့လွှတ်တော် Law Database ကဏ္ဍတို့တွင်လည်း သက်ဆိုင်ရာကဏ္ဍအလိုက် လေ့လာကြည့်ရှုနိုင်ရန် ဆောင်ရွက်ပေးထားသည်။

**ဝက်ဘ်ဆိုက်များနှင့် ချိတ်ဆက်ပေးထား**

ထိုနည်းတူ လွှတ်တော်နှင့် ဆက်စပ်သော အခြား ဝက်ဘ်ဆိုက်များသို့ အလွယ်တကူကြည့်ရှုနိုင်စေရန် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးတို့၏ ဝက်ဘ်ဆိုက်များနှင့် ချိတ်ဆက်ပေးထားသည်။

ပြည်သူ့လွှတ်တော် လူမှုကွန်ရက်စာမျက်နှာ ဖေ့ဘုတ်တွင်လည်း ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များ၊ နေ့စဉ်အစည်းအဝေး မှတ်တမ်း အကျဉ်းချုပ်များ၊ မေးခွန်းနှင့် အဖြေများကို အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုထံ သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ရုံးဝန်ထမ်းအရာရှိများ အသုံးပြုရန် ပြည်သူ့လွှတ်တော် အီးမေးလ်ကို ကိုယ်ပိုင် Domain (--------@pyithuhluttaw.gov.mm) ဖြင့် သုံးစွဲနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ထားရှိပြီး ယခုအခါ UNDP/IPU ၏ အကူအညီဖြင့် Sharepoint Intranet စနစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ အသုံးပြုနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ သတင်းအချက်အလက်များ အလွယ်တကူရရှိရန်၊ ဥပဒေပြုလုပ်ငန်းစဉ်များအတွက် လိုအပ်သော သတင်းအချက်အလက်များဖြင့် အထောက်အကူပြု၍ လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန် ရည်ရွယ်၍ သုတေသနဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ Research Enquiry Desk ဖွင့်လှစ်၍ သုတေသနဝန်ထမ်းများမှ လွှတ်တော်ကိုယ်စားလှယ်များအား သုတေသနဝန်ဆောင်မှုလုပ်ငန်း၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ ကိုယ်စားလှယ်များမေးမြန်းသော မေးခွန်းများကို အချက်အလက်များ ရှာဖွေပြုစု၍ ဖြေကြားပေးလျက်ရှိသည့်အပြင် UNDP နှင့် ပူးပေါင်း၍ Drop in Service ကောင်တာ ဖွင့်လှစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၂)နှစ်တာ ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ စုံစမ်းမေးမြန်းမှု ၈၂၆ ခုကိုလက်ခံဆောင်ရွက်ပေးခဲ့သည်။ သုတေသနစာတမ်းတိုများ ပြုစုဖြန့်ဝေခြင်းအနေဖြင့် ကော်မတီမှ စာတမ်းတိုစုံစမ်းမေးမြန်းမှုမေးခွန်း ၇ ခုနှင့် သုတေသနစာတမ်းတို ၃၉ စောင်၊ မျက်မှောက်ရေးရာ သတင်းလွှာစာစောင် ၂၇ စောင်နှင့် Statistical Bulletin စာတမ်းတို ၇ စောင် ထုတ်ဝေနိုင်ခဲ့သည်။ Electronic-Service ဝန်ဆောင်မှုအနေဖြင့် အီးမေးလ်ဖြင့် ပေးပို့ဆက်သွယ်သည့် ဝန်ဆောင်မှုကို ဆောင်ရွက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းကာလအတွင်း နိုင်ငံရေး ပါတီ လေးခုမှ လူဦးရေပေါင်း ၃၄၇၀၊ တက္ကသိုလ်/ကောလိပ်/အခြေခံပညာကျောင်း (၆၅)ခုမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူပေါင်း ၁၉၁၀၁ ဦး၊ အရပ်ဘက်အဖွဲ့အစည်း (၁၁၃)ဖွဲ့မှ လူဦးရေပေါင်း ၁၀၈၆၂ ဦး၊ လူငယ်အဖွဲ့အစည်း (၅) ဖွဲ့မှ လူဦးရေပေါင်း ၃၇၇ ဦးနှင့် နိုင်ငံခြားသားဧည့်သည် ၁၅၁၇ ဦး၊ စုစုပေါင်း ၃၅၃၂၇ ဦးတို့ ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာခွင့်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် တွေ့ဆုံခွင့် တောင်းခံလာသည့် အဖွဲ့ပေါင်း (၃၈)ဖွဲ့ လူဦးရေပေါင်း ၁၀၉၀ ကို လက်ခံတွေ့ဆုံခဲ့သည်။

ပြည်သူ့လွှတ်တော် အစည်းအဝေးများ၊ အခမ်းအနားများသို့ လာရောက်သတင်းယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းဌာနများမှ မီဒီယာများကိုလည်း လာရောက်သတင်းရယူခွင့်ပြုလျက်ရှိသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းစာရှင်းလင်းပွဲ လေးကြိမ် ပြုလုပ်ခဲ့ရာ သတင်းမီဒီယာ ၃၃ ခုမှ သတင်းသမား ၂၀၅ ဦး တက်ရောက်ခဲ့ပြီး မေးမြန်းသော မေးခွန်းများကို ဖြေကြားပေးနိုင်ခဲ့သည်။

**ဥပဒေပြုရေးအခန်းကဏ္ဍ**

ပြည်သူ့လွှတ်တော်အနေဖြင့် ဒုတိယအကြိမ် လွှတ်တော်များ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ခရီးလမ်းသည် (၂)နှစ်တာဆိုသည့် အချိန်ကာလတစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်သည်။ အဆိုပါကာလအတွင်း နိုင်ငံသူ နိုင်ငံသားများ လိုလားတောင့်တနေသော ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးတို့အတွက် ဥပဒေပြုရေးအခန်းကဏ္ဍမှ လျှောက်လှမ်းလျက်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအသီးသီးမှ ပြည်သူများ၏ လိုလားတောင့်တချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုများကို တတ်စွမ်းသမျှ ဖြည့်ဆည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြသည်။


ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်များ အစည်းအဝေးအပြီး ပြန်လည်ထွက်ခွာစဉ်။

**လွှတ်တော်၏ အဓိက တာဝန်ဖြစ်သော ဥပဒေပြုရေးအာဏာကို ကျင့်သုံး ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ဒီမိုကရေစီ စံချိန်စံညွှန်းနှင့် ညီညွတ်ခြင်းမရှိသော၊ လူ့အခွင့်အရေး စံနှုန်းစံထားနှင့် မကိုက်ညီသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိ**

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့်အားလျော်စွာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်လေးစားမှု၊ အပြန်အလှန် နားလည်မှုရှိစွာဖြင့် ထိန်းကျောင်းဆောင်ရွက်လျက် ရှိကြသည်။

**အပြန်အလှန်လေးစားမှု**

လွှတ်တော်အနေဖြင့် ဥပဒေပြုရေးသာမက ပြည်ထောင်စုအစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း အစဉ်တစိုက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ၊ ဒီမိုကရေစီကျင့်စဉ်များကို လေးစားလိုက်နာပြီး နိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လိုသည့်စိတ်တို့ဖြင့် **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံအကျိုး၊ နိုင်ငံသူ နိုင်ငံသားများအကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိပါကြောင်း။ ။

# အမှောင်ခွင်း၍ ပြည့်ဝင်ငွေတိုးစေမည့် လျှပ်စစ်နှင့် စွမ်းအင်

■ ခင်ရတနာ ■

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် စက်မှု လက်မှုလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်ရေး၊ နိုင်ငံတော်ဓာတ်အားစနစ် တည်ငြိမ်ရေးနှင့် ပို့အားပြည့်ဝစွာ ဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို ဆောင်ရွက်အကောင်အထည်ဖော်ခြင်း၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို သက်သာစွာဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေးဆောင်ရွက်ခြင်းနှင့် နိုင်ငံ့အတွက် ဘဏ္ဍာငွေတိုးပွားစေမည့် စွမ်းအင်ထုတ်လုပ်ရေးနှင့် ရောင်းချရေးလုပ်ငန်းများ၊ ဖြန့်ဖြူးရေးနှင့် သွယ်ယူရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။



လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



မွန်ပြည်နယ် သထုံမြို့ရှိ ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

**သုံးနှစ်အတွင်း ဓာတ်အားတစ်ဆရှာဖွေရ**

ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝပြီး ဝန်ဆောင်မှုကောင်းသည့် လျှပ်စစ်ဖြန့်ဖြူးမှုဖြစ်ရန်လိုအပ်ပြီး ခန့်မှန်းတွက်ချက်မှုအရ လာမည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် မဂ္ဂါဝပ် ၆၀၀၀ခန့် လိုအပ်မည်ဖြစ်ကြောင်း သိရှိရသည်။ လက်ရှိ ထုတ်လုပ်နိုင်မှုမှာ ၃၀၀၀ မဂ္ဂါဝပ်ကျော်သာ ရှိသဖြင့် နောက်ထပ် ၃၀၀၀မဂ္ဂါဝပ်ခန့် ရရှိရန် လိုအပ်နေခြင်းကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနဟာ နှစ်ပေါင်း ၆၀ ကျော် လျှပ်စစ်ဓာတ်အားလိုအပ်မှု အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်နေပါတယ်၊ ပြည်သူလူထု မျှော်လင့်နေတဲ့ လျှပ်စစ်ဓာတ်အားရရှိရေး Supply Chain အတွက် ကြိုးပမ်းနေတာ ဖြစ်ပါတယ်၊ ယနေ့ နိုင်ငံရဲ့လျှပ်စစ်ဓာတ်အားသုံးစွဲမှုက အမြင့်ဆုံး ၃၂၀၀ မဂ္ဂါဝပ်ရှိနေပြီး ပျမ်းမျှ ပုံမှန်သုံးစွဲမှုမှာ ၁၅၀၀ မဂ္ဂါဝပ်သုံးစွဲနေပါတယ်၊ နည်းပညာအရ Technical နဲ့ Non-Technical Losses အနေနဲ့က ၁၇ ရာခိုင်နှုန်းရှိပါတယ်၊ အဲဒီ Losses တွေကို လျော့နည်းကျဆင်းအောင် ကြိုးစားဆောင်ရွက်နေပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားသည်။

**ဓာတ်အားထုတ်လုပ်မှုတိုးတက်လာ**

ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံအတွင်း၌ ဓာတ်အားပေးစက်ရုံအရေအတွက်မှာ ၄၆ ရုံခန့် ရှိခဲ့သည်။ ရုံတပ်ဆင်သည့် အင်အားမှာ ၄၉၅၄ ဒသမ ၁ မဂ္ဂါဝပ် ရှိခဲ့သည်။ သို့သော် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဓာတ်အားပေးစက်ရုံအရေအတွက်မှာ ၅၂ ရုံအထိ ရှိလာခဲ့ပြီး ရုံတပ်ဆင်အင်အားမှာ ၅၇၀၄ ဒသမ ၉ မဂ္ဂါဝပ်အထိ ရောက်ရှိတပ်ဆင်ပေးနိုင်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

နိုင်ငံတော်အစိုးရ၏ နှစ်နှစ်တာ တာဝန်ယူစဉ်ကာလအတွင်း သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံငါးရုံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ခြောက်ရုံတို့မှ ၇၅၀ မဂ္ဂါဝပ်အထိ တိုးတက်ဆောင်ရွက်ထားနိုင်ခဲ့ပြီး ဖြစ်သည်။

ဓာတ်အားပို့လွှတ်ရေး အပိုင်းတွင်လည်း "ဓာတ်အားကို တစ်နိုင်ငံလုံး ဖြန့်ဖြူးပေးနေတဲ့နေရာမှာ ၂၃၀၊ ၁၃၂၊ ၆၆ ကေဗွီဓာတ်အားလိုင်းတွေနဲ့ ပို့လွှတ်ဖြန့်ဖြူးနေတာ ဖြစ်ပါတယ်၊ ဓာတ်အားလိုင်းတွေကို အစိုးရသစ်ရဲ့ နှစ်နှစ်တာကာလအတွင်းမှာ အရေအတွက်အားဖြင့် ၃၁ လိုင်းနဲ့ မိုင်အားဖြင့် ၁၅၉၈ မိုင်၊ ခွဲရုံတွေအနေနဲ့ ၁၂၇ ရုံ၊ ၂၃၇၈ အမ်ဗွီအေ ပြီးစီးအောင်လုပ်ဆောင်နိုင်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ကြက်နိုင်**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ဓာတ်အားခွဲရုံမှတစ်ဆင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများ ပေးအပ်နိုင်ရန်လည်း ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ဒီဇင်ဘာတွင် ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံ တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည်။

ဆက်လက်၍ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းများကိုလည်း ပြီးစီးခဲ့ပြီး လာမည့် ဇွန်လကုန်တွင် ဘူးသီးတောင်ဓာတ်အားခွဲရုံနှင့် ဒီဇင်ဘာလတွင် မောင်တောဓာတ်အားခွဲရုံများ အပြီးသတ်တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယင်းတည်ဆောက်ရေး လုပ်ငန်းများဖြစ်သည့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုငွေ ငွေကျပ် သန်းပေါင်း ၄၀၅၀ ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် လက်ရှိတွင် စရိတ်ငွေကျပ် သန်း ၃၀၃၅ ဒသမ ၃၆သန်း ကုန်ကျခံတည်ဆောက်လျက်ရှိသည်။

**တစ်နိုင်ငံလုံးဓာတ်အားပြည့်ဝရေး ဆောင်ရွက်**

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား အများဆုံးသုံးစွဲရာ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းရေး၊ ပို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ရာ မရမ်းကုန်းမြို့နယ်ရှိ စိန်ပန်းမြိုင်ဓာတ်အားခွဲရုံ၊ ကမာရွတ်မြို့နယ်ရှိ ဦးဝိစာရဓာတ်အားခွဲရုံများကို အဆင့်မြှင့်ခြင်း၊ တောင်ကမ္ဘာအေးဓာတ်အားခွဲရုံအား ၆၆ ကေဗွီဓာတ်အားခွဲရုံအဖြစ် တိုးမြှင့်တည်ဆောက်ခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့သည်။ ပြုပြင်ဆောင်ရွက်မှုများကြောင့် ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား ပို့အားပြည့်ဝသည့်အပြင် ပြတ်တောက်ချိန် လျော့နည်းလာခြင်း၊ ဝန်အားနိုင်နင်းစွာ အသုံးပြုနိုင်ခြင်းနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းသွားခြင်းများကြောင့် အကျိုးကျေးဇူးများ ရရှိလာကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအပြင် မြန်မာနိုင်ငံအနှံ့ မြို့နယ်များစွာတွင် ဓာတ်အားပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး အစိုးရနှစ်နှစ်တာအတွင်း ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း ၆၄၅၃မိုင်နှင့် ခွဲရုံများသည် ၃၄၉၉ အမ်ဗွီအေအထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ကျေးရွာ ၂၇၁၈ ရွာတို့မှ အိမ်ထောင်စုပေါင်း ၇၀၆၀၉၇ စုမှာ နှစ်နှစ်တာအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိခဲ့ပြီး ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ၏ ဓာတ်အားပျောက်ဆုံးမှုကိုလည်း နှစ်နှစ်တာအတွင်း ၃ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**မီတာလေးမျိုးကြိုက်သလောက်သုံး ကျသလောက်ပေး**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်ဓာတ်အားကို မျှတသည့်နှုန်းထားများဖြင့် သုံးစွဲနိုင်ရေးအတွက် မီတာခကောက်ခံသည့် စနစ်သစ်ကို ယခုနှစ် ဧပြီလတွင် စတင်ကျင့်သုံးနိုင်ခြင်းသည်လည်း လျှပ်စစ်ကဏ္ဍ၏ ကောင်းမွန်သည့် အလှည့်အပြောင်းတစ်ခုအဖြစ် ပြည်သူ့အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

"လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ ကျင့်သုံးတဲ့ မီတာစနစ်က ဘယ်နေရာမှာသုံးသုံး မီတာစနစ်တစ်မျိုးတည်းကို သုံးရပါတယ်၊ လျှပ်စစ်ကို များများသုံးတဲ့ နေရာတွေ၊ လိုအပ်တဲ့နေရာတွေမှာတော့ ပြဿနာမရှိပါဘူး၊ လျှပ်စစ်ဓာတ်အားကို

*အချပ်ပို(စ)သို့*



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ ၂၂၅ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနေသည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။



မွန်ပြည်နယ် မော်လမြိုင်ရှိ ၇၈ မဂ္ဂါဝပ် ထုတ်လွှတ်ပေးနေသည့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

*အချပ်ပို(င)မှ*

လိုအပ်သလောက်ပဲ ရယူဖို့သင့်တဲ့ နေရာတွေမှာတော့ မလိုလားအပ်တဲ့ ငွေကြေးကုန်ကျစရိတ်တွေ ရှိနေပါတယ်၊ ကျွန်တော် တာဝန်ယူပြီးတဲ့နောက် မီတာလေးမျိုးစနစ်ကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်၊ ဘာဖြစ်လို့ ဒီစနစ်ကို အမြန်ဆုံးဆောင်ရွက်ရသလဲဆိုရင် ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ကို စပြီးအသုံးပြုမယ့်သူဟာ နိုင်ငံ့လူဦးရေရဲ့ ၆၀ ရာခိုင်နှုန်း ကျန်ရှိနေသေးလို့ ဖြစ်ပါတယ်၊ ဒါကိုလုံးဝမေ့ထားလို့မရဘဲ သူတို့အတွက် ဦးစားပေးပြီး စဉ်းစားဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်” ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မီတာလေးမျိုးတွင် ကျေးလက်မီတာ၊ မြို့ငယ်များအတွက် မီတာ၊ ပုံမှန်မီတာနှင့် စက်မှုလက်မှုသုံးမီတာများအဖြစ် ခွဲခြားထားခြင်းဖြစ်သည်။ လျှပ်စစ်မီးသုံးစွဲသူများအတွက် မီတာအမျိုးအစားလေးမျိုးမှ ကြိုက်နှစ်သက်ရာ ရွေးချယ်သုံးစွဲနိုင်ပြီး ကြိုက်သလောက်သုံး ကျသလောက်ပေးစနစ်ဖြစ်ကာ လိုအပ်သလောက် ချင့်ချိန်သုံးစွဲနိုင်ပြီဖြစ်သည်။

“ဒီစနစ်က အစိုးရကနေ ပြည်သူတွေကို လျှပ်စစ်မီးသုံးစွဲမှုပိုပြီး စနစ်ကျအောင် ဆောင်ရွက်ပေးတာ၊ အတိုင်းအထွာနဲ့ သုံးတတ်လာပြီး မီးချွေတာတတ်အောင် အစိုးရကနေ ပြည်သူကို လေ့ကျင့်ပေးတဲ့စနစ်ဖြစ်တယ်၊ အရင်လို တစ်အိမ်လုံး အကြိုက်သုံးရင် သုံးသလောက် မီတာခတိုးပေးရမှာဖြစ်ပြီး လိုအပ်သလောက်ချွေတာရင် မီတာခလည်း သက်သာမယ်” ဟု မီတာလေးမျိုးနှင့် ပတ်သက်၍ လျှပ်စစ်ကျွမ်းကျင်သူတစ်ဦးက တွက်ချက်ပြသည်။



တောတောင်များကြားမှ ၂၃၀ ကေဗွီ ဘီလူးချောင်းနှင့် ရွှေမြို့ဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းထားမှုကို တွေ့ရစဉ်။

**စီအင်န်ဂျီနဲ့ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်**

စီအင်န်ဂျီထုတ်လုပ်ဖြန့်ဖြူးမှုတွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်က ၆၆၆ ဒသမ ၇၁ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၇၀၂၄ ဒသမ ၇၆ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့သည်။ ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်မှုတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၇၈၆ ဒသမ ၉၅ မက်ထရစ်တန်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၇၁၂၃ ဒသမ ၁၂ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

**လျှပ်စစ်ကဏ္ဍနှင့် အနာဂတ်မျှော်မှန်းချက်**

လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ မူဝါဒများနှင့်အညီ သုံးနှစ်အတွင်း နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ ခန့် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သည်။ ပြည်တွင်း CNG ထုတ်လုပ်မှုသည် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကျဆင်းလာနိုင်သဖြင့် ၎င်းတို့ပြန်လည် ဖြည့်ဆည်းရန် LNG တင်သွင်း၍ သင့်လျော်သောဈေးနှုန်းဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်ခွင့်ကို ၂၀၁၈ ဇန်နဝါရီအတွင်း LNG မှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီလေးခုနှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားများ သယ်ယူနိုင်ရန်အတွက်လည်း အရပ်လေးမျက်နှာ ၅၀၀ ကေဗွီ ဓာတ်အားလိုင်း ကွန်ရက်များ တိုးချဲ့၍ နိုင်ငံအဝန်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသွားရန် ရည်ရွယ်ထားကြောင်း၊ *အချပ်ပို (ဆ) သို့*



၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ရွာမ ဓာတ်အားခွဲရုံ တိုးချဲ့တည်ဆောက်ထားမှုကို တွေ့ရစဉ်။



ချင်းပြည်နယ် ဟားခါး-ဖလမ်း ဓာတ်အားလိုင်း ၂၄ ဒသမ ၅ မိုင်နှင့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဖလမ်းဓာတ်အားခွဲရုံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဓာတ်ငွေ့များ ထုတ်လုပ်နေသည့် နေရာ ၁၂ ခုရှိပြီး ယင်းတို့မှ တစ်နေ့လျှင် ပျမ်းမျှ ရေနံ ၆၄၀၀ စည်နှင့် သဘာဝဓာတ်ငွေ့ ၅၀ ကုဗပေသန်းခန့် ထုတ်လုပ်လျက်ရှိ

အချပ်ပို(စ)မှ

လျှပ်စစ်ကဏ္ဍသည် ကြီးမားသော ရင်းနှီးမြှုပ်နှံမှုဖြစ်ခြင်းကြောင့် နည်းပညာအရ၊ ငွေကြေးအရ ယုံကြည်စိတ်ချရသည့် လုပ်ငန်းများအား ရွေးချယ်ရခြင်းဖြစ်ပြီး လျှပ်စစ်ကဏ္ဍမြင့်မားမှုသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာပြီး တိုင်းပြည်၏ လူမှုစီးပွားဘဝမြင့်မားလာရန် ရည်ရွယ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

"လုံလောက်တဲ့ လျှပ်စစ်ဓာတ်အားကို နိုင်ငံတကာအဆင့်မီ ဖြန့်ဖြူးနိုင်အောင် ကြိုးပမ်းနေပါတယ်၊ ဒီလိုကြိုးပမ်းတဲ့နေရာမှာလည်း အစိုးရရော၊ လုပ်ငန်းတွေရော အားလုံးက ဝန်ဆောင်မှုကောင်းဖို့ကိုလည်း အလေးထားဆောင်ရွက်နေပါတယ်၊ အဓိကကတော့ အရည်အသွေးပိုင်းရော ဝန်ဆောင်မှုပိုင်းကိုပါ လုပ်ဆောင်ပေးသွားဖို့ ရည်ရွယ်ထားတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ကမ်းလွန်လုပ်ကွက်သစ်များဖော်ဆောင်**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကမ်းလွန်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အစိုးရလက်ထက် နှစ်နှစ်တာအတွင်း လုပ်ကွက်သစ်ခြောက်ခုနှင့် ဖွံ့ဖြိုးရေးတွင်း ၅၁ တွင်းကို ဖော်ထုတ်နိုင်ခဲ့သည်။ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆၅၂၈၀၇ ကုဗပေသန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၆၄၄၇၆၁ ကုဗပေသန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

ရတနာစီမံကိန်းသည် ၂၀၂၁ခုနှစ်တွင် ပြီးဆုံးပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းလာတော့မည်ဖြစ်ရာ ကမ်းလွန်လုပ်ကွက် A-6 မှ



ရခိုင်ပြည်နယ်အတွင်း ၆၆ ကေဗွီ အသုတ်-ဝ ဓာတ်အားလိုင်း၊ ၆၆ /၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ လျှပ်စစ်ကြိုးများ သွယ်တန်းထားမှုကို တွေ့ရစဉ်။



ပဲခူးတိုင်းဒေသကြီးအတွင်း ၂၃၀ ကေဗွီ တောင်တွင်းကြီး-ရွှေတောင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ Switch Bay တိုးချဲ့တည်ဆောက်ထားမှုကို တွေ့ရစဉ်။

သဘာဝဓာတ်ငွေ့များကို ငါးနှစ်အတွင်း အမြန်ဆုံးထုတ်ယူသုံးစွဲနိုင်ရန် စီမံလျက်ရှိပြီး ဝန်ကြီးဌာနနှင့် စီးပွားရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့တွင် ၂၀၁၆ ခုနှစ်အတွင်း ရွှေရည်ထွန်း ၁၊ ၂၀၁၇ ခုနှစ်အတွင်း ပြည်သစ်-၁နှင့် ပြည်သာယာ-၁တို့ကို တူးဖော်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရှိရသည်။

ကမ်းလွန်လုပ်ကွက် AD-7 အတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေရာ ၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် သလင်း-၁(က)၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် သလင်း-၁(ခ)၊ မေလတွင် သလင်း-၂ နှင့် ဩဂုတ်လတွင် ခရမ်းစွဲတွင်းတို့ကို တူးဖော်နိုင်ခဲ့သည်။ ဆက်လက်ပြီး သဘာဝဓာတ်ငွေ့ ခိုအောင်းတည်ရှိမှုများ တွေ့ရှိရသဖြင့် ထပ်မံတူးဖော်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

**ကုန်းတွင်းလုပ်ကွက်များ တိုးချဲ့**

"ကုန်းတွင်းလုပ်ကွက်တွေဆိုရင် လုပ်ကွက်အသစ်လေးခုနဲ့ ဖွံ့ဖြိုးရေးတွင်း ၄၈ တွင်းကို နှစ်နှစ်တာအတွင်းမှာ ဖော်ဆောင်နိုင်ခဲ့တယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဓာတ်ငွေ့များ ထုတ်လုပ်နေသည့် နေရာ ၁၂ ခု ရှိပြီး ယင်းတို့မှ တစ်နေ့လျှင် ပျမ်းမျှရေနံ ၆၄၀၀ စည်နှင့် သဘာဝဓာတ်ငွေ့ ၅၀ ကုဗပေသန်းခန့် ထုတ်လုပ်လျက်ရှိသည်။ ရှာဖွေရေးတွင်းများ တူးဖော်ရန် ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းများကို မြိုင်ဒေသ၊ ဘိုကလေးနှင့် လပွတ္တာဒေသများတွင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြိုင်ဒေသတွင် ရှာဖွေရေး တွင်းသစ်တစ်တွင်း တူးဖော်မည်ဖြစ်ကြောင်း သိရှိရပြီး အဓိကအားဖြင့် ပုံတောင်နှင့် တဗျင်းကျောက်စဉ်စုသဲကြောများမှ သဘာဝဓာတ်ငွေ့များ ထုတ်ယူရန် ရည်ရွယ်ထားသည်။ ထိုနေရာများမှ သဘာဝဓာတ်ငွေ့ ကုဗပေသန်းသုံးသန်းမှ ငါးသန်းအထိ ထွက်ရှိမည်ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ခန့်မှန်းထားသည်။

အချပ်ပို(ဇ)သို့



ရှမ်းပြည်နယ် မိုင်းနောင်-ကျေးသီးဓာတ်အားလိုင်း ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကျေးသီးဓာတ်အားခွဲရုံကို တွေ့ရစဉ်။



ကယားပြည်နယ်အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ တပ်ဆင်ထားမှုကို တွေ့ရစဉ်။



မြစ်သာရှိ ၄၀ မဂ္ဂါဝပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ထားမှုကို တွေ့ရစဉ်။



ရေနံနှင့် သဘာဝဓာတ်ငွေ့ကမ်းလွန်တူးဖော်ရေး ရွှေစီမံကိန်းမှ သဘာဝဓာတ်ငွေ့များ တူးဖော်နေမှုကို တွေ့ရစဉ်။



ရေနံနှင့် သဘာဝဓာတ်ငွေ့ကမ်းလွန်တူးဖော်ရေး ရတနာစီမံကိန်းမှ သဘာဝဓာတ်ငွေ့များ တူးဖော်နေမှုကို တွေ့ရစဉ်။

> “မြန်မာပြည်မှာရှိတဲ့ လျှပ်စစ်နဲ့ ပတ်သက်တဲ့ ကြာရှည်စွာ ခံစားနေကြရတဲ့ ဒုက္ခတွေကို သုံးနှစ်အတွင်း ဖြေရှင်းပေးမယ့် အစိုးရရဲ့မူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်ပါမယ်၊ ဒါကလည်း ပြည်သူလူထုတွေ အခုအချိန်မှာ ကြုံတွေ့နေရတဲ့ လျှပ်စစ်မီးရလိုက်၊ ပြတ်လိုက်၊ ရတဲ့အခါလည်း ဓာတ်အားမပြည့်ဝစတဲ့ အဆင်မပြေမှုတွေ၊ ဒုက္ခတွေကို အမြန်ဆုံး ကျော်လွှားနိုင်ဖို့ ကြိုးပမ်းနေခြင်းဖြစ်”

*အချပ်ပို(ဆ)မှ*

“၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှာ ဖွံ့ဖြိုးရေးတွင်း ၁၇ တွင်း တူးဖော်နိုင်ဖို့ လျာထားပါတယ်၊ ပုထိုးလုံဒေသ၊ ကျောက်ခွက်ရေနံမြေ၊ လက်ပံတိုရေနံမြေ၊ ထောက်ရှာပင်ရေနံမြေ၊ မြန်အောင်ရေနံမြေနဲ့ မအူပင် သဘာဝဓာတ်ငွေ့မြေတွေအတွင်းမှာ ဖြစ်ပါတယ်၊ ဖွံ့ဖြိုးရေးတွင်းသစ်တွေကနေလည်း တစ်နေ့ကို ရေနံ ၂၈၀ စည်ကနေ ၅၇၀ စည်နဲ့ သဘာဝဓာတ်ငွေ့ ၁၅ သန်းကနေ ၂၂ သန်း တိုးတက်ထုတ်လုပ်နိုင်မယ်လို့ ခန့်မှန်းထားတယ်” ဟု ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

**နိုင်ငံခြားရေနံကုမ္ပဏီများနှင့်ပူးပေါင်း**

နိုင်ငံခြားရေနံကုမ္ပဏီများနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ ပူးပေါင်းမှုဖြင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်အတွင်း ရေနံချောင်းနှင့် ချောက်ရေနံမြေတို့တွင် တွင်းသစ် ၁၅ တွင်းကို လည်းကောင်း၊ သဲကြောများအား ရေသွင်းကာ ရေနံပိုမိုထုတ်လုပ်ရေးစီမံကိန်းကို လည်းကောင်း၊ မန်းရေနံမြေတွင် တွင်းသစ်တစ်တွင်းကို လည်းကောင်း၊ Greenzyme Treatment ငါးတွင်းကို လည်းကောင်း၊ ရွှေပြည်သာရေနံမြေတွင် ရေနံတွင်းသစ် နှစ်တွင်းကိုလည်းကောင်း တူးဖော်ရန် လျာထားဆောင်ရွက်လျက်ရှိသည်။

**မြန်မာနှစ်သစ်နဲ့ အပြောင်းအလဲတစ်ရပ်**

“ဒီနှစ်ဟာ ကျွန်တော်တို့အတွက် တကယ့်ပြောင်းလဲမှုတစ်ရပ်ကို ဖော်ဆောင်နိုင်မယ့် ကာလဖြစ်ပါတယ်၊ မြန်မာနိုင်ငံဟာ လက်ရှိမှာ ၃၀၀၀ မဂ္ဂါဝပ်ထုတ်လုပ်တဲ့ တိုင်းပြည်အဖြစ်ကနေ နောက်လာမယ့်သုံးနှစ်အတွင်းမှာ နောက်ထပ် ၃၀၀၀ မဂ္ဂါဝပ် ထပ်ဆောင်းပြီး လျှပ်စစ်ဓာတ်အားကို ထုတ်ပေးဖို့ ရည်ရွယ်ထားပါတယ်၊ အဲဒီလို ထုတ်ပေးပြီးတော့ Supply Side မှာ နိုင်နင်းသွားပြီဆိုရင် ပထမဆုံးအကြိမ် ကိုယ့်နိုင်ငံကို လျှပ်စစ်ဓာတ်အားအပိုအလျှံနဲ့ အရန်လျှပ်စစ်ဓာတ်အားတွေ ရရှိတဲ့ အချိန်တစ်ခုရောက်အောင် ကျွန်တော်တို့ ကြိုးပမ်းသွားမယ်၊ မြန်မာပြည်မှာရှိတဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ ကြာရှည်စွာ ခံစားနေကြရတဲ့ ဒုက္ခတွေကို သုံးနှစ်အတွင်း ဖြေရှင်းပေးမယ့် အစိုးရရဲ့ မူဝါဒကို အပြည့်အဝ အကောင်အထည်ဖော်ပါမယ်၊ ဒါကလည်း ပြည်သူလူထုတွေ အခုအချိန်မှာ ကြုံတွေ့နေရတဲ့ လျှပ်စစ်မီးရလိုက်၊ ပြတ်လိုက်၊ ရတဲ့အခါလည်း ဓာတ်အားမပြည့်ဝစတဲ့ အဆင်မပြေမှုတွေ၊ ဒုက္ခတွေကို အမြန်ဆုံးကျော်လွှားနိုင်ဖို့ ကြိုးပမ်းနေခြင်းဖြစ်ပါတယ်၊ နောက်ပိုင်းမှာ လျှပ်စစ်နဲ့ ပတ်သက်ပြီး ဒုက္ခတွေကို သုခအဖြစ်ပြောင်းအောင် ဆောင်ရွက်ဖို့ ကြိုးပမ်းနေသလို စွမ်းအင်ကဏ္ဍမှာလည်း နိုင်ငံခြားဝင်ငွေ တိုးပွားခြင်း၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်တင်းခြင်းတို့တွေ ဆက်တိုက်ပြုလုပ်သွားမယ်”ဟု ပြည်ထောင်စုဝန်ကြီးက အနာဂတ် စီမံကိန်းများအကြောင်းကို ပြောကြားခဲ့ပါသည်။



သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အစားထိုးလဲလှယ်နိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ထမ်းများ လုပ်ဆောင်နေမှုကို တွေ့ရစဉ်။